# ကြေးမုံ

The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။ Established in 1957


**စည်းစိမ်ဥစ္စာ သတင်းကျော်စော**

လုံ့လလည်းရှိ၊ သတိလည်းရှိ၊ အပြစ်ကင်းသော အလုပ်ကိုလည်း ပြုလုပ်တတ်၊ အမှုကိစ္စဟူသမျှကို ပညာဖြင့် ဆင်ခြင်၍ ပြုလုပ်လေ့လည်းရှိ၊ ကိုယ်-နှုတ်-စိတ် သုံးပါးကိုလည်း စောင့်စည်းလေ့ရှိ၊ တရားသဖြင့် အသက်မွေးလေ့လည်းရှိ၍ မမေ့မလျော့သောသူမှာ စည်းစိမ်ဥစ္စာအရာအထူး ကျေးဇူးသတင်းကျော်စောခြင်း အလွန်တိုးပွားလေ၏။ **အပ္ပမာဒဝဂ်(ဓမ္မပဒ-၂၄)**


၁၃၈၅ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၃ ရက်၊ ကြာသပတေးနေ့။ Thursday, 30 November 2023 ၁၁၂၉၅


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပ နိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာ အောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ် လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝ မြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်း ငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ် ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက် ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှု ရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံ ဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစည်းအဝေး (၆/၂၀၂၃)တွင် အမှာစကားပြောကြားစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစည်းအဝေး (၆/၂၀၂၃)သို့ တက်ရောက်အမှာစကားပြောကြား

## တပ်မတော်အနေဖြင့် ပါတီစုံဒီမိုကရေစီကို လိုလားသည့် ပြည်သူလူထုနှင့် တစ်သားတည်းရှိ

နေပြည်တော် နိုဝင်ဘာ ၂၉

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစည်းအဝေး(၆/၂၀၂၃)ကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယ ဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး အောင်လင်းဒွေး၊ တွဲဖက်အတွင်းရေးမှူး ဒုတိယ ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ကောင်စီအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။


စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆


**ယနေ့ ဖတ်စရာ**


လေးစားတန်ဖိုးထားရမည့် မတူကွဲပြားမှု

ဆောင်းပါး စာမျက်နှာ » ၆

ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ စီမံကိန်း ငါးခုအတွက် ADB က ကန်ဒေါ်လာ တစ်ဘီလီယံကျော် ချေးငွေထုတ်ချေးမည်

စာမျက်နှာ » ၁၃

ကလေးသူငယ်အခွင့်အရေးများ ဆိုင်ရာ အမျိုးသားကော်မတီ အစည်းအဝေး (၁/၂၀၂၃)နှင့် သတ္တမအကြိမ်မြောက် မြန်မာနိုင်ငံ သက်ကြီးရွယ်အိုများ ဆိုင်ရာ အစည်းအဝေး ကျင်းပ

စာမျက်နှာ » ၉

တရုတ်ပြည်သူ့လွတ်မြောက်ရေး တပ်မတော်(ရေ)မှ စစ်ရေယာဉ်များသို့ သွားရောက်လေ့လာ၊ နှစ်နိုင်ငံချစ်ကြည်ရေး အားကစားပြိုင်ပွဲ ပြုလုပ်

စာမျက်နှာ » ၁၂

မြိတ်ကုန်သွယ်ရေးစခန်း၏ ကုန်သွယ်မှု အခြေအနေ

စာမျက်နှာ » ၁၈

ကြေးမုံ

# စွမ်းဆောင်ရည်မြင့်မား အရန်အင်အား

စင်ကာပူနိုင်ငံ မြို့ပြကာကွယ်ရေးတပ်ဖွဲ့က နိုဝင်ဘာလ ၂၀ ရက်နေ့မှ ၂၅ ရက်နေ့အထိ နိုင်ငံတကာအဆင့် မီးသတ်စွမ်းရည်ပြိုင်ပွဲ ကျင်းပပြုလုပ်ခဲ့သည်။ ပြိုင်ပွဲတွင် အိမ်ရှင်နိုင်ငံအပါအဝင် ဘရူနိုင်း၊ မလေးရှား၊ အင်ဒိုနီးရှား၊ ထိုင်း၊ ဖိလစ်ပိုင်၊ တရုတ်-ဟောင်ကောင်၊ မြန်မာ၊ သြစတြေးလျ၊ မကာအို၊ လူဇင်ဘတ်၊ ဗီယက်နမ်၊ အီကွေဒေါနှင့် ယူကေနိုင်ငံ ၁၃ နိုင်ငံမှ မီးသတ်တပ်ဖွဲ့အသင်း ၁၆ သင်း ပါဝင်ယှဉ်ပြိုင်ကြပြီး ပြိုင်ပွဲများတွင် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့က နိုင်ငံပေါင်းစုံအဖွဲ့လိုက် အသက်ကယ်စွမ်းရည်ပြိုင်ပွဲ၌ ပထမချန်ပီယံဆုနှင့် တစ်ဦးချင်းစွမ်းရည်ပြိုင်ပွဲ၌ တတိယဆုရရှိခဲ့ပြီး နိုင်ငံ့ဂုဏ်ကို မြှင့်တင်ပေးနိုင်ခဲ့သည်။

မီးသတ်တပ်ဖွဲ့တစ်ဦးချင်းစွမ်းရည်ပြိုင်ပွဲ၌ နိုင်ငံတကာမီးသတ်တပ်ဖွဲ့ဝင် ၂၆ ဦးယှဉ်ပြိုင်ကြရာ နောက်ဆုံးဆန်ခါတင်ပြိုင်ပွဲတွင် သြစတြေးလျ၊ စင်ကာပူ၊ မလေးရှားနှင့် မြန်မာနိုင်ငံမှ တပ်ဖွဲ့ဝင်လေးဦး ယှဉ်ပြိုင်ကြရာ မြန်မာနိုင်ငံမှ တစ်ဦးချင်းစွမ်းရည် တတိယဆုရရှိခဲ့သည်။ နိုင်ငံပေါင်း ၁၃ နိုင်ငံမှ အသက်ကယ်စွမ်းရည်ပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ မီးသတ်တပ်ဖွဲ့ဝင် သုံးဦးပါဝင်သော နိုင်ငံတကာမီးသတ်တပ်ဖွဲ့က ပထမဆွတ်ခူးရရှိခဲ့သည်။ ယခုပြိုင်ပွဲသည် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့အနေဖြင့် မီးသတ်တပ်ဖွဲ့ ၇၇ နှစ်တာကာလအတွင်း ပြည်ပသို့ ပထမဆုံးအကြိမ်အဖြစ် သွားရောက်ယှဉ်ပြိုင်ခြင်းဖြစ်ပြီး ပထမဦးဆုံးပွဲတွင် အောင်မြင်မှုရသဖြင့် နိုင်ငံအတွက် ဂုဏ်ယူဖွယ်ရာဖြစ်သည်။

မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့အနေဖြင့် ပြည်ပနိုင်ငံ ဖိတ်ခေါ်ပြိုင်ပွဲများသို့ ပါဝင်ယှဉ်ပြိုင်ခြင်းဖြင့် မီးဘေးနှင့် သဘာဝဘေးအန္တရာယ်အပါအဝင် အခြားအန္တရာယ်များတွင် မီးငြိမ်းသတ်ရေးနှင့် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် နိုင်ငံတကာမှ မီးသတ်တပ်ဖွဲ့ဝင်များနှင့် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဝင်များအကြား အသိပညာဗဟုသုတများနှင့် ကျွမ်းကျင်မှုစွမ်းရည်များ ဖလှယ်နိုင်ခြင်း၊ ဖွံ့ဖြိုးပြီးနိုင်ငံများတွင် အသုံးပြုလျက်ရှိသော မီးငြိမ်းသတ်ရေးနှင့် ရှာဖွေကယ်ဆယ်ရေးဆိုင်ရာ လုပ်ငန်းသုံးခေတ်မီပစ္စည်းကိရိယာများကို လေ့လာနိုင်ခြင်း၊ ဒေသတွင်းမီးဘေးလုံခြုံရေးနှင့် ရှာဖွေကယ်ဆယ်ရေးအဖွဲ့များအကြား ပူးပေါင်းဆောင်ရွက်မှု ပိုမိုတိုးတက်ခိုင်မာလာစေခြင်း စသည့်အကျိုးကျေးဇူးများ ရရှိစေမည့်အပြင် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဝင်များ၏ စွမ်းဆောင်ရည်မြှင့်တင်ရေးတွင်လည်း အထောက်အကူပြုမည်ဖြစ်သည်။

မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့သည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်များ၊ နိုင်ငံတော်ပိုင်အဆောက်အအုံများ၊ နိုင်ငံအတွင်းရှိ ထုတ်ကုန်အရင်းအနှီးများကို မီးဘေးအန္တရာယ်မှ တားဆီးကာကွယ်ရေးလုပ်ငန်းစဉ်များအပြင် ရုတ်တရက်ဖြစ်ပေါ်လာသော သဘာဝဘေးအန္တရာယ်အမျိုးမျိုးအပါအဝင် အခြားသောဘေးအန္တရာယ်များ ကျရောက်လာသည့်အခါ အရေးပေါ်ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများကို ဆောင်ရွက်ရန် ရည်ရွယ်ဖွဲ့စည်းထားသည်။ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့သည် မီးဘေးလုံခြုံရေး၊ သဘာဝဘေးအန္တရာယ် ကာကွယ်ရေး၊ ရှာဖွေကယ်ဆယ်ရေးနှင့် ပြည်သူ့အကျိုးပြုလုပ်ငန်းများဆောင်ရွက်ရေး ရည်မှန်းချက်တာဝန်လေးရပ်ကိုလည်း ကျေပွန်စွာထမ်းရွက်လျက်ရှိသည်။

မီးသတ်စွမ်းရည်၊ ရှာဖွေကယ်ဆယ်ရေးစွမ်းရည်၊ အုပ်ချုပ်မှုစွမ်းရည်နှင့် စည်းရုံးရေးစွမ်းရည် စွမ်းရည်လေးရပ်ထက်မြက်စေရေး၊ မီးသတ်စက်၊ ယာဉ်နှင့် ပစ္စည်းကိရိယာများ မွမ်းမံရေး၊ ကြံ့ခိုင်ရေး၊ အသင့်ရှိရေးလုပ်ငန်းများနှင့် ရှာဖွေကယ်ဆယ်ရေးသုံး စက်၊ ယာဉ်၊ ပစ္စည်းကိရိယာများအသင့်ဖြစ်နေစေရေး၊ ပြည်သူလူထုအား မီးဘေးလုံခြုံရေးအသိပညာပေးလုပ်ငန်းများ ထိရောက်စွာဆောင်ရွက်ရေးတို့ကို စနစ်တကျဆောင်ရွက်လျက်ရှိသည်။ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့အနေဖြင့် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ပြည်သူလူထုအသက်အိုးအိမ်စည်းစိမ်တို့ကို လွှမ်းခြုံဆောင်ရွက်ရာ၌ လိုအပ်ချက်များရှိရာ ယခုအခါ စေတနာ့ဝန်ထမ်းမီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ တိုးချဲ့ဖွဲ့စည်းထားသဖြင့် မြို့ရွာများအတွင်း ဘေးအန္တရာယ်ကျရောက်လာတိုင်း ရှေ့တန်းမှ မားမားမတ်မတ်ရပ်တည်ဆောင်ရွက်နိုင်ကြသည်ကို ဝမ်းမြောက်ဖွယ်တွေ့ရသည်။

မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့သည် နိုင်ငံတကာနှင့် ရင်ပေါင်တန်းလိုက်မီနိုင်ရန်အတွက် မီးသတ်စွမ်းရည်၊ ပညာရပ်၊ ရှာဖွေကယ်ဆယ်ရေးဆိုင်ရာ နည်းစဉ်များကို အစဉ်အမြဲလေ့လာဖော်ထုတ်၍ တပ်ဖွဲ့ဝင်များအား လေ့ကျင့်သင်တန်းပေးခြင်းကို ဆောင်ရွက်လျက်ရှိသည့်အပြင် အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် သီးသန့်မီးသတ်တပ်ဖွဲ့ဝင်များ တိုးချဲ့ဖွဲ့စည်းရေးနှင့် လေ့ကျင့်သင်တန်းပေးရေးကိုလည်း ဆောင်ရွက်လျက်ရှိသည်။ မီးသတ်တပ်ဖွဲ့ဥပဒေ၊ နည်းဥပဒေပါပြဋ္ဌာန်းချက်များအရ မီးဘေးလုံခြုံရေးဆိုင်ရာ စစ်ဆေးအကြံပြုချက်များကို နိုင်ငံတော်ပိုင်၊ ပုဂ္ဂလိကပိုင်၊ ဌာနဆိုင်ရာလုပ်ငန်းအဖွဲ့အစည်းများအား ဆောင်ရွက်ပေးလျက်ရှိသည်။ ထို့အပြင် မြို့ရွာများအတွင်း ပြည်သူ့အကျိုးပြုလုပ်ငန်းများ၌လည်း ပါဝင်ဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ရာ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့သည် သဘာဝဘေးအန္တရာယ်အမျိုးမျိုးကြောင့် ပြည်သူတို့၏ အသက်အိုးအိမ်စည်းစိမ်တို့ကို ကာကွယ်စောင့်ရှောက်ပေးနိုင်ရန်အတွက် အရည်အသွေး၊ အရည်အချင်းနှင့်စွမ်းဆောင်ရည်များ မြင့်မားအောင် ဆောင်ရွက်လျက်ရှိရာ မြန်မာနိုင်ငံရှိ မီးသတ်တပ်ဖွဲ့ဝင်များအားလုံး နိုင်ငံတော်၏ အရန်အင်အားအဖြစ် အစဉ်အမြဲရပ်တည်နိုင်အောင် လေ့ကျင့်ပျိုးထောင် မြှင့်တင်ပေးရမည်ဖြစ်ပါကြောင်း။ ။

## ၂၀၂၃ ခုနှစ်၊ (၁၀၃) နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ ဆောင်ပုဒ်

ပြည်ထောင်စုငြိမ်းချမ်းရေးမှသည် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးဆီသို့။

၁၃၈၅ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် (၁၀) ရက်

(၇-၁၂-၂၀၂၃)

## ၂၀၂၃ ခုနှစ်၊ (၁၀၃) နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ ဦးတည်ချက်များ

★ တိုင်းရင်းသားအားလုံး၏ ညီညွတ်သော စုပေါင်းအင်အားဖြင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။
★ လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ် အကောင်အထည်ဖော်ဆောင်ရေး။
★ ဗလငါးတန်နှင့် ပြည့်စုံသည့် မျိုးချစ်စိတ်ရှိသော လူငယ်များ ပြုစုပျိုးထောင်ရေး။
★ စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ရေး။

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ခန့်ထားခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်သွင်ဦး ကို ပြည်ထောင်စုဝန်ကြီးရုံးညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။



ဧရာဝတီတိုင်းဒေသကြီး ရေကြည်မြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ပြည်ထောင်စုငွေလုံးငွေရင်းရန်ပုံငွေဖြင့် ဆီဆုံကုန်း-ကြို့ကုန်း-လှေဆွဲရိုး-မဲဇလီကုန်းလမ်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများကို နိုဝင်ဘာ ၂၈ ရက်က ပုသိမ်ခရိုင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ) ဦးကျော်သူမင်း ကွင်းဆင်းစစ်ဆေးစဉ်။ မြို့နယ် (ပြန်/ဆက်)

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၂၉ - ၁၁ -၂၀၂၃

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၇၀၀ | ၈,၈၀၀ | ၅ | ၄၃,၈၀၀ |
| MTSH | ၂,၉၅၀ | ၂,၉၅၀ | ၁၃၄ | ၃၈၉,၉၀၀ |
| MCB | ၇,၀၀၀ | ၇,၀၀၀ | ၀ | ၀ |
| FPB | ၁,၆၀၀ | ၁,၆၀၀ | ၄၆၈ | ၇၄၈,၈၀၀ |
| TMH | ၂,၄၅၀ | ၂,၄၅၀ | ၀ | ၀ |
| EFR | ၂,၀၀၀ | ၂,၀၀၀ | ၂၀၀ | ၄၀၀,၀၀၀ |
| AMATA | ၄,၉၀၀ | ၄,၉၀၀ | ၂၂ | ၁၀၇,၈၀၀ |
| MAEX | ၁,၇၀၀ | ၁,၆၅၀ | ၁,၂၁၀ | ၂,၀၀၆,၅၅၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန် - ဦးနိုင်လင်းကြည်၊
စာတည်းများ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခိုင်သန္တာရွှေနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဦးကျော်သူရနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

☆ ရှေ့ဖုံးမှ

## တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၏ နောက်ခံအကြောင်းအရင်းများနှင့် အပစ်အခတ်ရပ်စဲရေးကို အခွင့်အရေးယူ၍ အင်အားတိုးချဲ့စုဆောင်းခြင်းများ ပြုလုပ်လာမှု

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် တိုင်းရင်းသားလက်နက်ကိုင်များနှင့်ပတ်သက်၍ ပြောကြားရာ၌ KIA အဖွဲ့အနေဖြင့် ၁၉၉၄ ခုနှစ် ဖေဖော်ဝါရီလ ၂၄ ရက်နေ့တွင် အပစ်အခတ်ရပ်စဲရေးစာချုပ်ကို လက်မှတ်ရေးထိုးခဲ့ကြောင်း၊ အဆိုပါ သဘောတူစာချုပ်တွင် တပ်မဟာ လေးခုနှင့်အခြေပြုစခန်း ၉၄ ခုကို သတ်မှတ်ပေးခဲ့ကြောင်း၊ သို့သော် ၎င်းတို့အနေဖြင့် နောက်ပိုင်းတွင် ငြိမ်းချမ်းရေးကို အကြောင်းပြု၍ မူးယစ်ဆေးဝါးများရောင်းဝယ်ခြင်း၊ မြေပေါ်မြေအောက် သယံဇာတပစ္စည်းများအား တစ်ဖက်နိုင်ငံသို့ တရားမဝင်ပို့ဆောင်ခြင်းများ ပြုလုပ်၍ အင်အားတိုးချဲ့ခြင်းများ ပြုလုပ်ခဲ့ကြောင်း၊ ထို့အပြင် လိုင်ဇာ၊ လိုင်စင်ပို့(စ်)တို့၌လည်း လက်နက်ခဲယမ်းစက်ရုံများ တည်ဆောက်ခြင်းနှင့် လူအင်အားတိုးချဲ့ခြင်းများ ဆောင်ရွက်ခဲ့သည်ကို တွေ့ရှိရကြောင်း။

၂၀၂၁ ခုနှစ်တွင် ဖြစ်ပေါ်လာသည့် နိုင်ငံရေးအခြေအနေအရ စစ်ကိုင်းတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့မှ အစွန်းရောက်သည့် လူငယ်များကို KIA စခန်းများ၌ စစ်ရေးလေ့ကျင့်ပေးခြင်းများကို ဆောင်ရွက်ခြင်း၊ တပ်များဖွဲ့စည်းပေးခြင်းနှင့် လက်နက်ခဲယမ်းများ တပ်ဆင်ပေးခြင်းများကို အသစ်ဖွဲ့စည်းသည့် KIA တပ်မဟာ(၈)က အဓိကဆောင်ရွက်ခဲ့ကြောင်း၊ KIA အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများ ပူးပေါင်း၍ စစ်ကိုင်းတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့တွင် ယခုအချိန်အထိ အကြမ်းဖက်လုပ်ရပ်များကို လုပ်ဆောင်လျက်ရှိကြောင်း၊ ရှမ်းပြည်နယ်မြောက်ပိုင်း ကိုးကန့်ဒေသတွင် တပ်မတော်နှင့် MNDAA ပူးပေါင်းအဖွဲ့များ တိုက်ပွဲဖြစ်ပွားနေချိန်၌ KIA အဖွဲ့အနေဖြင့် ကချင်ပြည်နယ်အတွင်းရှိ တပ်မတော်စခန်းငယ်တစ်ခုကို တိုက်ခိုက်ခဲ့ခြင်းကြောင့် တပ်မတော်အနေဖြင့် လက်တုံ့ပြန်တိုက်ခိုက်မှုများ ဆောင်ရွက်ခဲ့ရကြောင်း။

စစ်ကိုင်းတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးအတွင်း၌ အကြမ်းဖက်လုပ်ရပ်များ ဆောင်ရွက်ရာတွင် KIA နှင့် PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူများသာမက AA အဖွဲ့များပါ ပူးပေါင်း၍ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ထီးချိုင့်၊ ကန့်ဘလူ၊ ကောလင်း၊ တမူး၊ ခမ်းပတ်မြို့များကို ဝင်ရောက်ပစ်ခတ်တိုက်ခိုက်မှုများ လုပ်ဆောင်ခဲ့သကဲ့သို့ ချင်းပြည်နယ်အတွင်းရှိ ဟားခါး၊ လိုင်လင်းပီမြို့များကိုလည်း ပစ်ခတ်တိုက်ခိုက်မှုများလုပ်ဆောင်ခဲ့သည်ကိုတွေ့ရကြောင်း၊ အဆိုပါဒေသမှ ပြည်သူ့စစ်တပ်ဖွဲ့ဝင်များအနေဖြင့် တပ်မတော်နှင့်လက်တွဲ၍ ပူးပေါင်းတိုက်ခိုက်မှုများကို ဆောင်ရွက်ခဲ့သကဲ့သို့ ဒေသခံပြည်သူများအနေဖြင့်လည်း အကြမ်းဖက်အဖွဲ့များ၏ သတင်းများကို တပ်မတော်သို့ပေးပို့ခြင်းကြောင့် ထိထိရောက်ရောက်ဆောင်ရွက်နိုင်ခဲ့သည်ကို တွေ့ရကြောင်း။

အလားတူ UWSA အဖွဲ့နှင့်ပတ်သက်၍ ၁၉၈၉ ခုနှစ်တွင် ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်၍ ငြိမ်းချမ်းရေးယူခဲ့ပြီး နိုင်ငံတော်အနေဖြင့် “ဝ” ဒေသကို အထူးဒေသ(၂)အဖြစ် သတ်မှတ်ပေးခဲ့ကြောင်း၊ ရိက္ခာဖူလုံမှုမရှိသဖြင့် အဆိုပါ “ဝ” ဒေသအတွက် လိုအပ်သည့်ဆန်များကိုလည်း စဉ်ဆက်မပြတ်ထောက်ပံ့ပေးပို့ခဲ့ကြောင်း၊ UWSA အဖွဲ့အနေဖြင့် ငြိမ်းချမ်းရေးယူခဲ့သည်မှာ နှစ်ပေါင်း ၃၀ ကျော်ရှိပြီဖြစ်ကြောင်း၊ “ဝ” ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်မှ အထူးကိစ္စရပ်အနေဖြင့် ဆောင်ရွက်ပေးခဲ့ကြောင်း၊ သို့သော်လွန်ခဲ့သည့် ၁၀ စုနှစ်မှစ၍ “ဝ” ဒေသသည် သိသိသာသာ ဖွံ့ဖြိုးတိုးတက်လာခဲ့ကြောင်း၊ ခေတ်မီမြို့ပြအဆင့်သို့ပင် ရောက်ရှိခဲ့သည်ကို တွေ့ရှိရကြောင်း၊ ထိုသို့တိုးတက်လာမှုနှင့်အတူ ကိုယ်ပိုင်လက်နက်ထုတ်လုပ်မှုများကို တွင်တွင်ကျယ်ကျယ် လုပ်ဆောင်လာသည်ကိုတွေ့ရကြောင်း၊ တပ်မတော်နှင့် တိုက်ပွဲများ ဖြစ်ပွားခြင်းမရှိခဲ့ကြောင်း။

❖ ၂၀၂၁ ခုနှစ်တွင် ဖြစ်ပေါ်လာသည့် နိုင်ငံရေးအခြေအနေအရ စစ်ကိုင်းတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့မှ အစွန်းရောက်သည့် လူငယ်များကို KIA စခန်းများ၌ စစ်ရေးလေ့ကျင့်ပေးခြင်းများကို ဆောင်ရွက်ခြင်း၊ တပ်များဖွဲ့စည်းပေးခြင်းနှင့် လက်နက်ခဲယမ်းများ တပ်ဆင်ပေးခြင်းများကို အသစ်ဖွဲ့စည်းသည့် KIA တပ်မဟာ (၈)က အဓိကဆောင်ရွက်ခဲ့

❖ KIA အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများ ပူးပေါင်း၍ စစ်ကိုင်းတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့တွင် ယခုအချိန်အထိ အကြမ်းဖက်လုပ်ရပ်များကို လုပ်ဆောင်လျက်ရှိ

❖ ရှမ်းပြည်နယ်မြောက်ပိုင်း ကိုးကန့်ဒေသတွင် တပ်မတော်နှင့် MNDAA ပူးပေါင်းအဖွဲ့များ တိုက်ပွဲဖြစ်ပွားနေချိန်၌ KIA အဖွဲ့အနေဖြင့် ကချင်ပြည်နယ်အတွင်းရှိ တပ်မတော်စခန်းငယ်တစ်ခုကို တိုက်ခိုက်ခဲ့ခြင်းကြောင့် တပ်မတော်အနေဖြင့် လက်တုံ့ပြန်တိုက်ခိုက်မှုများ ဆောင်ရွက်ခဲ့ရ

၂၀၀၉ ခုနှစ် လောက်ကိုင်အရေးအခင်းဖြစ်ပွားချိန်တွင် ဖုန်ကြားရှင်နှင့် နောက်လိုက်အဖွဲ့များအနေဖြင့် ၎င်း၏သမက်ရှိရာ မိုင်းလားဒေသသို့ထွက်ပြေးတိမ်းရှောင်ခဲ့ပြီး အချို့မှာ တစ်ဖက်နိုင်ငံနှင့် အခြားဒေသများသို့ တိမ်းရှောင်ခဲ့ကြကြောင်း၊ လက်ရှိတွင် ဖုန်ကြားရှင်၏သား ဖုန်တာရှင် ဦးစီးသည့်အဖွဲ့သည် MNDAA လက်ကျန်အဖွဲ့နှင့် ကိုးကန့်များကိုစည်းရုံး၍ အထူးဒေသအဖြစ် ပြန်လည်အသက်သွင်းရန် ကြိုးပမ်းခဲ့ကြောင်း၊ ပြီးခဲ့သည့်လအတွင်း ရှမ်းပြည်နယ်မြောက်ပိုင်း၊ ကိုးကန့်ဒေသအတွင်းရှိ တပ်မတော်လုံခြုံရေးစခန်းများကို တိုက်ခိုက်ရာတွင် TNLA၊ KIA၊ AA အဖွဲ့တို့အပြင် စုစည်းထားသည့် အခြားတပ်ဖွဲ့များမှ ကိုးကန့်များ၊ ပြည်ပမှ Drone ပညာရှင်များ စုစုပေါင်းအင်အား ၆၅၀၀ ခန့် ပါဝင်ခဲ့သည်ကိုတွေ့ရှိရကြောင်း၊ ဖုန်တာရှင် ဦးစီးသည့်အဖွဲ့သည် ၂၀၁၅ ခုနှစ်ကလည်း တပ်မတော်လုံခြုံရေးစခန်းများကို တိုက်ခိုက်ခဲ့ကြောင်း၊ အလားတူ ၂၀၁၆ ခုနှစ်တွင်လည်း မုန်းကိုး၊ ဖောင်းဆိုင်၊ ကြူကုတ်၊ ၁၀၅ မိုင်ကုန်သွယ်ရေးစခန်းကို တိုက်ခိုက်ခဲ့ကြောင်း၊ ထို့အတူ ၂၀၁၇ ခုနှစ်တွင် ရန်လုံကျိုင်းဂိတ်ကို ဝင်ရောက်တိုက်ခိုက်ခဲ့ကြောင်း၊ ၎င်းတို့အနေဖြင့် အာဏာပြန်လည်ရရှိရေး ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ ၎င်းတို့နှင့်လက်တွဲဆောင်ရွက်နေသည့် TNLA အဖွဲ့အနေဖြင့်လည်း မန္တလေး-လားရှိုး-သိန္နီလမ်းကြောင်းပေါ်ရှိ နောင်ချို၊ သိန္နီမြို့များကို တိုက်ခိုက်ခဲ့သကဲ့သို့ လားရှိုးမြို့ကိုလည်း နှောင့်ယှက်ပစ်ခတ်ခဲ့ကြောင်း၊ အဓိကအားဖြင့် Drone ကြီးများသုံး၍ Drop Bomb များဖြင့် တိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်း၊ ယခုအခါတွင်လည်း နယ်စပ်ဒေသကုန်သွယ်ရေးအတွက် အဓိကနေရာဖြစ်သည့် မူဆယ်ကိုလည်း လာရောက်တိုက်ခိုက်လျက်ရှိသည်ကို အသိပေးပြောကြားလိုကြောင်း၊ TNLA အဖွဲ့အနေဖြင့် မန္တလေး-လားရှိုးလမ်းကြောင်းကို ဖြတ်တောက်တိုက်ခိုက်နေခြင်းဖြစ်ပြီး အဓိကအားဖြင့် လားရှိုး - မူဆယ် - ချင်းရွှေဟော် ဆက်သွယ်သည့် လမ်းကြောင်းပေါ်မှ အဓိကကျသည့် သိန္နီမြို့မှ ပိတ်ဆို့တိုက်ခိုက်ခဲ့သည်ကို တွေ့ရကြောင်း၊ အလားတူ MNDAA တိုက်ခိုက်သည့် ဖြစ်စဉ်များတွင် TNLA အဖွဲ့အနေဖြင့် ထပ်ဖြည့်တိုက်ခိုက်သည်ကို တွေ့ရကြောင်း။

TNLA အဖွဲ့အနေဖြင့် ၂၀၀၉ ခုနှစ်တွင် KIA ၏ အကူအညီဖြင့် လိုင်ဇာတွင် စတင် ဖွဲ့စည်းခဲ့သည်ဟု သိရှိရကြောင်း၊ ၂၀၁၁ ခုနှစ်တွင် ရှမ်းပြည်နယ်မြောက်ပိုင်းသို့ စတင်ဝင်ရောက်လာခဲ့ခြင်းဖြစ်ကြောင်း၊ TNLA ၏ရည်ရွယ်ချက်မှာ ပလောင်ဒေသရရှိရေးပင် ဖြစ်ကြောင်း၊ ၂၀၁၆ ခုနှစ်တွင် ကုန်သွယ်ရေးဇုန်ကို တိုက်ခိုက်ခဲ့ခြင်းကြောင့် တပ်မတော်နှင့် တိုက်ပွဲဖြစ်ပွားခဲ့ကြောင်း၊ အလားတူ ၂၀၁၈ ခုနှစ်တွင် မူဆယ်မြို့ရှိ ပြည်သူ့စစ်စခန်းများနှင့် လုံခြုံရေးစခန်းများကို တိုက်ခိုက်ခဲ့ခြင်းကြောင့် တိုက်ပွဲများ ပြင်းပြင်းထန်ထန်ဖြစ်ပွားခဲ့ကြောင်း၊ ၂၀၂၂ ခုနှစ် ဒီဇင်ဘာလတွင်လည်း စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ PDF အမည်ခံအကြမ်းဖက်သောင်းကျန်းသူများကိုလက်နက်ခဲယမ်းများ ထောက်ပံ့ပေးခဲ့သည်ကို သိရှိရသဖြင့် ဝင်ရောက်ရှင်းလင်းစဉ် လက်နက်ခဲယမ်းများနှင့် ဆက်စပ်ပစ္စည်းများ များစွာသိမ်းဆည်းရမိခဲ့ကြောင်း။

ရှမ်းပြည်နယ် အရှေ့မြောက်ပိုင်းဒေသတွင် ဖြစ်ပေါ်ခဲ့သည့် ဖြစ်စဉ်များကို သုံးသပ်ကြည့်မည်ဆိုပါက သာလွန်အင်အားများ စုစည်းခြင်းနှင့် နည်းပညာသာလွန်မှုကို အသုံးချ၍ စစ်သုံးအဆင့် Drone များဖြင့် Drop Bomb များအသုံးပြုတိုက်ခိုက်ခဲ့သည်ကို တွေ့ရှိရကြောင်း၊ ၎င်းတို့အနေဖြင့် Drop Bomb အသုံးပြုမှုမှာ ယခုအချိန်အထိ အလုံးပေါင်း ၂၅၀၀၀ ကျော်ခန့် အသုံးပြုခဲ့သကဲ့သို့ ၁၀၇ မီလီမီတာ ရှော့တိုက်ဒုံး အလုံး ၁၂၀ ခန့်ဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့သည်ကို သိရှိရကြောင်း။

မိမိတို့နိုင်ငံတော်အစိုးရအနေဖြင့် ၂၀၂၁ ခုနှစ်မှ စတင်၍ ဖြစ်ပေါ်ခဲ့သည့် ဆူပူမှုနှင့် အကြမ်းဖက်မှုများကြောင့် တပ်မတော်နှင့် ရဲတပ်ဖွဲ့များပူးပေါင်း၍ နယ်မြေလုံခြုံရေးနှင့် တည်ငြိမ်အေးချမ်းရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြောင်း၊ ထို့ကြောင့် စစ်ဆင်ရေးဆောင်ရွက်ချိန်တွင်လည်း အထူးကန့်သတ်ထိန်းသိမ်းဆောင်ရွက်ခဲ့ရသည့်အတွက် အချို့နေရာများတွင် လုံခြုံရေးအရ တပ်ဖွဲ့ဝင်များ ထားရှိရသည်များရှိကြောင်း၊ အဆိုပါနေရာများသို့ MNDAA နှင့် ပူးပေါင်းအဖွဲ့များက Drop Bomb များဖြင့်တိုက်ခိုက်ခြင်း၊ သာလွန်အင်အားများဖြင့် တိုက်ခိုက်ခြင်းများ လုပ်ဆောင်ခဲ့ခြင်းကြောင့် မိသားစုဝင်များ၏ အသက်အန္တရာယ်လုံခြုံရေးအရ အချို့နေရာများကို စွန့်ခွာပေးခဲ့ကြောင်း၊ နယ်စပ်ဒေသဖြစ်ခြင်းကြောင့် တစ်ဖက်နိုင်ငံမှ အထင်အမြင် မလွဲမှားစေရန် ကန့်သတ်ထိန်းသိမ်းဆောင်ရွက်ရပြီး အရပ်သူအရပ်သားအပြစ်မဲ့ပြည်သူများ မထိခိုက်အောင်လည်း ဆောင်ရွက်ခဲ့ရခြင်းများလည်း ရှိကြောင်း။

ရှမ်းပြည်နယ်မြောက်ပိုင်း လောက်ကိုင်ဒေသတွင် ယခုကဲ့သို့ ရှုပ်ထွေးမှုများ ဖြစ်လာခဲ့ခြင်းမှာ ကျားဖျန့်ဟုခေါ်သည့် အွန်လိုင်းလောင်းကစားများ မှတစ်ဆင့် ပေါ်ပေါက်လာခြင်းဖြစ်ကြောင်း၊ ယခင်ကတည်းက မူးယစ်ဆေးဝါးရောင်းဝယ်မှုများနှင့် လောင်းကစားဝိုင်းများဖြင့် လုပ်ဆောင်ခဲ့မှုများရှိကြောင်း၊ ကိုဗစ် - ၁၉ ဖြစ်ပွားချိန်တွင် အသွားအလာများတုန့်ဆိုင်းသွားသဖြင့် အွန်လိုင်းမှ လောင်းကစားများလုပ်ဆောင်ခဲ့ပြီး လုပ်ငန်းအတွက်လိုအပ်သည့် ကျွမ်းကျင်သူများနှင့် အထောက်အကူပြုဝန်ထမ်းများကိုခေါ်ယူ၍လုပ်ဆောင်ခဲ့ရာ တရားမဝင်နိုင်ငံခြားသားများပါ လောက်ကိုင်ဒေသသို့ ဝင်ရောက်ခဲ့ကြောင်း၊ ဖော်ထုတ်ရမိသည့်နိုင်ငံခြားသားများအနက် နိုဝင်ဘာ ၂၈ ရက်အထိ တရုတ်နိုင်ငံသို့ လွှဲပြောင်းပေးသူ ၂၀၃၅ ဦး၊ ရှာဖွေဖမ်းဆီးလွှဲပြောင်းသူ ၃၇၃၈ ဦး၊ မိမိအစီအစဉ်ဖြင့် ထွက်ခွာသူ ၃၇၉၃၆ ဦး စုစုပေါင်း ၄၃၇၀၉ ဦးရှိပြီဖြစ်ပြီး အချို့မှာ လွှဲပြောင်းပေးရန် ကျန်ရှိနေသေးကြောင်း။

AA အဖွဲ့နှင့်ပတ်သက်၍ ၂၀၀၉ ခုနှစ်တွင် KIA နယ်မြေတွင် စတင်တည်ထောင်ခဲ့ခြင်းဖြစ်ပြီး ၂၀၁၅ ခုနှစ်တွင် ရခိုင်ပြည်နယ်သို့ စတင်ဝင်ရောက်ခဲ့ခြင်းဖြစ်သည်ကို တွေ့ရှိရကြောင်း၊ ၂၀၁၅ ခုနှစ် ဒီဇင်ဘာလတွင် ကျောက်တော်မြို့နယ်အတွင်း၌ ဒေသခံပြည်သူများအား အတင်းအဓမ္မလူသစ်စုဆောင်းခြင်းနှင့် တပ်တည်ဆောက်ခြင်းများကို လုပ်ဆောင်ခဲ့သည့်အတွက် တပ်မတော်မှ ရှင်းလင်းဆောင်ရွက်ခဲ့ရကြောင်း၊ အလားတူ ၂၀၁၉ ခုနှစ်တွင်လည်း နယ်စပ်ကင်းစခန်းများကို တိုက်ခိုက်ခဲ့သကဲ့သို့ ပလက်ဝမြို့နယ်မှ ပညာသင်ကြားနေသည့် ကျောင်းသားကျောင်းသူ ၁၁၈ ဦးကို ဖမ်းဆီးခေါ်ဆောင်ခဲ့ခြင်းကြောင့် တပ်မတော်အနေဖြင့် တုံ့ပြန်ဆောင်ရွက်ခဲ့ရကြောင်း၊ ထိုအချိန်မှစ၍ ရခိုင်ပြည်နယ်အတွင်း AA နှင့်တိုက်ပွဲများဖြစ်ပေါ်ခဲ့ခြင်းဖြစ်ကြောင်း၊ ၂၀၂၁ ခုနှစ် မတ် ၁ ရက်တွင် နီပွန်ဖောင်ဒေးရှင်းမှ စေ့စပ်စီစဉ်ပေးမှုဖြင့် ပစ်ခတ်တိုက်ခိုက်မှုများ ရပ်စဲပေးခဲ့ပြီး တစ်ဖက်မှလည်း အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားခြင်းမှ ရုပ်သိမ်းပေးခဲ့ကြောင်း၊ ထိုအချိန်မှစ၍ AA အဖွဲ့အနေဖြင့် လူသစ်စုခြင်း၊ ပြန်ပေးဆွဲခြင်း၊ အုပ်ချုပ်မှုကိစ္စရပ်များတွင် ဝင်ရောက်စွက်ဖက်ခြင်းနှင့် တပ်စခန်းများ တိုးချဲ့ဆောက်လုပ်လာခြင်းကြောင့် မိမိတို့အနေဖြင့် အကြိမ်ကြိမ်သတိပေးဆောင်ရွက်ခဲ့ရကြောင်း၊ မိုခါမုန်တိုင်းဝင်ရောက်ချိန်တွင် ရခိုင်ပြည်နယ်အတွင်း ထိခိုက်ပျက်စီးဆုံးရှုံးမှုများ ကြီးမားစွာဖြစ်ပေါ်ခဲ့ပြီး လူသေဆုံးမှုများ ဖြစ်ပေါ်ခဲ့ကြောင်း၊ အဆိုပါထိခိုက်ပျက်စီးမှုဖြစ်ပေါ်ခဲ့သည့် နေရာများသို့ မိမိကိုယ်တိုင်သွားရောက်၍ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အားသွန်ခွန်စိုက်ဆောင်ရွက်ပေးခဲ့ကြောင်း၊ တပ်မတော်အရာရှိကြီးများကို မြို့နယ်တစ်ခုချင်းစီအလိုက်တာဝန်များပေးအပ်၍ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ရေရှည်အကျိုးကိုကြည့်၍ မူလအခြေအနေများထက် သာလွန်ရမည်ဟု ရည်ရွယ်ချက်ဖြင့် ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ကြောင်း၊ နိုင်ငံတော်ဘဏ္ဍာငွေအများစုကို အသုံးပြု၍ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ကြောင်း၊ “ဘယ်သူတရားပျက်ပျက် ကိုယ်မပျက်နဲ့”ဆိုသည့် စိတ်ကောင်းစေတနာကောင်းဖြင့် ဆောင်ရွက်ပေးခဲ့သည်မှာ ယခုအခါရခိုင်ပြည်နယ်အတွင်း ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ၉၉ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီဖြစ်ကြောင်း၊ သို့သော် AA အဖွဲ့အနေဖြင့် သစ္စာမရှိဘဲ ယာယီပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူညီချက်ကို ချိုးဖောက်၍ MNDAA အဖွဲ့နှင့်ဖြစ်ပွားသည့် ဖြစ်စဉ်များတွင် ပါဝင်ခဲ့ကြောင်း၊ မကြာခင်ကပလက်ဝဒေသရှိ လုံခြုံရေးစခန်းငယ်နှစ်ခုနှင့် ပေါက်တောမြို့ကို ဝင်ရောက်တိုက်ခိုက်ခဲ့ကြောင်း၊ ရဲစခန်းအချို့ကိုလည်း သာလွန်အင်အားများဖြင့် တိုက်ခိုက်ခဲ့ကြောင်း၊ လက်ရှိအချိန်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် စွန့်စွန့်စားစားချေမှုန်းတိုက်ခိုက်မှုများကြောင့် ထိန်းချုပ်ထားနိုင်ပြီဖြစ်ကြောင်း၊ AA အဖွဲ့မှ ထိခိုက်ကျဆုံးမှုများပြားပြီး မိမိတို့လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့်လည်း ထိခိုက်ကျဆုံးမှုရှိကြောင်း၊ AA အဖွဲ့အနေဖြင့် ရခိုင်ပြည်နယ်တောင်ပိုင်းရှိ အချို့ဒေသများတွင် အုပ်ချုပ်ရေးအဖွဲ့ဝင်များကို ဖမ်းဆီးခြင်း၊ ဝန်ထမ်းများ ဖမ်းဆီးခြင်းများ ပြုလုပ်ခဲ့သကဲ့သို့ မော်တော်ယာဉ် ယာဉ်မောင်းများကို ဖမ်းဆီးခြင်းများ ပြုလုပ်ခဲ့ကြောင်း၊ ထို့ကြောင့် ရခိုင်ပြည်နယ်တည်ငြိမ်အေးချမ်းရေးအတွက် ရခိုင်ဒေသမှ ရခိုင်ပြည်သူများအနေဖြင့် တိုင်းချစ်၊ ပြည်ချစ်စိတ်၊ ပြည်နယ်တိုးတက်စေလိုသည့် စိတ်များဖြင့် အပြည့်အဝ ပူးပေါင်းဆောင်ရွက်ရန်လိုသည်ကို ပြောကြားလိုကြောင်း။

KNPP/KNDF အဖွဲ့နှင့်ပတ်သက်၍ ပြီးခဲ့သည့် နိုဝင်ဘာ ၁၁ ရက်မှစတင်ပြီး KNPP/KNDF အဖွဲ့အနေဖြင့် ကယားပြည်နယ်လွိုင်ကော်မြို့သို့ အင်အားအလုံးအရင်းဖြင့် ဝင်ရောက်တိုက်ခိုက်ခဲ့ကြောင်း၊ သို့သော် အကြမ်းဖက်မှုကို မလိုလားသည့် ပြည်သူများ၏ သတင်းပေးမှုအရ အချို့အဖွဲ့များကိုချေမှုန်းတိုက်ခိုက်နိုင်ခဲ့ကြောင်း၊ ၎င်းတို့အနေဖြင့် လူ၊ လက်နက်၊ ခဲယမ်းများကို ကြိုတင်ပြင်ဆင်ဆောင်ရွက်ခဲ့သည်ကိုတွေ့ရကြောင်း၊ အဆိုပါတိုက်ပွဲမဖြစ်မီ၌ ကယားပြည်နယ်အတွက် လက်နက်ခဲယမ်းများ ကြိုတင်စုဆောင်းခဲ့သည်ကို သိရှိရကြောင်း၊

စာမျက်နှာ ၄ သို့ ☆

☆ စာမျက်နှာ ၃ မှ
၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၁၇ ရက်တွင် ၎င်းတို့အတွက် ကြိုတင်စုဆောင်းသည့် လက်နက်အလက် ၅၀၀ နှင့်ခဲယမ်းများကို ဟိုပုံးမြို့နယ်အတွင်းဖမ်းဆီးရမိခဲ့သည်ကို သတင်းထုတ်ပြန်ပြီးဖြစ်ကြောင်း၊ အလားတူ နိုဝင်ဘာ ၁၆ ရက်ကလည်း လက်နက်မျိုးစုံ အလက် ၁၃၀၊ ကျည်မျိုးစုံ ၁၃၀၀၀ ကျော်၊ လက်ပစ်ဗုံး ၇၆၀၀ ကျော်၊ လက်နက်ငယ်ပြောင်းပို အချောင်း ၅၀၀ နှင့် အခြားခဲယမ်းများကို ဖမ်းဆီးရမိခဲ့ကြောင်း၊ နောက်ထပ်လည်း လက်နက်ခဲယမ်းများ သယ်ယူရန်ကြိုးပမ်းနေကြောင်း။

၎င်းဖြစ်စဉ်တွင် ဖမ်းဆီးရမိခဲ့သူများ၏ ထွက်ဆိုချက်များအရ အဆိုပါ လက်နက်ခဲယမ်းများသည် မိုင်းကိုင်နယ်မြေတွင်လှုပ်ရှားလျက်ရှိသည့် SSPP/SSA နယ်မြေမှတစ်ဆင့် ရောက်ရှိလာခြင်းဖြစ်သည်ဟု သိရှိရကြောင်း၊ သယ်ယူရာတွင်လည်း PNO ပအိုဝ်းတပ်ဖွဲ့ယူနီဖောင်း ဝတ်ဆင်ထားသူများ၏ လုံခြုံရေးအကာအကွယ်ပေးမှုဖြင့် မော်တော်ယာဉ်များဖြင့် သယ်ယူခဲ့ခြင်းဖြစ်ကြောင်း၊ ကယားပြည်နယ်အတွင်းသို့ လက်နက်ခဲယမ်းများကို နည်းလမ်းမျိုးစုံဖြင့် ပို့ဆောင်လျက်ရှိပြီး ဖော်ထုတ်ဖမ်းဆီးရမိ မှုများရှိခဲ့သဖြင့် KNPP/KNDF အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်သမားများ၏ အကြမ်းဖက်မှုများကို အတိုင်း အတာတစ်ခုအထိ ဟန့်တားနိုင်ခဲ့ခြင်းပင်ဖြစ်ပြီး လက်ရှိအချိန်တွင် လွိုင်ကော်ဒေသကို ပြန်လည်ထိန်းချုပ်ထားနိုင်ခဲ့ပြီဖြစ်ကြောင်းကို အသိပေးလိုပါကြောင်း။

အလားတူ KNU အဖွဲ့နှင့် ပတ်သက်၍ KNU အဖွဲ့သည် ကြီးမားသည့် တိုက်ပွဲများ မဖြစ်ပွားသည်မှာ ကြာပြီဖြစ်ကြောင်း၊ သမ္မတကြီး ဦးသိန်းစိန်လက်ထက်တွင် ငြိမ်းချမ်းရေးဆွေးနွေးပွဲများ ရှိခဲ့ပြီး NCA လက်မှတ်ရေးထိုးခဲ့ပြီးနောက်ပိုင်းတွင် ၎င်းတို့ဒေသ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို နတလ အဖွဲ့များ၊ ပြည်ပအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ အတိုင်းအတာတစ်ခုအထိ ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း၊ သို့သော်လည်း ပြီးခဲ့သည့် ၂၀၂၁ ခုနှစ် နိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲမှုများကို အကြောင်းပြု၍ သဘောထားတင်းမာမှုများရှိခဲ့ကြောင်း၊ တစ်ဆက်တည်း၌ပင် ပြီးခဲ့သည့် ဧပြီလ ၂၄ ရက်တွင် ပြုလုပ်ခဲ့သည့် KNU ၏ ၁၇ ကြိမ်မြောက် ကွန်ဂရက်အစည်းအဝေးတွင် ထိုအချိန်က ဥက္ကဋ္ဌဖြစ်သူ စောမူတူးစေးဖိုးအား ဖြုတ်ချ၍ ဖဒိုကွယ်ထူးဝင်း ဥက္ကဋ္ဌ အဖြစ် တက်လာခဲ့သည်ကို တွေ့ရကြောင်း၊ ထို့နောက် KNLA တပ်မဟာ ၅၊ တပ်မဟာ ၆ တို့သည် NCA လမ်းကြောင်းပေါ်မှ သွေဖည်ခဲ့ပြီး တပ်မတော်တပ်စခန်းငယ်များနှင့် မြဝတီ၊ ကော့ကရိတ်မြို့တို့ကို နှောင့်ယှက်တိုက်ခိုက်လာခဲ့ပြီး ယနေ့ထက်တိုင် နှောင့်ယှက်တိုက်ခိုက်မှုများ ရှိနေသည်ကိုတွေ့ရကြောင်း၊ ပြီးခဲ့သည့် နိုဝင်ဘာ ၂၄ ရက်တွင် KNLA တပ်မဟာ ၅ အနေဖြင့် တပ်မတော်တပ်စခန်းတစ်ခုကို အင်အားအလုံးအရင်းဖြင့် တိုက်ခိုက်ခဲ့ပြီး တပ်မဟာ ၆ အနေဖြင့် နိုဝင်ဘာ ၂၇ ရက်တွင် ကျိုက်မရောမြို့နယ်ရှိ ချောင်းနှစ်ခွတံတားကို တိုက်ခိုက်ဖောက်ခွဲဖျက်ဆီးခဲ့သည်ကို တွေ့ရကြောင်း။

ယင်းတို့ကို ကြည့်မည်ဆိုပါက တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအနေဖြင့် ငြိမ်းချမ်းရေးကို အကြောင်းပြု၍ နောက်ကွယ်တွင် အင်အားစုစည်းတည်ဆောက်ခြင်း၊ လက်နက်ခဲယမ်းမီးကျောက်များ အပြိုင်အဆိုင် တည်ဆောက်ထုတ်လုပ်ခြင်း၊ PDF အမည်ခံအကြမ်းဖက်အဖွဲ့များကိုအကြမ်းဖက်သင်တန်းများ ဖွင့်လှစ်သင်တန်းပေးခြင်း၊ လက်နက်ခဲယမ်းမီးကျောက်များ ရောင်းချပေးခြင်း စသည်တို့ကို လုပ်ဆောင်လျက်ရှိပြီး ငြိမ်းချမ်းရေးအပေါ် အမြတ်ထုတ်လျက်ရှိသည်ကို တွေ့မြင်ရကြောင်း၊ မိမိတို့အနေဖြင့် နိုင်ငံတော်ကာကွယ်ရေးတွင် တာဝန်ရှိသည့်အတွက် သောင်းကျန်းသူ ချေမှုန်းရေးကိုဖိဖိစီးစီး ဆောင်ရွက်သွားမည်ဖြစ်သကဲ့သို့ နယ်မြေတည်ငြိမ်အေးချမ်းရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး၊ ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ် မထိခိုက်ရေးတို့ အတွက်ကိုလည်း တပ်မတော်သားများအနေဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် ပူးပေါင်း၍ စွမ်းစွမ်းတမံ ဆောင်ရွက်ပေးလျက်ရှိသည်ကိုပြောလိုပါကြောင်း။

## တပ်မတော်အနေဖြင့် ပါတီစုံဒီမိုကရေစီကို လိုလားသည့် ပြည်သူလူထုနှင့်တစ်သားတည်းရှိ

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က တပ်မတော်မှ ပါတီစုံဒီမိုကရေစီစနစ်ကို ဦးဆောင်၍ဖော်ဆောင်ပေးခဲ့မှုနှင့် ပါတီစုံဒီမို ကရေစီစနစ်ခိုင်မာစေရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်သည့် အခြေအနေများနှင့် ပတ်သက်၍ ပြောကြားရာတွင် **“ကျွန်တော်တို့သည် ပါတီစုံဒီမိုကရေစီစနစ်ကို သွားနေတဲ့ နိုင်ငံတစ်ခုဖြစ်ပါတယ်။ ပါတီစုံဒီမိုကရေစီက ပြည်သူကတောင်းဆိုတဲ့အတွက် ကြောင့် တပ်မတော်က ဖော်ဆောင်ပေးခြင်းဖြစ်ပါတယ်။ တပ်မတော်က ဦးဆောင်ပြီးတော့မှ ပါတီစုံဒီမိုကရေစီစနစ်ကို ဖော်ဆောင်ပေးတာပါ။ အခုမှ တပ်မတော်က လိုက်ပြီးတော့ ပါတီစုံဒီမိုကရေစီစနစ်ကို ထောက်ခံတာမဟုတ်ပါဘူး။ ကျွန်တော်တို့ ပြီးခဲ့တဲ့ ၁၉၈၈ ခုနှစ် ဒီမိုကရေစီတောင်းဆိုမှု အရေးအခင်းပြီးတဲ့ နောက်ပိုင်းကနေပြီးတော့ အဲဒီကနဝတ ကြေညာချက်တွေကို ကြည့်မယ်ဆိုရင် ဒါ တပ်မတော်က ကိုယ်စားပြုပြီး ကြေညာခဲ့တာဖြစ်ပါတယ်။ အဲဒီမှာ ပါတီစုံဒီမိုကရေစီကို သွားမယ်ဆိုပြီးတော့ ကျွန်တော်တို့က ပြောခဲ့တာရှိပါတယ်။ အဲဒီအတိုင်းပဲ နောက်ဆုံး ဒီပါတီစုံဒီမိုကရေစီစနစ်ကို အခိုင်အမာ အထောက်အကူပေးနိုင်မယ့် ဖွဲ့စည်းပုံ အခြေခံ ဥပဒေကို ရေးဆွဲပြီးတော့မှ ဒီဖွဲ့စည်းပုံ အခြေခံဥပဒေနဲ့သွားခြင်းဖြစ်ပါတယ်။ ဖွဲ့စည်းပုံ အခြေခံဥပဒေနဲ့သွားတဲ့အခါမှာလည်း ကျွန်တော်တို့ ဒီရွေးကောက်ပွဲလမ်းကြောင်းကို ဖော်ဆောင်သွားတာဖြစ်ပါတယ်။ ရွေးကောက်ပွဲလမ်းကြောင်းကသွားတာဖြစ်တဲ့အတွက်ကြောင့် ရွေးကောက်ပွဲလုပ်ခဲ့တာ ၂၀၁၀ ပြည့်နှစ်၊ ၂၀၁၅ ခုနှစ်၊ ၂၀၂၀ ပြည့်နှစ်မှာ အထွေထွေရွေးကောက်ပွဲ သုံးကြိမ် လုပ်ခဲ့တာ။ ၂၀၁၀ ရွေးကောက်ပွဲ၊ ၂၀၁၅ ရွေးကောက်ပွဲမှာ ပြဿနာ အနည်းအကျဉ်းရှိတာလွဲလို့ကြီးကြီးမားမား ဘာတစ်ခုမှ မဖြစ်ခဲ့ပါဘူး။ ၂၀၂၀ ရွေးကောက်ပွဲမှာတော့ ရုပ်ပျက်ဆင်းပျက်ကို မဲမသမာမှုတွေ ပြုလုပ်ခဲ့တာ ပေါ်လွင်ခဲ့ပါတယ်။ အဲဒီနောက် မရိုးသားတဲ့၊ မသန့်စင်တဲ့ မဲရလဒ်တွေနဲ့ အာဏာရဖို့အတွက်၊အဓမ္မ အာဏာရဖို့အတွက် ကြိုးစားလာတဲ့အတွက်ကြောင့် ကျွန်တော်တို့ (၂၀၀၈) ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့အညီ အရေးပေါ်အခြေအနေ ကြေညာပြီးတော့မှ ရှေ့လုပ်ငန်းစဉ် ၅ ရပ်ချမှတ်ပြီး တပ်မတော်က ဆောင် ရွက်ခဲ့တာ ကောင်စီဝင်များအားလုံး သိပြီးဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့အနေနဲ့ တပ်မတော်အနေနဲ့ ပါတီစုံဒီမိုကရေစီစနစ်ကို ဦးဆောင်ပြီးတော့ ဖော်ဆောင်ပေးသလို ပါတီစုံဒီမိုကရေစီစနစ် ခိုင်ခိုင်မာမာဖြစ်ရေးအတွက်လည်း ကျွန်တော်တို့က ဦးဆောင်ပြီး ဆက်လက်ဆောင်ရွက်သွားမှာဖြစ်သလို ပါတီစုံဒီမိုကရေစီစနစ်လိုလားတဲ့ ပြည်သူတွေနဲ့ တပ်မတော် တစ်သားတည်းရှိကြောင်းကိုလည်း ကျွန်တော်တို့ ပြောလိုပါတယ်။ တစ်သားတည်းရှိကြောင်း ပြောလိုပါတယ်။ နိုင်ငံရေးတည်ဆောက်မှု အခန်းကဏ္ဍမှာ ပါတီစုံဒီမိုကရေစီစနစ် ခိုင်ခိုင်မာမာ ဖြစ်စေရေးအတွက်လည်း ဆက်လက်ဆောင်ရွက်သွားမှာ ဖြစ်ကြောင်းလည်း ကျွန်တော်ပြောလိုပါတယ်။ ဒါကတော့ လုံခြုံရေးနဲ့ ပတ်သက်တဲ့ အခြေအနေနဲ့ပတ်သက်ပြီး ကောင်စီဝင်များသိရှိနိုင်ဖို့ အတွက် ပြောခြင်းဖြစ်ပါတယ်။”**

## အခြေအနေအရ ပိတ်ထားရသည့်တက္ကသိုလ်များအား ပုံမှန်အတိုင်း ပြန်လည်ဖွင့်လှစ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားမည်

ကယားပြည်နယ်တွင်ဖြစ်ခဲ့သည့် ဖြစ်စဉ်များအနက် လွိုင်ကော်တက္ကသိုလ်သို့ ဝင်ရောက်တိုက်ခိုက်ခဲ့သည့် ဖြစ်စဉ်ဖြစ်ပွားခဲ့ပြီး ပါမောက္ခချုပ်အပါအဝင် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ မိသားစုဝင်များကို အတင်းအဓမ္မဖမ်းဆီး ခေါ်ဆောင်ခြင်းများကို အကြမ်းဖက်သမားများအနေဖြင့် ကျူးလွန်ခဲ့ကြကြောင်း၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် လွိုင်ကော်မြို့တွင်းရှိ အကျဉ်းဦးစီးဌာနအပါအဝင် နေရာအနှံ့အပြား၌ တိုက်ပွဲများ ပြင်းပြင်းထန်ထန်ဖြစ်ပွားလျက်ရှိသဖြင့် တက္ကသိုလ်ရှိ ပညာရေးဝန်ထမ်းများနှင့် ကျောင်းသား ကျောင်းသူများ ထိခိုက်မှု မရှိစေရေး ထိန်းထိန်းသိမ်းသိမ်းဖြင့် ဂရုပြုဆောင်ရွက်ခဲ့ရကြောင်း၊ တိုက်ပွဲဖြစ်ပွားနေစဉ်အတွင်း စစ်ရေးနှင့် မသက်ဆိုင်သည့် ပညာ ရေးဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူများကို ဖမ်းဆီးခေါ်ဆောင်ခြင်းသည် ဂျီနီဗာကွန်ဗင်းရှင်းပါ အချက်များကို ချိုးဖောက်လျက်ရှိသဖြင့် လုံးဝလက်သင့်ခံ၍ မရကြောင်း၊ ထိခိုက်မှုမရှိဘဲ အမြန်ဆုံး ပြန်လည်စေလွှတ်ပေးရန်လိုအပ်မည်ဖြစ်ကြောင်းကို သတင်းထုတ်ပြန် တိုက်တွန်းခဲ့သကဲ့သို့ တစ်ဖက်တွင်လည်း ငြိမ်းချမ်းရေးကိုလိုလားသည့်ဒေသခံများနှင့် ဘာသာသာသနာပြုအဖွဲ့စည်းများ၏ တိုက်တွန်းချက်များအရ KNPP အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက် သမားများအနေဖြင့် ပညာရေးဝန်ထမ်းများနှင့် ကျောင်းသား ကျောင်းသူများ၊ မိသားစုဝင်များကို ရေရှည်ခေါ်ထားရန် မရသည့်အတွက် ၎င်းတို့ဖမ်းဆီး ခေါ်ဆောင်သွားခဲ့သူများကို ပြန်လည်စေလွှတ်ပေးခဲ့ရာ ယခုဆိုပါက ဖမ်းဆီးခြင်းခံရသူ ၂၀၄ ဦးရှိသည့် အနက် ၁၁ ဦးသာ ပြန်လည်ရောက်ရှိရန်ကျန်ရှိမည်ဖြစ်ကြောင်း၊ ထိုကဲ့သို့သော KNPP အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက် သမားများ၏လုပ်ရပ်ကြောင့် လွိုင်ကော် တက္ကသိုလ်တွင် ဖြေဆိုမည့်အဝေးသင်တက္ကသိုလ်စာမေးပွဲများ ဖျက်သိမ်းခဲ့ရပြီး စာမေးပွဲဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူများနှင့် ကျောင်းသားမိဘများအနေဖြင့် ထိခိုက် နစ်နာခဲ့ကြရပြီး ဒေသခံများ၏ လူမှုစီးပွားဘဝများလည်း ထိခိုက်ခဲ့ရကြောင်း၊ အလားတူ လွိုင်ကော်ရှိ နည်းပညာတက္ကသိုလ်၊ ကွန်ပျူတာတက္ကသိုလ်၊ ပညာရေးဒီဂရီကောလိပ်တို့ကိုလည်း ပိတ်ခဲ့ရကြောင်း၊ လွိုင်ကော်ကဲ့သို့ပင် ဟားခါးတက္ကသိုလ်သည်လည်း ဖွင့်လှစ်နိုင်ခြင်းမရှိကြောင်း၊ ပြီးခဲ့သည့် နိုဝင်ဘာ ၂၃ ရက်မှစတင်၍ တက္ကသိုလ်အားလုံးကို ပုံမှန်အတိုင်းဖွင့်လှစ်ထားသည်ဖြစ်သော်လည်း အချို့သောနယ်မြေတည်ငြိမ်အေးချမ်းမှု မရှိသည့်ဒေသများ၌ ကျောင်းသား ကျောင်းသူများအနေဖြင့် လာရောက်ရန် အခွင့်အလမ်း နည်းပါးသဖြင့် ကျောင်းတက်ရောက်သူ နည်းပါးမှုများ ရှိကြောင်း၊ အခက်အခဲရှိသည့်အတွက်ကြောင့် ပိတ်ထားရသည့်ကျောင်းများလည်း ရှိကြောင်း၊ အခြေအနေပေးခဲ့မည်ဆိုပါက အဆိုပါ ကျောင်းများကို ပုံမှန်အတိုင်း ပြန်လည်ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ နယ်မြေအခြေအနေအရ တာဝန်ထမ်းဆောင်ကြမည့် ဆရာ ဆရာမများ၏ အသက်ဘေးအန္တရာယ် လုံခြုံစိတ်ချမှုရှိစေရေးအတွက်လည်း ထည့်သွင်းစဉ်းစားဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ကြောင်း၊ အခြေခံပညာကျောင်းများ ပုံမှန်အတိုင်း ဖွင့်လှစ်ရေးကိုဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

**ကယားပြည်နယ်တွင်ဖြစ်ခဲ့သည့် ဖြစ်စဉ်များအနက် လွိုင်ကော်တက္ကသိုလ်သို့ ဝင်ရောက်တိုက်ခိုက်ခဲ့သည့် ဖြစ်စဉ်ဖြစ်ပွားခဲ့ပြီး ပါမောက္ခချုပ်အပါအဝင် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ မိသားစုဝင်များကို အတင်းအဓမ္မဖမ်းဆီး ခေါ်ဆောင်ခြင်းများကို အကြမ်းဖက်သမားများအနေဖြင့် ကျူးလွန်ခဲ့ကြကြောင်း၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် လွိုင်ကော်မြို့တွင်းရှိ အကျဉ်းဦးစီးဌာနအပါအဝင် နေရာအနှံ့အပြား၌ တိုက်ပွဲများ ပြင်းပြင်းထန်ထန် ဖြစ်ပွားလျက်ရှိသဖြင့် တက္ကသိုလ်ရှိ ပညာရေးဝန်ထမ်းများနှင့် ကျောင်းသား ကျောင်းသူများ ထိခိုက်မှုမရှိစေရေး ထိန်းထိန်းသိမ်းသိမ်းဖြင့် ဂရုပြု ဆောင်ရွက်ခဲ့ရကြောင်း၊ တိုက်ပွဲဖြစ်ပွားနေစဉ်အတွင်း စစ်ရေးနှင့် မသက်ဆိုင်သည့် ပညာရေးဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူများကို ဖမ်းဆီး ခေါ်ဆောင်ခြင်းသည် ဂျီနီဗာကွန်ဗင်းရှင်းပါ အချက်များကို ချိုးဖောက်လျက်ရှိ သဖြင့် လုံးဝလက်သင့်ခံ၍ မရ**

## စက်သုံးဆီ၊ စားသုံးဆီနှင့် ပတ်သက်၍ မှန်မှန်ကန်ကန်ဖြစ်စေရေး အရေးယူကြပ်မတ်ဆောင်ရွက်လျက်ရှိ

နောက်တစ်ချက်အနေဖြင့် စက်သုံးဆီနှင့် စားသုံးဆီကိစ္စဖြစ်ပြီး ယခင်အစည်းအဝေးများ၌လည်း လိုအပ်သည့် အရေးယူမှုများ ဆောင်ရွက်လျက်ရှိသည်ကို ပြောကြားခဲ့ပြီးဖြစ်ကြောင်း၊ စက်သုံးဆီနှင့် ပတ်သက်၍ သတ်မှတ်ဈေးနှုန်းထက် မတန်တဆ အမြတ်ယူရောင်းချခဲ့သည့်ကုမ္ပဏီ ရှစ်ခုနှင့် သာမန်အားဖြင့် ထိုက်သင့်သည့် နှုန်းများထက် အမြတ်တင်၍ ရောင်းချခဲ့သည့် ကုမ္ပဏီများကို စည်းမျဉ်းဥပဒေနှင့်အညီ အရေးယူခြင်းများပြုလုပ်ခဲ့ပြီးဖြစ်ကြောင်း၊ စားသုံးဆီနှင့်ပတ်သက်၍လည်း တာဝန်ရှိသည့် အဖွဲ့များ ဖွဲ့စည်း၍ အရေးယူဆောင်ရွက်လျက်ရှိသည်ကို ပြောလိုပါကြောင်း၊ စားသုံးဆီတင်သွင်းသည့် ကုမ္ပဏီများကိုလည်း သတ်မှတ်စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဖြစ်စေရေး စည်းမျဉ်းချိုးဖောက်သူများကို ဥပဒေအရ အရေးယူခြင်းများ ဆောင်ရွက်ခဲ့ကြောင်း၊ စက်သုံးဆီ၊ စားသုံးဆီနှင့် ပတ်သက်၍ ဥပဒေနှင့်မညီသည့် ဆောင်ရွက်မှုများတွင် တာဝန်ရှိသည့် ပုဂ္ဂိုလ်များကိုလည်း အရေးယူခြင်းများ ဆောင်ရွက်ခဲ့ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် နှစ်ဦးကိုလည်း ပြင်းထန်သည့် အရေးယူခြင်းများ ပြုလုပ်ခဲ့သကဲ့သို့ တာဝန်ရှိသည့် နိုင်ငံ့ဝန်ထမ်းအချို့ကိုလည်း ထိထိရောက်ရောက်အရေးယူဆောင်ရွက်နေသည်ကို အသိပေးလိုပါကြောင်း။

## ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်

စီးပွားရေးနှင့်ပတ်သက်၍ ပြည်ပမှ ဝင်ငွေရရှိရေးနှင့် ပတ်သက်၍ ဝင်ငွေတွင် ကုန်သွယ်မှုမှရရှိသည့် ဝင်ငွေနှင့် ကုန်သွယ်မှုမဟုတ်ဘဲ အခြားနည်းမှ ရရှိသည့် ဝင်ငွေဟူ၍ ရှိကြောင်း၊ Non – Trade မှ ရရှိသည့် ဝင်ငွေတွင် ထောက်ပံ့ငွေများ၊ ချေးငွေများ၊ အခွန်အခများ၊ ပြည်နယ်ရပ်ခြားတွင် သွားရောက်အလုပ်လုပ်ကိုင်မှုမှ ဝင်ငွေများ၊ နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုမှ ရရှိငွေများဟူ၍ရှိကြောင်း၊ ခိုင်မာသည့်ဝင်ငွေမှာ ကုန်သွယ်မှုမှရရှိသည့် ဝင်ငွေပင်ဖြစ်ကြောင်း၊ ကုန်သွယ်မှုနှင့် ပတ်သက်၍ များစွာပြောကြားခဲ့ပြီးဖြစ်ပြီး မိမိတို့သည် ယခင်ကတည်းကပင် နိုင်ငံခြားချေးငွေ၊ ထောက်ပံ့ငွေများ ဖြင့်သာ နိုင်ငံခြားငွေလိုအပ်ချက်ကို ဆောင်ရွက်ခဲ့ခြင်း ဖြစ်ကြောင်း၊ ကုန်သွယ်မှုမှ ရရှိသည့်ဝင်ငွေသည် ပို့ကုန်(Export)ထက် သွင်းကုန်(Import) က ပိုမိုများပြားနေသဖြင့် လိုငွေပြနေခြင်းဖြစ်ကြောင်း၊ ပို့ကုန်(Export) နည်းပါးခြင်းသည် မိမိတို့နိုင်ငံ၏ လိုအပ်ချက်ကြောင့် မဟုတ်ဘဲ အလုပ်မလုပ်သည့်အတွက်သာဖြစ်ကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် လုပ်ကိုင်စားသောက်နိုင်မည့် ရေမြေသယံဇာတနှင့် ရာသီဥတုတို့ကို ပိုင်ဆိုင်ထားပြီးဖြစ်သော်လည်း အလုပ်ကိုဖိဖိစီးစီး ဆောင်ရွက်မှုမရှိသောကြောင့် ကုန်ထုတ်လုပ်မှုများ အားနည်းခဲ့ခြင်းဖြစ်ကြောင်း၊ ၂၀၁၁ ခုနှစ်တွင် ပါတီစုံဒီမိုကရေစီအစိုးရတက်လာခဲ့ပြီး **စာမျက်နှာ ၅ သို့ ☆**

☆ စာမျက်နှာ ၄ မှ

ယခင်က ဆောင်ရွက်ခဲ့သည့် နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများနှင့် ပတ်သက်၍ ဆက်လက်လည်ပတ်ရန် အားပေးမှုမရှိခြင်း၊ ပုဂ္ဂလိကပိုင် လွှဲပြောင်းပေးခြင်း၊ ဖျက်သိမ်းခဲ့ခြင်းတို့ကို လုပ်ဆောင်ခဲ့သောကြောင့် ယခင်က နိုင်ငံ့စီးပွားရေးတွင် အဓိကမဏ္ဍိုင်အဖြစ်ရှိခဲ့သည့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများသည် အားနည်းမှုများ ဖြစ်ခဲ့ကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် အာဆီယံနှင့် ဒေသတွင်းနိုင်ငံများထက် GDP နည်းပါးလျက်ရှိသည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း၊ GDP သည် အလုပ်လုပ်မှ တိုးတက်မည်ဖြစ်ကြောင်း၊ မိမိမကြာခဏ ပြောသကဲ့သို့ပင် ထုတ်ကုန်ပစ္စည်းမရှိဘဲ ရောင်းကုန် ပစ္စည်းရမည်မဟုတ်ကြောင်း၊ ရောင်းကုန်ပစ္စည်းရမှသာလျှင် ဝင်ငွေရနိုင်မည် ဖြစ်သဖြင့် ကုန်ထုတ်လုပ်မှုကို အားပေးရမည်ဖြစ်ကြောင်း၊ ကောင်စီဝင်များအနေဖြင့်လည်း မိမိတို့တာဝန်ယူထားသည့် နယ်မြေဒေသများသို့ ရောက်ရှိချိန်တွင် ကုန်ထုတ်လုပ်မှုများကို အားပေးဆောင်ရွက်ကြစေလိုကြောင်း။

နောက်တစ်ချက်အနေဖြင့် သတင်းအတုများနှင့် ပတ်သက်၍ မဟုတ်မမှန်ဖြန့်ဝေလျက်ရှိသည်ကို တွေ့ရှိရကြောင်း၊ မဖြစ်နိုင်ဖွယ် သတင်းမှား၊ သတင်းအတုများ ဖြစ်သော်လည်း ပြည်သူလူထုကို အထင်အမြင်လွဲမှားစေရေး ရည်ရွယ်ချက်ရှိရှိ ကျယ်ကျယ်ပြန့်ပြန့် ဖြန့်ဝေလျက်ရှိသဖြင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ အဖွဲ့အစည်းများအနေဖြင့် ပြန်လည်တုံ့ပြန်ဆောင်ရွက်ရန်လိုအပ်မည်ဖြစ်ကာ ပြည်သူလူထုများ သတင်းအမှန်ကို သိရှိစေရေး ဆောင်ရွက်သွားရန် လိုကြောင်း ပြောကြားသည်။

ထို့နောက် ကောင်စီဝင်များက ကချင်ပြည်နယ်အတွင်း ကျောက်စိမ်းနှင့်သတ္တု သယံဇာတများအား တိုင်းရင်းသားလက်နက်ကိုင်များမှ တရားမဝင်တူးဖော်၍ တစ်ဖက်နိုင်ငံသို့ တင်ပို့ရောင်းချလျက်ရှိမှု၊ ကယားပြည်နယ်အတွင်းရှိ တိုက်ပွဲရှောင်ပြည်သူများ၏ စားဝတ်နေရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးရန် လိုအပ်လျက်ရှိမှု၊ အချို့တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် PDF အမည်ခံ အကြမ်းဖက်သမားများ၏ အကြမ်းဖက်လုပ်ရပ်ဖြစ်ရပ်မှန်များကို တိုင်းရင်းသားပြည်သူများအားလုံးသိရှိအောင် ဆောင်ရွက်ပေးရန်လိုအပ်မှု၊ မြန်မာနိုင်ငံ၏ပြည်တွင်းရေးကို ပြည်ပအင်အားကြီး အနောက်အုပ်စုနိုင်ငံအချို့မှ ဝင်ရောက်စွက်ဖက်လျက်ရှိမှုနှင့် အခြားကိစ္စရပ်များကို အသီးသီးတင်ပြကြသည်။

ယင်းနောက် ကောင်စီတွဲဖက်အတွင်းရေးမှူးက ၂၀၂၃ ခုနှစ်အတွင်း နိုင်ငံတော်၏ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကိစ္စရပ်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က လက်ရှိဖြစ်ပေါ်နေသည့် လက်နက်ကိုင်အကြမ်းဖက်မှုများ ပပျောက်စေရေးအတွက် သတင်းအချက်အလက်များ မှန်ကန်စွာရရှိရေး အားလုံးဝိုင်းဝန်းဆောင်ရွက်ကြရန် လိုအပ်သည့် ကိစ္စရပ်များနှင့်ပတ်သက်၍ ဆွေးနွေးပြောကြားသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က နိဂုံးချုပ်အမှာစကားပြောကြားရာတွင် စီးပွားရေးနှင့်ပတ်သက်၍ မိမိတို့နိုင်ငံတွင် အခွန်ရှောင်နေသူများစွာရှိကြောင်း၊ အခွန်အကောက်နှင့်ပတ်သက်၍ မှန်မှန်ကန်ကန်ရရှိရေးသည် အရေးကြီးကြောင်း၊ ကောလာဟလ သတင်းများကြောင့် ဘဏ်များမှ ငွေပြန်လည်ထုတ်ယူသူများရှိခဲ့ကြောင်း၊ ယခုအချိန်တွင် မရှိတော့ပါကြောင်း၊ ဘဏ်များ၏လုံခြုံရေးနှင့် ပတ်သက်၍ ပုဂ္ဂလိကဘဏ်များ၏ လုံခြုံရေးရှိသကဲ့သို့ အစိုးရဘဏ်များ၏ လုံခြုံရေးလည်းရှိကြောင်း၊ ဘဏ်လုံခြုံရေးနှင့်ပတ်သက်၍ ပြီးခဲ့သည့်ဖြစ်စဉ်များကို ပြန်ကြည့်ပါက ဘဏ်ဝန်ထမ်းများသည် အဖျက်အမှောင့် လုပ်ငန်းများတွင် ပါဝင်နေသည်ကို တွေ့ရကြောင်း၊ ဘဏ်ဝန်ထမ်းများ၏ လုပ်ဆောင်ချက်သည် များစွာ အရေးပါကြောင်း။

PDF အမည်ခံအကြမ်းဖက်သမားများသည် ငွေရလွယ်သည့်ဘဏ်များကို အဓိကထား တိုက်ခိုက်လာကြသည်ကို တွေ့ရကြောင်း၊ ပြီးခဲ့သည့် ရက်သတ္တပတ်က ကောလင်းမြို့ရှိ ပုဂ္ဂလိကဘဏ်တစ်ခုအား PDF အမည်ခံအကြမ်းဖက်သမားများက ဒေသခံဘဏ်ဝန်ထမ်းများအား ခြိမ်းခြောက်၍ ငွေများလုယူခဲ့ရာ ဘီလီယံ ၄၀ ကျော် ဆုံးရှုံးမှုဖြစ်ခဲ့ကြောင်း၊ ထို့ကြောင့် ပုဂ္ဂလိကဘဏ်လုံခြုံရေးကို မြန်မာနိုင်ငံရဲတပ်ဖွဲ့များဖြင့် ဆောင်ရွက်စေလျက်ရှိပြီး အလွန်အရေးကြီးသည့် ဘဏ်များတွင်သာ တပ်မတော်သားများဖြင့် လုံခြုံရေးဆောင်ရွက်ပေးလျက်ရှိကြောင်း။

ကုန်ထုတ်လုပ်မှုနှင့်ပတ်သက်၍ နိုင်ငံအတွင်း၌ အရင်းအနှီးရှိသူများအနေဖြင့် ထိုငွေများကို တိုင်းပြည်၏ ကုန်ထုတ်လုပ်မှုလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံမှုများ ဆောင်ရွက်ပါက များစွာအကျိုးရှိမည်ဖြစ်ကြောင်း၊ အရင်းအနှီးမတတ်နိုင်သဖြင့် တောင်သူများသည် စိုက်ပျိုးရေးလုပ်ငန်းများနှင့် မွေးမြူရေးလုပ်ငန်းများကို လုပ်ကိုင်နိုင်ခြင်း မရှိကြသည်ကို တွေ့ရကြောင်း၊ ငွေကြေးတတ်နိုင်သူများအနေဖြင့် မိမိတို့၏ ငွေကြေးများကိုအသုံးပြုပြီး စိုက်ပျိုးရေးလုပ်ငန်းများနှင့် မွေးမြူရေးလုပ်ငန်းများတွင် လိုအပ်သည့် မျိုး၊ နည်းပညာ၊ အစားအစာ၊ မြေဩဇာ၊ ရေရရှိရေးစသည်တို့ကို ဦးဆောင်စည်းရုံး ဆောင်ရွက်မည်ဆိုပါက များစွာအကျိုးဖြစ်ထွန်းမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံ၏ အဓိကစီးပွားရေးလုပ်ငန်းဖြစ်သည့် စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အခြေခံသော ကုန်ထုတ်လုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံမှုများဆောင်ရွက်လိုပါက နိုင်ငံတော်အနေဖြင့် အားပေးရန်အဆင်သင့်ရှိပါကြောင်း၊ ထို့အတူ MSME လုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံလိုပါကလည်း သက်ဆိုင်ရာဌာနများအနေဖြင့် အပြည့်အဝကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း။

စိုက်ပျိုးရေးနှင့်ပတ်သက်၍ ပြောင်းနှင့် နေကြာကို ပိုမိုစိုက်ပျိုးပေးနိုင်မည့် အခြေအနေကို တွေ့ရကြောင်း၊ ပြီးခဲ့သည့်နှစ်က မိုးစပါးစိုက်ပြီး အခြားသီးနှံစိုက်သည့် သီးထပ်စွမ်းအား အလွန်နည်းသည်ကို တွေ့ရကြောင်း၊ မိုးသီးနှံစိုက်ပျိုးပြီးပါက သီးထပ်စိုက်ပျိုးနိုင်သည့် သီးနှံများမရှိသောကြောင့် လယ်ယာမြေများ အလဟဿဖြစ်ပြီး အကျိုးမရှိသည်ကို တွေ့ရကြောင်း၊ ထို့ကြောင့် မိုးသီးနှံစိုက်ပျိုးပြီးချိန်၌ ပြောင်းသီးနှံနှင့် နေကြာသီးနှံတို့ကို စိုက်ပျိုးပါက အကျိုးကျေးဇူးများစွာရရှိမည်ဖြစ်ကြောင်း၊ ထို့အတူ ကော်ဖီစိုက်ပျိုးရေးကို အားပေးရန်လိုကြောင်း၊ မိမိတို့အနေဖြင့် စီမံကိန်းတစ်ခုကို ဆောင်ရွက်ပါက မှန်မှန်ကန်ကန် ဆောင်ရွက်ရန်လိုအပ်ကြောင်း၊ တာဝန်ရှိသူများအနေဖြင့် နိုင်ငံအတွက်အကျိုးဖြစ်ထွန်းမည့် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကို စိတ်ဝင်တစားဖြင့် မေးမြန်းအကြံပေးတိုက်တွန်းပြောကြားရန် လိုအပ်ကြောင်း၊ ထိုသို့ဆောင်ရွက်ပေးခြင်းသည် နိုင်ငံ့စီးပွားမြှင့်တင်ရေးတွင်လည်း များစွာအထောက်အကူဖြစ်ကြောင်း၊ အဓိကကျသည့် စိုက်ပျိုးရေးလုပ်ငန်းနှင့် မွေးမြူရေးလုပ်ငန်းများတွင် အစိုးရအနေဖြင့် အလုပ်လုပ်နိုင်အောင်ဖန်တီးပေးရန်နှင့် အားပေးရန် လိုအပ်ကြောင်း။

ပညာရေးနှင့်ပတ်သက်၍ အားနည်းသည့် ဒေသသုံးခုရှိကြောင်း၊ ယင်းတို့မှာ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကယားပြည်နယ်နှင့် ချင်းပြည်နယ်တို့ဖြစ်ကြောင်း၊ ယခုဖြစ်ပွားခဲ့သည့် ပြဿနာများကြောင့် ကယားပြည်နယ်နှင့် ချင်းပြည်နယ်တို့ရှိ တက္ကသိုလ်များ ပိတ်ထားရကြောင်း၊ ထို့ကြောင့် ကယားပြည်နယ်နှင့် ချင်းပြည်နယ်တို့သည် ပညာရေးတွင် နောက်ကျကျန်ခဲ့ကြောင်း၊ ယခုအချိန်တွင် လက်နက်ကိုင်ပြီး အာဏာလိုချင်သည့်သူများ ပေါ်ပေါက်လာပါကြောင်း၊ ယင်းစိတ်ဓာတ်များကို ပြုပြင်ရန် လိုအပ်ပါကြောင်း၊ ထို့ကြောင့် ပါတီစုံဒီမိုကရေစီစနစ်ကိုသွားရန် ပညာတတ်များ လိုအပ်ပါကြောင်း၊ ပါတီစုံဒီမိုကရေစီစနစ်ကို တပ်မတော်က ဦးဆောင်၍သွားမည်၊ ပြည်သူကလည်း လိုချင်သည့်အတွက် ပြည်သူနှင့်တစ်သားတည်းဖြစ်မည်၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်မည်ဟူသည့် ဦးတည်ချက်များကို မဖြစ်ဖြစ်အောင် အကောင်အထည်ဖော် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ တပ်မတော်အနေဖြင့် ဦးဆောင်ပြီး ခိုင်ခိုင်မာမာ တည်ဆောက်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်း မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံ သံအမတ်ကြီးအား လက်ခံတွေ့ဆုံ

**နေပြည်တော် နိုဝင်ဘာ ၂၉**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်းသည် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံ သံအမတ်ကြီး H.E. Mr. Vinay Kumar အား ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

**ဆွေးနွေး**

ထိုသို့တွေ့ဆုံရာတွင် မြန်မာနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့အကြား ကာကွယ်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများကို ဆက်လက်တိုးမြှင့်ဆောင်ရွက်သွားနိုင်မည့် အခြေအနေများ၊ နှစ်နိုင်ငံနယ်စပ်ဒေသရှိ လုံခြုံရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုနှင့် တပ်မတော်နှစ်ရပ်အကြား လေ့ကျင့်ရေးဆိုင်ရာ ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ပြည်ထောင်စုဝန်ကြီးနှင့်အတူ တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရသည်။

**သတင်းစဉ်**





# ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံ သံအမတ်ကြီး H.E. Mr. Vinay Kumar အား လက်ခံတွေ့ဆုံ

**နေပြည်တော် နိုဝင်ဘာ ၂၉**

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံ သံအမတ်ကြီး H.E. Mr. Vinay Kumar အား ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

**ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်သွားရေး**

တွေ့ဆုံစဉ် မြန်မာ-အိန္ဒိယ နှစ်နိုင်ငံအကြား အစဉ်အလာအရ ချစ်ကြည်ရင်းနှီးသော ဆက်ဆံရေးနှင့် နှစ်နိုင်ငံအကျိုးတူ ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးမြှင့်ရေး၊ မြန်မာ-အိန္ဒိယ နှစ်နိုင်ငံ နယ်စပ်ဒေသ တရားဥပဒေစိုးမိုးရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်သွားရေးတို့နှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

**သတင်းစဉ်**

# လေးစားတန်ဖိုးထားရမည့် မတူကွဲပြားမှု

သိန်းထွန်း (IR)

**ကိုယ်စီအရည်အသွေး**

ကျွန်တော်တို့နေထိုင်ရာ သဘာဝလောကကြီးဟာ မတူညီတဲ့ အလှတရားတွေ၊ အရည်အသွေးတွေနဲ့ ဖန်တီးထားပါတယ်။ သဘာဝတရားရဲ့ အံ့မခန်းဖန်တီးမှုပါ။ ကိုယ့်ပတ်ဝန်းကျင်မှာရှိတဲ့ သက်ရှိ၊ သက်မဲ့တွေကို ကြည့်ကြည့်ပါ။ အရောင်အသွေးစုံလင်လှတဲ့ သဘာဝအလှတရားတွေဟာ သူ့အဆင်း၊ သူ့အချင်းနဲ့ လှပတန်ဖိုးရှိနေကြတာချည်းပါပဲ။

သဘာဝတရားကြီးက သက်ရှိလည်း သက်ရှိအလျောက်၊ သက်မဲ့လည်း သက်မဲ့အလျောက် ကိုယ်ပိုင်အလှ၊ ကိုယ်ပိုင်အရည်အသွေးတွေ ပေးထားပါတယ်။ အဲဒီ ကိုယ်စီအလှနဲ့ အရည်အသွေးတွေထဲမှာ တူတာတွေလည်း ရှိတယ်၊ မတူတာတွေလည်းရှိတယ်။ အချို့က သိသိသာသာ ကွဲပြားကြတယ်။ အချို့က နည်းနည်းပဲ ကွဲပြားကြတယ်။ အဲဒီလို မတူကွဲပြားနေတာတွေကပဲ တစ်ခုချင်းစီရဲ့ မတူကွဲပြားမှုတန်ဖိုးဖြစ်နေတာပါ။ ပန်းအလှဆင်တဲ့သူတွေဟာ ပန်းတစ်မျိုးချင်းစီရဲ့ မတူကွဲပြားမှုတန်ဖိုးကိုသုံးပြီး လှပတဲ့ ပန်းအိုးတွေကို ဖန်တီးကြပါတယ်။ သူတို့က မတူတဲ့အလှနဲ့ အရည်အသွေးတွေကို အချိုးကျကျ ပေါင်းစပ်အသုံးချလိုက်တဲ့အခါမှာ လှပတဲ့ပန်းအိုးတစ်လုံး ဖြစ်လာပါတယ်။

လူမှုပတ်ဝန်းကျင်မှာလည်း အဲဒီလိုပါပဲ။ လူတစ်ဦးချင်းစီတိုင်းမှာ အခြားသူနဲ့မတူတဲ့ အလှတရား၊ အရည်အသွေး၊ စွမ်းရည်နဲ့ ကျွမ်းကျင်မှုတွေ ရှိကြပါတယ်။ ကမ္ဘာပေါ်မှာ လူဦးရေ ရှစ်ဘီလီယံကျော်ရှိပါတယ်။ အဲဒီထဲမှာ လူမျိုး၊ အသားအရေ၊ ရုပ်သွင်ပြင်၊ ဘာသာတရား၊ ယဉ်ကျေးမှု၊ ယုံကြည်မှုနဲ့ တန်ဖိုးထားမှု စတဲ့ မတူညီတာတွေ အများကြီးပါ။ ဒါပေမဲ့ တစ်ဦးနဲ့တစ်ဦး ဘယ်လိုပဲ ကွဲပြားခြားနားပါစေ အဲဒီကွဲပြားခြားနားမှုကပဲ သူ့ရဲ့ကိုယ်ပိုင်တန်ဖိုး အနေနဲ့ ပိုင်ဆိုင်ထားကြပါတယ်။

ကျွန်တော်တို့တစ်တွေဟာ လူအများနဲ့ စုပေါင်းနေထိုင်လုပ်ကိုင်ကြတဲ့အခါ သူ့နေရာနဲ့သူ တစ်ဦးချင်းစီရဲ့ မတူညီတဲ့ တန်ဖိုးတွေ အသုံးဝင်တာကို တွေ့ဖူးကြပါလိမ့်မယ်။ မတူကွဲပြားမှုတွေကို အံဝင်ခွင်ကျ အသုံးချနိုင်မှုပဲ ဖြစ်ပါတယ်။ ဒါကြောင့် လူအများနဲ့ စုပေါင်းအလုပ်လုပ်ကြတဲ့အခါ ဒါမှမဟုတ် ပေါင်းသင်းဆက်ဆံကြတဲ့အခါမှာ လူတစ်ဦးချင်းစီရဲ့ တန်ဖိုးတွေကို လေးစားတန်ဖိုးထား အသုံးချနိုင်တဲ့အပေါ်မူတည်ပြီး ကိုယ်နဲ့ ကိုယ့်ပတ်ဝန်းကျင်ကို တိုးတက်အောင် လုပ်ဆောင်နိုင်ပါတယ်။

**လေးစားတန်ဖိုးထား**

အဲဒီတော့ တစ်ဦးချင်းစီအလိုက်ရှိကြတဲ့ မတူညီတဲ့တန်ဖိုးတွေကို ရှုမြင်တတ်၊ ရှာဖွေတတ်၊ လေးစားတန်ဖိုးထားတတ်ဖို့ဟာ လူတိုင်းအတွက် အရေးပါတဲ့ အရည်အချင်းတစ်ရပ် ဖြစ်လာပါတယ်။ ဥပမာ လူတစ်ယောက်တည်းကိုပဲ ပတ်ဝန်းကျင်က လူတွေက အမျိုးမျိုး မြင်တတ်ကြပါတယ်။ တစ်ယောက်နဲ့ တစ်ယောက်ရဲ့အမြင်တွေ မတူညီတတ်ကြပါဘူး။ ကြည့်ရှုခံရသူက တစ်ဦးတည်းဖြစ်ပေမယ့် ကြည့်ရှုသူပြောင်းလဲသွားတာနဲ့ အမြင်တွေပြောင်းလဲသွားတာဟာ ကြည့်ရှုသူ တစ်ဦးချင်းစီက သူတို့ရဲ့ စိတ်အခြေခံ၊ လိုအင်ဆန္ဒ၊ ဆင်ခြင်တုံတရား၊ ပတ်ဝန်းကျင်ရဲ့လွှမ်းမိုးခံရမှု စတဲ့ အကြောင်းတရားတွေအပေါ် မူတည်ပြီး ကြည့်ရှုကြတဲ့အတွက် အမြင်တွေ ကွဲပြားသွားကြပါတယ်။ တရုတ်တွေးခေါ် ပညာရှင်ကြီး ကွန်ဖြူးရှပ်က “အရာရာတိုင်းမှာ အလှတရားတွေ ရှိကြတယ်၊ ဒါပေမဲ့ အဲဒါတွေကို လူတိုင်းက မမြင်နိုင်ဘူး” လို့ ဆိုပါတယ်။

**လူမှုကျင့်ဝတ်ဖြစ်**

မတူညီမှုကို လေးစားတန်ဖိုးထားတာဟာ လူသားဆန်မှုနဲ့ ကျင့်ဝတ်ဆိုင်ရာအမူအကျင့်တွေရဲ့ အခြေခံလို့ ဆိုကြပါတယ်။ လူတစ်ဦးကို လေးစားတန်ဖိုးထားတယ်ဆိုတာ သူ့ရဲ့မတူကွဲပြားတာတွေကို လျစ်လျူရှုတာ ဒါမှမဟုတ် သည်းခံတာကို မဆိုလိုပါဘူး။ အဲဒီအစား သူ့ရဲ့ မတူကွဲပြားတာတွေကို အသိအမှတ်ပြုတယ်၊ သူတို့ရဲ့ အရေးပါမှုကို နားလည်ပေးတယ်။ ပြီးတော့ မတူကွဲပြားတဲ့အပေါ်မှာ စိတ်ဝင်စားမှု၊ ယဉ်ကျေးမှုနဲ့ ဂရုစိုက်တာတွေ ပါပါတယ်။ ဒါကြောင့် လူ့အဖွဲ့အစည်းအတွင်းမှာ တစ်ဦးနဲ့ တစ်ဦး ယုံကြည်မှုမျှဝေပေးပြီး လေးစားတန်ဖိုးထားတတ်တဲ့ ကျင့်ဝတ်တွေ လိုက်နာမယ်ဆိုရင် မတူကွဲပြားတာတွေကို ကျော်လွှန်ရှုမြင်နိုင်ပါတယ်။

ဒီကနေ့မှာ လူမှုကျင့်ဝတ်လိုက်နာမှုတွေ လျော့နည်းနေပါတယ်။ အဲဒီလို အချိန်မှာ မတူကွဲပြားတာကို လေးစားတန်ဖိုးထားတတ်ဖို့ ကျင့်ဝတ်လိုက်နာတာတွေ ကဏ္ဍတိုင်း၊ နေရာတိုင်းမှာ လိုအပ်နေပါတယ်။ လိုက်နာရမယ့် လူမှုကျင့်ဝတ်တွေထဲမှာ ကိုယ်အမူအရာ၊ နှုတ်အမူအရာစတဲ့ ကိုယ်စိတ်နှလုံး သုံးပါးစလုံးနဲ့ လေးစားတတ်တဲ့ အမူအကျင့်တွေ ပါပါတယ်။ အထူးသဖြင့် (၂၁) ရာစုမှာ ပညာရေးဆိုင်ရာ ကျွမ်းကျင်မှုတွေအပြင် ကိုယ်ရည်ကိုယ်သွေးဆိုတဲ့ အရည်အချင်းတွေလည်း လိုအပ်နေပါတယ်။ ကဏ္ဍတိုင်းမှာ ဆက်ဆံလုပ်ကိုင်ရတာတွေ ကျယ်ပြန့်နေတဲ့အတွက် အရည်အချင်း ကန့်သတ်ဘောင်ထဲမှာ နေလို့မရတော့ပါဘူး။ မတူကွဲပြားတာတွေကို အပြုသဘော တုံ့ပြန်နိုင်ဖို့ ကိုယ့်မှာအရည်အသွေးနဲ့ ကျင့်ဝတ် လိုက်နာမှုတွေ ဖြည့်ဆည်းထားဖို့လိုမှာ ဖြစ်ပါတယ်။ ဒါမှ သူ့အကျိုး၊ ကိုယ့်အကျိုး ဖော်ဆောင်နိုင်မှာပါ။

**အပြုသဘောတုံ့ပြန်**

မတူကွဲပြားတာတွေကို လေးစားတန်ဖိုးထားပြီး အပြုသဘောဘယ်လို တုံ့ပြန်နိုင်တယ်ဆိုတာက လူတစ်ဦးရဲ့ ကိုယ်ပိုင် အရည်အချင်းတစ်ရပ်ပါ။ ဒါကြောင့်မို့ ဒီကနေ့ အလုပ်လျှောက်ကြတဲ့အခါ မတူကွဲပြားတဲ့အပေါ် လေးစားတန်ဖိုးထားတတ်တဲ့ အရည်အချင်းကို လိုအပ်ချက်တစ်ခုအနေနဲ့ ထည့်သွင်းတောင်းဆိုကြပါတယ်။ အဲဒီအရည်အချင်းပြည့်ဝမှ လုပ်ငန်းခွင်အတွင်းမှာ စုပေါင်း လုပ်ကိုင်နိုင်မှာမို့ လုပ်ငန်းလိုအပ်ချက်တစ်ရပ်အနေနဲ့ တောင်းဆိုကြတာပါ။

လုပ်ငန်းခွင်အတွင်းမှာ မတူကွဲပြားတာတွေကို အပြန်အလှန်လေးစားတန်ဖိုးထားပြီး အပြုသဘောတုံ့ပြန်နိုင်မှ အဖွဲ့အစည်းစိတ်ဓာတ်ကို တည်ဆောက်နိုင်ပါတယ်။ ဒ့ါအပြင် တီထွင်ဖန်တီးမှုနဲ့ ပြဿနာဖြေရှင်းမှုတွေမှာ ပိုပြီးကောင်းမွန်တဲ့ အခွင့်အလမ်းတွေ ရရှိစေတာ၊ ပိုပြီးထိရောက်တဲ့ ဆုံးဖြတ်ချက်တွေ ချမှတ်နိုင်တာ၊ အမြတ်အစွန်းနဲ့ ကုန်ထုတ်စွမ်းအားတိုးတက်စေတာ၊ ဝန်ထမ်းအလုပ်ထွက်တာတွေ လျှော့ချနိုင်တာ စတဲ့ အကျိုးကျေးဇူးတွေ ရရှိစေနိုင်ပါတယ်။ အခုဆိုရင် လုပ်ငန်းနယ်ပယ်အသီးသီးနဲ့ လူမှုဆက်ဆံရေး နယ်ပယ်တွေဟာ ပိုပြီးရှုပ်ထွေး ကျယ်ပြန့်နေပါတယ်။ ကိုယ်ကျင်လည်ရတဲ့နယ်ပယ် ကျယ်ပြန့်လေ မတူကွဲပြားတာတွေအပေါ် အပြုသဘောတုံ့ပြန်နိုင်တဲ့ အရည်အသွေး ပိုလိုအပ်လေပါပဲ။ ဒါဟာ ဘယ်လူ့အဖွဲ့အစည်း၊ ဘယ်လိုအခြေအနေမျိုးမှာဖြစ်ဖြစ် လိုအပ်ချက်တစ်ခု ဖြစ်နေပါပြီ။

**ကိုယ့်ကိုယ်ကိုယ် လေးစားတန်ဖိုးထားခြင်းဖြစ်**

အပြန်အလှန် လေးစားတာနဲ့ ပတ်သက်လို့ ကျွန်တော်တို့ မြန်မာစကားမှာ ကျီးကို ဘုတ်ရှိသေ၊ ဘုတ်ကို ကျီးရိုသေဆိုပြီး ပြောလေ့ရှိပါတယ်။ တစ်ဦးနဲ့တစ်ဦး အပြန်အလှန် လေးစားဖို့ပါပဲ။ သူတစ်ပါးကို လေးစားတန်ဖိုးထားလိုက်တာဟာ ကိုယ့်ကိုယ်ကိုယ် လေးစားတန်ဖိုးထားတာလည်း ဖြစ်ပါတယ်။ ကိုယ်က သူတစ်ပါးကို လေးစားတန်ဖိုးထားလိုက်တဲ့အခါ တစ်ဖက်သားကို မြှင့်တင်ပေးရာရောက်သလို ကိုယ်ကိုယ်တိုင်ရဲ့တန်ဖိုးကိုလည်း မြှင့်တင်ရာရောက်ပါတယ်။

မန်လည်ဆရာတော်ကြီး ရေးသားခဲ့တဲ့ မဃဒေဝလင်္ကာသစ်ပျိုးမှ အဆုံးအမတွင် ညွှန်ပြထားသလို “သူ့ကိုချီးမြှောက်၊ ကိုယ့်ဂုဏ်မြှောက်၏၊ ယွင်းဖောက်အလို၊ ဝန်မတိုနှင့်၊ သူ့ကို ဂုဏ်နှိမ့်၊ ကိုယ့်ဂုဏ်နှိမ့်၏” လို့ ညွှန်ပြထားပါတယ်။ အများအားဖြင့် လူရဲ့သဘောက ကိုယ်က သာယူချင်ကြပြီး ပေးဖို့တော့ ဝန်လေးတတ်ကြပါတယ်။ ပေးတယ်ဆိုရာမှာ ပစ္စည်းဥစ္စာ၊ ငွေကြေးတွေမဆိုနဲ့ လေးစားတန်ဖိုးထားပေးဖို့တောင် ဝန်လေးတတ်ကြပါတယ်။ အခြားသူတွေအပေါ် လေးစားတန်ဖိုးထားတာတွေ အားနည်းလာတာဟာ လုပ်ငန်းခွင်နဲ့ လူမှုပေါင်းသင်းဆက်ဆံရေးတွေကို ထိခိုက်စေရုံသာမကပါဘူး။ ကိုယ့်ကိုယ်ကိုယ် လေးစားတန်ဖိုးထားတာကိုလည်း ထိခိုက်စေပါတယ်။ ကိုယ့်ကိုယ်ကိုယ်မှ မလေးစားတတ်သူဟာ သူတစ်ပါးကိုလည်း လေးစားဖို့ခက်ပါတယ်။

**အရည်အသွေးမြှင့်တင်**

မတူကွဲပြားတာတွေကို လေးစားတန်ဖိုးထားဖို့အတွက် ဦးဆုံးကိုယ့်အကြောင်း ကိုယ်သိဖို့ ကြိုးစားရပါလိမ့်မယ်။ ကိုယ့်အကြောင်းသိရမယ့် အရာတွေထဲမှာ ကိုယ်ရဲ့အစွဲ၊ အမြင်၊ ယုံကြည်ချက်၊ ယူဆချက်၊ ဘက်လိုက်မှု၊ ကြိုတင်ဆုံးဖြတ်ထားမှုနဲ့ အကျိုးစီးပွားတွေ ပါပါတယ်။ ကိုယ့်မှာရှိနေတဲ့ အဲဒီအခြေအနေမှန်တွေကိုသိပြီး လက်ခံထားဖို့ လိုပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ အဲဒါတွေက အခြားသူတွေရဲ့ မတူကွဲပြားမှုကို နားလည်ပေးရာမှာ ကန့်သတ်ချက်ဖြစ်နိုင်လို့ပါပဲ။ ကိုယ်ကိုယ်တိုင်က ကိုယ့်အကြောင်းကိုမသိဘဲနဲ့ အခြားသူတွေအပေါ် နားလည်လက်ခံပေးဖို့ဆိုတာ မလွယ်ပါဘူး။

ကိုယ့်အကြောင်းသိဖို့အပြင် အခြားသူတွေမှာ ရှိတဲ့ မတူကွဲပြားတာတွေကိုလည်း သိဖို့လိုပါမယ်။ အခြားသူတွေမှာ ရှိနေတဲ့ မတူကွဲပြားတာတွေကို သေချာသိမှ ဘာကို လေးစားတန်ဖိုးထားရမယ်ဆိုတာကို ဆုံးဖြတ်နိုင်မှာပါ။ နောက်တစ်ခုကတော့ မတူကွဲပြားတာနဲ့ပတ်သက်တဲ့ ကိုယ့်ရဲ့အမြင်တွေကို ကျယ်ပြန့်စေဖို့ပဲ ဖြစ်ပါတယ်။ မတူကွဲပြားတာတွေကို ပိုပြီးသိရှိနားလည်မှ ကိုယ့်ရဲ့အရည်အသွေးတွေ ပိုမြှင့်တင်နိုင်မှာ ဖြစ်ပါတယ်။

**စိတ်ရင်းအခြေခံ**

မတူကွဲပြားမှုတွေကို လေးစားတန်ဖိုးထားခြင်းဟာ ကိုယ်ရည်ကိုယ်သွေးတစ်ခုဖြစ်လို့ ပြုစုပျိုးထောင်လို့ရပါတယ်။ သူတစ်ပါးအပေါ် လေးစားတန်ဖိုးထားတတ်ဖို့ လေ့ကျင့်ယူလို့ ရတာမှန်ပေမယ့် စစ်မှန်တဲ့ လေးစားတန်ဖိုးထားမှုဖြစ်ဖို့ကတော့ ကိုယ့်ရဲ့စိတ်ရင်းအပေါ် အခြေခံမှာပါ။ ပြင်သစ်စာရေးဆရာ Jean Anouilh ကတော့ သင်ကသာ အရာရာတိုင်းကို ချစ်နေမယ်ဆိုရင် အရာရာတိုင်းဟာ လှပနေမှာပါလို့ ဆိုပါတယ်။ ချစ်တတ်တဲ့စိတ်ကသာ အရာရာကို လှပစေတဲ့သဘောပါပဲ။ ကိုယ်တိုင်က မေတ္တာအရင်းခံစိတ်နဲ့ အခြားသူတွေရဲ့ မတူကွဲပြားတဲ့ အားသာချက်၊ အရည်အချင်း၊ စိတ်ဝင်စားမှုနဲ့ အမြင်တွေကို နားလည်လေးစား တန်ဖိုးထားမယ်ဆိုရင် ပိုမိုကောင်းမွန်တဲ့ လူမှုအသိုက်အဝန်းကို တည်ဆောက်နိုင်မှာ ဖြစ်ပါတယ်။ ။

> **“မတူညီမှုကို လေးစားတန်ဖိုးထားတာဟာ လူသားဆန်မှုနဲ့ ကျင့်ဝတ်ဆိုင်ရာအမူအကျင့်တွေရဲ့ အခြေခံလို့ ဆိုကြပါတယ်။ လူတစ်ဦးကို လေးစားတန်ဖိုးထားတယ်ဆိုတာ သူ့ရဲ့မတူကွဲပြားတာတွေကို လျစ်လျူရှုတာ ဒါမှမဟုတ် သည်းခံတာကို မဆိုလိုပါဘူး။ အဲဒီအစား သူ့ရဲ့မတူကွဲပြားတာတွေကို အသိအမှတ်ပြုတယ်၊ သူတို့ရဲ့ အရေးပါမှုကို နားလည်ပေးတယ်။ ပြီးတော့ မတူကွဲပြားတဲ့အပေါ်မှာ စိတ်ဝင်စားမှု၊ ယဉ်ကျေးမှုနဲ့ ဂရုစိုက်တာတွေ ပါပါတယ်။ ဒါကြောင့် လူ့အဖွဲ့အစည်းအတွင်းမှာ တစ်ဦးနဲ့တစ်ဦး ယုံကြည်မှုမျှဝေပေးပြီး လေးစားတန်ဖိုးထားတတ်တဲ့ ကျင့်ဝတ်တွေ လိုက်နာမယ်ဆိုရင် မတူကွဲပြားတာတွေကို ကျော်လွှန်ရှုမြင်နိုင်ပါတယ်။”**

> **“မတူကွဲပြားမှုတွေကို လေးစားတန်ဖိုးထားခြင်းဟာ ကိုယ်ရည်ကိုယ်သွေးတစ်ခုဖြစ်လို့ ပြုစုပျိုးထောင်လို့ရပါတယ်။ သူတစ်ပါးအပေါ် လေးစားတန်ဖိုးထားတတ်ဖို့ လေ့ကျင့်ယူလို့ရတာမှန်ပေမယ့် စစ်မှန်တဲ့ လေးစားတန်ဖိုးထားမှုဖြစ်ဖို့ကတော့ ကိုယ့်ရဲ့စိတ်ရင်းအပေါ် အခြေခံမှာပါ။ ပြင်သစ်စာရေးဆရာ Jean Anouilh ကတော့ သင်ကသာ အရာရာတိုင်းကို ချစ်နေမယ်ဆိုရင် အရာရာတိုင်းဟာ လှပနေမှာပါလို့ဆိုပါတယ်။ ချစ်တတ်တဲ့စိတ်ကသာ အရာရာကိုလှပစေတဲ့ သဘောပါပဲ။ ကိုယ်တိုင်က မေတ္တာအရင်းခံစိတ်နဲ့ အခြားသူတွေရဲ့ မတူကွဲပြားတဲ့ အားသာချက်၊ အရည်အချင်း၊ စိတ်ဝင်စားမှုနဲ့ အမြင်တွေကို နားလည်လေးစားတန်ဖိုးထားမယ်ဆိုရင် ပိုမိုကောင်းမွန်တဲ့ လူမှုအသိုက်အဝန်းကို တည်ဆောက်နိုင်မှာ ဖြစ်ပါတယ်။”**

## ၈၈ မျိုးဆက်ကျောင်းသားလူငယ်များ (ပြည်ထောင်စုမြန်မာနိုင်ငံ) ပါတီကို နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြု

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**ကြေညာချက်အမှတ် ( ၅၁ / ၂၀၂၃ )**

၁၃၈၅ ခုနှစ် ၊ တန်ဆောင်မုန်းလပြည့်ကျော် ၂ ရက်
( ၂၀၂၃ ခုနှစ် ၊ နိုဝင်ဘာလ ၂၉ ရက် )

**၈၈ မျိုးဆက်ကျောင်းသားလူငယ်များ (ပြည်ထောင်စုမြန်မာနိုင်ငံ)ပါတီ**
**[THE 88 GENERATION STUDENT YOUTHS (UNION OF MYANMAR)PARTY] ကို**
**နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခြင်း**

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်ခရိုင်၊ လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်၊ ရွှေလင်ပန်း တန်ဖိုးနည်းအိမ်ရာ အပိုင်း(၁)၊ ရွှေနှင်းဆီလမ်း၊ အခန်း (၀၀၂)၊ တိုက် (၁၀)တွင် ပါတီရုံးချုပ် ဖွင့်လှစ်ထားရှိသော **၈၈ မျိုးဆက်ကျောင်းသားလူငယ်များ (ပြည်ထောင်စုမြန်မာနိုင်ငံ)ပါတီ [THE 88 GENERATION STUDENT YOUTHS (UNION OF MYANMAR)PARTY]** ကို ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ ၂၉ ရက်နေ့မှစ၍ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၉ နှင့်အညီ မှတ်ပုံတင်ခွင့်ပြုကြောင်း ကြေညာလိုက်သည်။

**၈၈ မျိုးဆက်ကျောင်းသားလူငယ်များ (ပြည်ထောင်စုမြန်မာနိုင်ငံ)ပါတီ [THE 88 GENERATION STUDENT YOUTHS (UNION OF MYANMAR)PARTY]** ၏ မှတ်ပုံတင်အမှတ်မှာ (၄၄) ဖြစ်ပါသည်။

**(ပုံ) သိန်းစိုး**
**ဥက္ကဋ္ဌ**
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားနိုင်ငံရေးအဖွဲ့ချုပ်ပါတီကို နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြု

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**ကြေညာချက်အမှတ် ( ၅၂ / ၂၀၂၃ )**

၁၃၈၅ ခုနှစ် ၊ တန်ဆောင်မုန်းလပြည့်ကျော် ၂ ရက်
( ၂၀၂၃ ခုနှစ် ၊ နိုဝင်ဘာလ ၂၉ ရက် )

**ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားနိုင်ငံရေးအဖွဲ့ချုပ်ပါတီ**
**(THE UNION OF MYANMAR FEDERATION OF NATIONAL POLITICS PARTY) ကို**
**နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခြင်း**

ပဲခူးတိုင်းဒေသကြီး၊ ပြည်ခရိုင်၊ ပြည်မြို့၊ ဆံတော်ရပ်ကွက်၊ စကားတောင်ရပ်၊ ပုထိုးကြီးလမ်း၊ အမှတ်(၄၅)တွင် ပါတီရုံးချုပ်ဖွင့်လှစ်ထားရှိသော **ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသားနိုင်ငံရေးအဖွဲ့ချုပ်ပါတီ (THE UNION OF MYANMAR FEDERATION OF NATIONAL POLITICS PARTY)** ကို ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ ၂၉ ရက်နေ့မှစ၍ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း ဥပဒေ ပုဒ်မ ၉ နှင့်အညီ မှတ်ပုံတင်ခွင့်ပြုကြောင်း ကြေညာလိုက်သည်။

**ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားနိုင်ငံရေးအဖွဲ့ချုပ်ပါတီ (THE UNION OF MYANMAR FEDERATION OF NATIONAL POLITICS PARTY)** ၏ မှတ်ပုံတင်အမှတ်မှာ (၄၅) ဖြစ်ပါသည်။

**(ပုံ) သိန်းစိုး**
**ဥက္ကဋ္ဌ**
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## ပြည်ထောင်စုနယ်မြေအတွင်း အကျုံးဝင်မှတ်ပုံတင်ထားသော အလုပ်ဌာနများမှ အာမခံအလုပ်သမားများကို ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေပါ အကျိုးခံစားခွင့်များ ခွင့်ပြုထုတ်ပေး

**နေပြည်တော် နိုဝင်ဘာ ၂၉**

၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေနှင့်အညီ ပြည်ထောင်စုနယ်မြေအတွင်း အကျုံးဝင်မှတ်ပုံတင်ထားသော အလုပ်ဌာနများမှ အာမခံအလုပ်သမားများအား အကျိုးခံစားခွင့်များထုတ်ပေးခြင်း အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ လူမှုဖူလုံရေးအဖွဲ့(ရုံးချုပ်) စုဝေးခန်းမ၌ ကျင်းပသည်။

**တက်ရောက်**

အခမ်းအနားသို့ အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်နောင်၊ ဒုတိယဝန်ကြီး ဦးဝင်းရှိန်၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ အလုပ်ရှင်၊ အလုပ်သမားကိုယ်စားလှယ်များ၊ အာမခံအလုပ်သမားများနှင့်အကျိုးခံစားခွင့်လက်ခံရယူမည့်သူများ တက်ရောက်ကြသည်။




အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက ပြည်ထောင်စုနယ်မြေအတွင်းရှိ လူမှုဖူလုံရေးအဖွဲ့တွင် အကျုံးဝင်မှတ်ပုံတင်ထားသော အာမခံအလုပ်သမားများအား ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေနှင့်အညီ ကျန်းမာရေးနှင့် လူမှုရေးစောင့်ရှောက်မှု အာမခံစနစ်အရ ဆေးဖိုးကုန်ကျစရိတ်များ ပြန်လည်ပေးအမ်းခြင်းနှင့် အလုပ်တွင်ထိခိုက်မှု အကျိုးခံစားခွင့်အာမခံစနစ်အရ လုပ်ငန်းခွင်ထိခိုက်မှုကြောင့် သေဆုံးသွားသည့် အာမခံအလုပ်သမား၏ ကျန်ရစ်သူမိသားစုများအား အကျိုးခံစားခွင့် ခွင့်ပြုထုတ်ပေးခြင်းဖြစ်ကြောင်း၊ တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးရှိ မြို့နယ်လူမှုဖူလုံရေးရုံး ၇၈ ရုံးတွင် အလုပ်ဌာန ၃၅၄၃၀ နှင့် အလုပ်သမား ၁၂၅၃၃၆၆ ဦး အကျုံးဝင်မှတ်ပုံတင်ထားပြီး ပြည်ထောင်စုနယ်မြေ လူမှုဖူလုံရေးအဖွဲ့တွင် အကျုံးဝင်မှတ်ပုံတင်ထားသည့် အလုပ်ဌာန ၁၀၇၄ ဌာန၊ အာမခံအလုပ်သမား ၂၆၅၆၅ ဦး ရှိကြောင်း။

အာမခံအလုပ်သမားများ ကျန်းမာရေးစောင့်ရှောက်မှု၊ မကျန်းမာမှု၊ မီးဖွားမှု၊ သေဆုံးမှုနှင့် အလုပ်တွင်ထိခိုက်မှုအတွက် ငွေကြေးအကျိုးခံစားခွင့်တို့အပြင် အငြိမ်းစားယူပြီးနောက် ဆေးဝါးကုသမှုဆက်လက်ခံယူခွင့်တို့အတွက် “One for all , All for one” (စုပေါင်းခြင်းဖြင့်ဖူလုံအံ့) ဆိုသည့် လူမှုဖူလုံရေးဆောင်ပုဒ်နှင့်အညီ ဆောင်ရွက်နေသည့် အဖွဲ့အစည်းတစ်ခုဖြစ်ခြင်းကြောင့် အလုပ်ရှင်များအနေဖြင့် မိမိအလုပ်သမားများအား ဥပဒေနှင့်အညီ အကျုံးဝင်မှတ်ပုံတင်ပြီး ထည့်ဝင်ကြေးများ ပေးသွင်းခြင်း၊ ဥပဒေနှင့်အညီ အကျိုးခံစားခွင့်များထုတ်ယူခြင်းဖြင့် အလုပ်သမားများ၏အကျိုးကို နစ်နာဆုံးရှုံးမှုမရှိအောင် ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်းနှင့် လူမှုဖူလုံရေးအဖွဲ့အနေဖြင့် ခေတ်ကာလနှင့်အညီ လိုက်လျောညီထွေဖြစ်စေမည့် ပိုမိုကောင်းမွန်သော ဝန်ဆောင်မှုများပေးနိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် အမြဲတမ်းအတွင်းဝန်တို့က ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေနှင့်အညီ ပြည်ထောင်စုနယ်မြေအတွင်း အကျုံးဝင်မှတ်ပုံတင်ထားသော အလုပ်ဌာနများမှ အာမခံအလုပ်သမား ၁၄ ဦးအား အကျိုးခံစားခွင့်ငွေကျပ် ၂၄၄၄၀၃၆၈ ကို လက်ရောက်ခွင့်ပြုထုတ်ပေးခဲ့သည်။ လူမှုဖူလုံရေးဥပဒေသစ် စတင်အကောင်အထည်ဖော်သည့် ၂၀၁၄ ခုနှစ်မှစ၍ ယနေ့အထိ လက်ရှိအကောင်အထည်ဖော်နေသော အာမခံစနစ်နှစ်မျိုးအောက်မှ ခွင့်ပြုထုတ်ပေးနေသည့် အကျိုးခံစားခွင့် ၁၅ မျိုးအတွက် တစ်နိုင်ငံလုံးအနေဖြင့် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် အောက်တိုဘာလအထိ အကျိုးခံစားခွင့်အမှုတွဲ ၁၈၅၃၁၄ မှုအတွက် ငွေကျပ် ၁၂၀၀၅ ဒသမ ၉၇၂ သန်းကို ခွင့်ပြုထုတ်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ဇမ္ဗူသီရိမြို့နယ်၌ ဒုတိယနေ့အဖြစ် မြန်မာအီလက်ထရောနစ် မဲပေးစက်နှင့်စပ်လျဉ်းပြီး ရှင်းလင်းပြသခြင်းနှင့် လက်တွေ့သရုပ်ပြ စမ်းသပ်မဲပေးခြင်းများ ဆောင်ရွက်

**နေပြည်တော် နိုဝင်ဘာ ၂၉**

ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်သည် ဇမ္ဗူသီရိမြို့နယ်၌ မြန်မာအီလက်ထရောနစ် မဲပေးစက်ရှင်းလင်းပြသခြင်းနှင့် လက်တွေ့သရုပ်ပြ စမ်းသပ်မဲပေးခြင်းများကို ဒုတိယနေ့အဖြစ် ဇမ္ဗူသီရိမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဆောင်ရွက်သည်။

အခမ်းအနားသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီနှင့် တိုင်းရင်းသား စည်းလုံးညီညွတ်ရေးပါတီတို့မှ ကိုယ်စားလှယ်များ၊ နေသိဒ္ဓိရပ်ကွက်၊ ဇေယျာသိဒ္ဓိရပ်ကွက်၊ ဗလသိဒ္ဓိရပ်ကွက်၊ ရွှေကြာပင်ရပ်ကွက်နှင့် တဲကြီးကုန်းကျေးရွာအုပ်စုတို့မှ အုပ်ချုပ်ရေးမှူးများ၊ အတွင်းရေးမှူးများနှင့် မဲဆန္ဒရှင်ပြည်သူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုနယ်မြေ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ရွေးကောက်ပွဲအရာရှိနှင့် တာဝန်ရှိသူများက မြန်မာအီလက်ထရောနစ် မဲပေးစက်တည်ဆောက်ပုံ၊ စက်အသုံးပြုပုံနည်းလမ်းများ၊ စက်နှင့်စပ်လျဉ်းသည့် အချက်အလက်များ၊ မဲပေးပုံနည်းစနစ်များကို မဲဆန္ဒရှင်ပြည်သူများ စနစ်တကျ သိရှိနားလည်ပြီး ကောင်းမွန်စွာ အသုံးပြုဆောင်ရွက်နိုင်သည်အထိ ရှင်းလင်းဆွေးနွေး၍ လက်တွေ့သရုပ်ပြသကြသည်။



ထို့နောက် မဲဆန္ဒရှင်ပြည်သူများက မဲပေးစက်၏ ထိန်းချုပ်စက်ကို ကိုယ်တိုင်ကိုင်တွယ်ဆောင်ရွက်ခြင်း၊ မဲပေးစက်မှ ထုတ်ပေးသည့် မဲရလဒ်စာရွက်နှင့် မဲပုံးအတွင်းရှိ မဲလက်မှတ်များ တိုက်ဆိုင်စစ်ဆေး၍ မဲရလဒ် မှန်၊ မမှန် စိစစ်ခြင်းတို့ကို ဆောင်ရွက်ကြရာ အချိန်တိုအတွင်း ဆန္ဒမဲများကို ပွင့်လင်းမြင်သာမှုရှိစွာဖြင့် မှန်မှန်ကန်ကန် မဲပေးဆောင်ရွက်နိုင်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ တက္ကသိုလ်များ၊ ပညာရေးဒီဂရီကောလိပ်များနှင့် အခြေခံပညာကျောင်း၌ ကျောင်းသား ကျောင်းသူများ အေးချမ်းစွာပညာသင်ကြားနေမှုများ သွားရောက်ကြည့်ရှုအားပေး

နေပြည်တော် နိုဝင်ဘာ ၂၉

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေသည် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တာဝန်ရှိသူများနှင့်အတူ ယနေ့မွန်းလွဲပိုင်းတွင် မန္တလေးပညာရေးဒီဂရီကောလိပ်သို့ရောက်ရှိပြီး သင်တန်းသား သင်တန်းသူများ စာသင်ခန်းအတွင်း အေးချမ်းပျော်ရွှင်စွာ ပညာသင်ကြားသင်ယူနေမှုများကို ကြည့်ရှုအားပေးသည်။



ကြည့်ရှုအားပေးစဉ် ပြည်ထောင်စုဝန်ကြီးက ပညာကို ကြိုးစားသင်ကြားကြစေလိုကြောင်း၊ ပညာတတ်လူတော် လူကောင်းများဖြစ်အောင် ကြိုးစားကြစေလိုကြောင်း၊ ပညာတတ် လူတော် လူကောင်းဖြစ်အောင် ကြိုးစားခြင်းသည် မိမိဘဝ၊ မိမိဒေသနှင့် မိမိနိုင်ငံကို တိုးတက်မြင့်မားအောင် ဆောင်ရွက်ပေးခြင်းပင်ဖြစ်ကြောင်း ပြောကြားပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် အခြေခံပညာဦးစီးဌာနရုံးဟောင်း၌ ပညာရေးဒီဂရီကောလိပ် သင်တန်းသား သင်တန်းသူများ ပညာသင်ကြား၊ သင်ယူနိုင်ရေး ပြင်ဆင်ဆောင်ရွက်ထားရှိမှု အခြေအနေကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့အတူ ယနေ့နံနက်ပိုင်းကလည်း ပြည်ထောင်စုဝန်ကြီးသည် မိတ္ထီလာမြို့ အမှတ်(၅) အခြေခံပညာ အထက်တန်းကျောင်း (ရှမ်းတဲ)သို့ သွားရောက်ပြီး ကျောင်းဝင်းအတွင်းနှင့် အခြေခံပညာ ကျောင်းသား ကျောင်းသူများ အေးချမ်းစွာ ပညာသင်ကြားနေမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် မိတ္ထီလာ စီးပွားရေးတက္ကသိုလ်သို့ ရောက်ရှိပြီး အစည်းအဝေးခန်းမ၌ မိတ္ထီလာစီးပွားရေးတက္ကသိုလ် ဒုတိယ ပါမောက္ခချုပ်များ၊ ပါမောက္ခ (ဌာနမှူး)များ၊ ဆရာ ဆရာမများနှင့်တွေ့ဆုံ၍ ဘာသာရပ်ဆိုင်ရာ သင်တန်းများ ဖွင့်လှစ်သင်ကြားနေမှု၊ ကျောင်းဥပဒေစည်းကမ်း ကောင်းမွန်ရေးနှင့် သန့်ရှင်းသာယာရေး၊ တက္ကသိုလ်၏ သင်ကြားရေး၊ စီမံရေးဆိုင်ရာများ အရည်အသွေး ပိုမိုတိုးတက်ကောင်းမွန်ရေး ကိစ္စရပ်များကို ဆွေးနွေး မှာကြားကာ လိုအပ်သည်များကို ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ယင်းနောက် တက္ကသိုလ်စာကြည့်တိုက်သို့ ရောက်ရှိပြီး ကျောင်းသား ကျောင်းသူများ စာကြည့်တိုက်ကို အကျိုးရှိအောင် အသုံးချသင်ကြားသင်ယူနိုင်ရေးဆောင်ရွက်ရန် မှာကြားကာ စာကြည့်တိုက်အတွက် လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် စာသင်ဆောင်များ၌ အေးချမ်းစွာ ပညာသင်ကြားနေကြသည့် တက္ကသိုလ်ကျောင်းသား ကျောင်းသူများအား ရင်းရင်းနှီးနှီး သွားရောက်တွေ့ဆုံပြီး အားပေးစကားပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် မိတ္ထီလာ တက္ကသိုလ် သင်္ချာဌာန၌ ကျောင်းသား ကျောင်းသူများ ပညာသင်ကြားနေမှုကို သွားရောက်ကြည့်ရှုအားပေးပြီး တက္ကသိုလ်အတွင်းရှိတည်ဆောက်နေဆဲ ပညာရေးအဆောက်အအုံများကို လှည့်လည်ကြည့်ရှု စစ်ဆေးကာ လိုအပ်သည်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် ပညာရေးဒီဂရီကောလိပ်သို့ ရောက်ရှိပြီး ပညာပါရမီခန်းမ၌ ကျောင်းအုပ်ကြီး၊ ဆရာ ဆရာများ၊ ပညာရေးဒီဂရီကောလိပ် လေးနှစ်သင် သင်တန်းသား သင်တန်းသူများ၊ PPTT (၁၀/၂၀၂၃) သင်တန်းသား သင်တန်းသူများနှင့် တွေ့ဆုံပြီး ပညာကို ကြိုးစားသင်ယူကြစေလိုကြောင်း၊ သင်တန်းပြီး၍ မိမိတို့တာဝန်ကျသော ဒေသများတွင် ကျောင်းသား ကျောင်းသူများအား နိုင်ငံ့သားကောင်း ရတနာများ ဖြစ်အောင် ပြုစုပျိုးထောင်ပေးကြစေလိုကြောင်း မှာကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# လုပ်ငန်းခွင်အကြို မူလတန်းဆရာအတတ်ပညာသင်တန်းနှင့် ပညာရေးဘွဲ့(ပထမနှစ်) ကျောင်းသား ကျောင်းသူများ၏ မောင်မယ်သစ်လွင်ကြိုဆိုပွဲ ပြုလုပ်

ပုသိမ် နိုဝင်ဘာ ၂၉

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့ ပညာရေး ဒီဂရီကောလိပ် မြရတုခန်းမ၌ လုပ်ငန်းခွင်အကြို မူလတန်းဆရာအတတ်ပညာသင်တန်း PPTT (၁၀/၂၀၂၃)နှင့် ပညာရေးဘွဲ့ (ပထမနှစ်) ကျောင်းသား ကျောင်းသူများ၏ မောင်မယ်သစ်လွင်ကြိုဆိုပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက ပြုလုပ်ရာ အခမ်းအနားသို့ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ပညာရေးကောလိပ်မှ ဆရာ ဆရာမများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

အခမ်းအနားကို သင်တန်းသား သင်တန်းသူများက "ပွင့်ဖူးဝေဆာ ကျောင်းတော်သာ" သီချင်းဖြင့် ဖွင့်လှစ်ပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။

ဆက်လက်၍ မြို့နယ်အလိုက် သင်တန်းသား သင်တန်းသူများက တိုင်းဒေသကြီးဝန်ကြီးချုပ်အား မိတ်ဆက်ကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က သင်တန်းသား သင်တန်းသူများအတွက် ထောက်ပံ့ငွေများကို ပေးအပ်ရာ မြောင်းမြပညာရေးဒီဂရီကောလိပ်မှ ကျောင်းအုပ်ကြီးက လက်ခံရယူခဲ့သည်။ မြောင်းမြ ပညာရေးဒီဂရီကောလိပ်၌ ၂၀၂၃-၂၀၂၄ ပညာသင်နှစ် လုပ်ငန်းခွင်အကြို မူလတန်းဆရာအတတ်ပညာ သင်တန်း PPTT (၁၀/၂၀၂၃)သင်တန်းတွင် သင်တန်းသား သင်တန်းသူ ၃၀၃ ဦးနှင့်၊ ပညာ ရေးဘွဲ့ (ပထမနှစ်) တွင် သင်တန်းသားသင်တန်းသူ ၁၂၃ ဦး တက်ရောက်လျက်ရှိကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**



# မင်္ဂလာတောင်ညွန့်မြို့နယ် အထက(၄) ၌ လူငယ်စကားဝိုင်း ကျင်းပ

ရန်ကုန် နိုဝင်ဘာ ၂၉

ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ် အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်း မင်္ဂလာသီရိခန်းမ၌ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းကာ ယနေ့နံနက်ပိုင်းတွင် လူငယ်စကားဝိုင်းကို ကျင်းပသည်။

အခမ်းအနားတွင် ရန်ကုန်အရှေ့ပိုင်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်လှလှနွယ်က လူငယ်စကားဝိုင်းကျင်းပရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။



လူငယ်စကားဝိုင်းကို Moderator အဖြစ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မင်္ဂလာတောင်ညွန့်မြို့နယ်ရုံးမှ ဦးစီးအရာရှိဒေါ်မြတ်မြတ်အေးနှင့် အမှတ်(၄) အခြေခံပညာ အထက်တန်းကျောင်းမှ အထက်တန်းပြဆရာမ ဒေါ်နှင်းသန္တာစိုးတို့က ဆောင်ရွက်ပြီး လူငယ်နှင့်စာရိတ္တ၊ လူငယ်နှင့်အားကစား၊ လူငယ်နှင့်ယဉ်ကျေးမှု၊ လူငယ်နှင့်နည်းပညာ၊ လူငယ်နှင့်ကျန်းမာရေး၊ လူငယ်နှင့်စာပေ ခေါင်းစဉ်များဖြင့် ဆွေးနွေးကာ တက်ရောက်လာကြသည့် ကျောင်းသား ကျောင်းသူများက မိမိတို့ သိရှိလိုသည်များ မေးမြန်းဆွေးနွေးရာ ဦးဆောင်ဆွေးနွေးသူများက သက်ဆိုင်ရာခေါင်းစဉ်အလိုက် ပြန်လည်ဆွေးနွေးကြသည်။

ယင်းနောက် ပါဝင်ဆွေးနွေးပေးခဲ့သည့် ကျောင်းသား ကျောင်းသူများအား ရန်ကုန်အရှေ့ပိုင်းခရိုင်မှ လက်ထောက်ညွှန်ကြားရေးမှူး၊ မြို့နယ်ထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ပြည့်စုံဝင်းနှင့် ကျောင်းအုပ်ဆရာမကြီးတို့က အမှတ်တရ လက်ဆောင်များ ချီးမြှင့်ခဲ့ပြီး အထက(၄) ကျောင်းအုပ်ဆရာမကြီး ဒေါ်သီတာလှိုင်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

အဆိုပါ လူငယ်စကားဝိုင်းဆွေးနွေးပွဲသို့ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းအဖွဲ့များ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြကြောင်း သိရသည်။

**ကျော်စိုးမိုး(မင်္ဂလာတောင်ညွန့်)**

# ချောင်းသာ၌ အမှိုက်စို၊ အမှိုက်ခြောက်ခွဲခြားစွန့်ပစ်ရေး အသိပညာပေး ဟောပြောပွဲပြုလုပ်

ချောင်းသာ နိုဝင်ဘာ ၂၉

ဧရာဝတီတိုင်းဒေသကြီး ချောင်းသာမြို့တွင် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် မြို့/ရွာ သန့်ရှင်းသာယာရေးအတွက် အမှိုက်စနစ်တကျ စွန့်ပစ်ရေးနှင့် အမှိုက်စို၊ အမှိုက်ခြောက်ခွဲခြားစွန့်ပစ်ရေး အသိပညာပေး ဟောပြောပွဲကို ယနေ့နံနက် ၁၀ နာရီက ချောင်းသာ (အမက) ၌ ပြုလုပ်သည်။

ဦးစွာ ချောင်းသာ (အမက)ကျောင်းအုပ်ဆရာကြီး ဦးအောင်သက်ဦးက နှုတ်ခွန်းဆက်အမှာစကားပြောကြားပြီး ရွှေသောင်ယံမြို့ စည်ပင်သာယာရေးအဖွဲ့ ခေတ္တအမှုဆောင်အရာရှိ ဦးစိုးမိုးကျော်က အမှိုက်စနစ်တကျစွန့်ပစ်ရေး အသိပညာပေး ဟောပြောပွဲပြုလုပ်ရခြင်း ရည်ရွယ်ချက်နှင့် မီးဖိုချောင်ထွက်အမှိုက်၊ စက်ရုံ၊ အလုပ်ရုံထွက် အမှိုက်၊ အဆောက်အအုံတည်ဆောက်ရေးလုပ်ငန်းထွက် အမှိုက်၊ လမ်းသွား၊ လမ်းလာစွန့်ပစ်အမှိုက်၊ နေအိမ်ခြံဝင်းထွက်အမှိုက်၊ နေ့စဉ်ဈေးထွက်အမှိုက်၊ စီးပွားထွက်အမှိုက်၊ ဆေးရုံ၊ ဆေးပေးခန်းထွက်အမှိုက်စသည့် အမှိုက်အမျိုးအစားများကို ရှင်းလင်းဆွေးနွေးပြီး အမှိုက်စို၊ အမှိုက်ခြောက် ခွဲခြားစွန့်ပစ်နိုင်စေရေး၊ ပလတ်စတစ်သုံးစွဲမှု လျှော့ချနိုင်သည့် နည်းလမ်းများနှင့် စည်းကမ်းမဲ့အမှိုက်စွန့်ပစ်ခြင်း၏ ဆိုးကျိုးများအကြောင်း အသိပညာပေး ဟောပြောသည်။ အဆိုပါ ဟောပြောပွဲသို့ မြို့စည်ပင်သာယာရေးအဖွဲ့များက စနစ်တကျအမှိုက်စွန့်ပစ်ရေး နည်းလမ်းများကို လက်တွေ့သရုပ်ပြသပေးခဲ့ကြောင်း သိရသည်။ **ချောင်းသာ(ပြန်/ဆက်)**

# ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီအစည်းအဝေး (၁/၂၀၂၃)နှင့် သတ္တမအကြိမ်မြောက် မြန်မာနိုင်ငံသက်ကြီးရွယ်အိုများဆိုင်ရာ အစည်းအဝေး ကျင်းပ

နေပြည်တော် နိုဝင်ဘာ ၂၉

ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီ အစည်းအဝေး (၁/၂၀၂၃)ကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီး ဌာန၌ ကျင်းပသည်။



အစည်းအဝေးသို့ ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီဥက္ကဋ္ဌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ စိုးဝင်း၊ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ အမျိုးသား ကော်မတီအဖွဲ့ဝင်များဖြစ်ကြသည့် ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ ဘာသာရပ်ဆိုင်ရာ တာဝန်ခံများနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးက ကလေးသူငယ်အခွင့်အရေးများကိုအကောင်အထည်ဖော် ဆောင်ရွက်ရန်အတွက် ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီကို ဖွဲ့စည်းထားရှိကြောင်း၊ ပရဟိတဂေဟာများတွင် ကလေးသူငယ်များ လက်ခံစောင့်ရှောက်မှုနှင့် ပတ်သက်၍ လေ့လာဆန်းစစ်တွေ့ရှိချက်၊ အကြံပြုချက်များနှင့်အညီ လိုအပ်သည့် မူဝါဒလုပ်ငန်းအစီအစဉ်များ ချမှတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ကလေးသူငယ်များအတွက် အချိန်နှင့်တစ်ပြေးညီ ချိတ်ဆက်ကူညီပေးနိုင်ရန် ဖြစ်ရပ်စီမံခန့်ခွဲမှုစနစ် (CMIS Software) ကို ၂၀၂၁ ခုနှစ်တွင် စတင်ရေးဆွဲခဲ့ပြီး ၂၀၂၃ ခုနှစ်တွင် စတင်အသုံးပြုနိုင်ခဲ့ကြောင်း၊ ကလေးသူငယ်တိုင်း အခွင့်အရေးများ ပြည့်ဝစွာ ရရှိခံစားနိုင်ရေးအတွက် ကော်မတီဝင်များ အနေဖြင့် ဝိုင်းဝန်းဆွေးနွေး အကြံပေးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ကော်မတီအတွင်းရေးမှူးနှင့် တာဝန်ရှိသူများက ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီ အစည်းအဝေး (၁/၂၀၂၂) ဆုံးဖြတ်ချက် အကောင်အထည်ဖော်ဆောင်ရွက်မှုများ၊ ပရဟိတဂေဟာများ လေ့လာဆန်းစစ်တွေ့ရှိမှုများနှင့် ကလေးသူငယ်အခွင့်အရေးဆိုင်ရာ အကောင်အထည်ဖော် ဆောင်ရွက်မှုများကို ဆွေးနွေးတင်ပြကြရာ ကော်မတီဥက္ကဋ္ဌပြည်ထောင်စုဝန်ကြီးက ကလေးသူငယ်တိုင်းသည် အနာဂတ်အတွက် အရေးကြီးကြောင်း၊ အခွင့်အရေးများကို အပြည့်အဝ ဖော်ဆောင်ပေးရန်မှာ မိမိတို့၏ တာဝန်ဖြစ်ကြောင်း၊ ပရဟိတဂေဟာများ လေ့လာဆန်းစစ်မှုဆောင်ရွက်ခြင်းဖြင့် လွဲမှားစွာပြုမူနေသည်များကိုသိရှိရပြီး လမ်းကြောင်းတည့်မတ်ပေးနိုင်ခြင်းဖြင့် ကလေးသူငယ်များအတွက် အကျိုးကျေးဇူးရရှိနိုင်မည်ဖြစ်ကြောင်း မှာကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

မွန်းလွဲပိုင်းတွင် သတ္တမအကြိမ်မြောက် မြန်မာနိုင်ငံ သက်ကြီးရွယ်အိုများဆိုင်ရာ ကော်မတီ အစည်းအဝေးကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၌ ဆက်လက်ကျင်းပရာ မြန်မာနိုင်ငံသက်ကြီးရွယ်အိုများ ဆိုင်ရာ ကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာ စိုးဝင်း တက်ရောက်အမှာစကား ပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံ သက်ကြီးပုဂ္ဂိုလ်များဆိုင်ရာ လုပ်ငန်းဆောင် ရွက်မှု အစီရင်ခံစာ (ပထမအကြိမ်)ကို ပြည်ထောင်စုအစိုးရအဖွဲ့က မှတ်တမ်းတင်ခွင့်ရရှိပြီး ဖြစ်ကြောင်း၊ သက်ကြီးရွယ်အိုများအား ထောက်ပံ့ရေးနှင့် ကြည့်ရှုစောင့်ရှောက်ရေးအတွက် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းသို့မဟုတ် ကိုယ်ပိုင်အုပ်ခွင့်ရဒေသ၊ ခရိုင်နှင့်မြို့နယ်အဆင့် သက်ကြီးရွယ်အိုများဆိုင်ရာ ကော်မတီများကို သက်ကြီးရွယ်အိုများဆိုင်ရာ ဥပဒေနှင့်အညီ လက်ရှိတွင် ခရိုင်အဆင့် ၄၉ ခု၊ မြို့နယ်အဆင့် ၁၅၆ ခု ဖွဲ့စည်းထားရှိပြီးဖြစ်ကြောင်းနှင့် ကျန်ရှိနေသော ခရိုင်/မြို့နယ်များတွင်လည်း ဆက်လက်ဖွဲ့စည်းသွားရန် လိုကြောင်း ပြောကြားသည်။

အစည်းအဝေးတွင် မြန်မာနိုင်ငံ သက်ကြီးရွယ်အိုများဆိုင်ရာ ကော်မတီအတွင်းရေးမှူးက သက်ကြီးရွယ်အိုများ ဘဝမြှင့်တင်ရေးနှင့် စောင့်ရှောက်ရေး လုပ်ငန်းနှင့် စပ်လျဉ်း၍ လက်ရှိဆောင်ရွက်လျက်ရှိသော လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြပြီး အစည်းအဝေး တက်ရောက်လာသူများက ဝိုင်းဝန်းအကြံပြုဆွေးနွေးကြကြောင်း သိရသည်။

**သတင်းစဉ်**




# မြန်မာနိုင်ငံရှိ သူနာပြု၊ သားဖွားများအတွက် အသုံးပြုမည့် CPD စနစ်အား သူနာပြု၊ သားဖွားကိုယ်စားလှယ်များက တည်းဖြတ်အတည်ပြုခြင်း အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

နေပြည်တော် နိုဝင်ဘာ ၂၉

မြန်မာနိုင်ငံရှိ သူနာပြု၊ သားဖွားများအတွက် အသုံးပြုမည့် CPD စနစ်အား သူနာပြု၊ သားဖွားကိုယ်စားလှယ်များက တည်းဖြတ်အတည်ပြုခြင်း Stakeholders Approval Meeting on CPD Guideline for Nurses and Midwives in Myanmar ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် ကျန်းမာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ မြန်မာနိုင်ငံသူနာပြုနှင့် သားဖွားကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံသူနာပြုနှင့် သားဖွားအသင်းမှ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ နေပြည်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် တာဝန်ထမ်းဆောင်လျက်ရှိသော သူနာပြု၊ သားဖွားကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

## တင်ပြဆွေးနွေး

အခမ်းအနားတွင် ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမြတ်ဝဏ္ဏစိုးက အဖွင့်အမှာစကားပြောကြားပြီး မြန်မာနိုင်ငံသူနာပြုနှင့်သားဖွားကောင်စီ ဥက္ကဋ္ဌ ဒေါ်နွဲ့နွဲ့ခင်က မြန်မာနိုင်ငံ သူနာပြုနှင့် သားဖွားများအတွက် လိုင်စင်သက်တမ်းတိုးရာတွင် အသုံးပြုမည့် CPD (Continuing Professional Development)စနစ်(မူကြမ်း)ကို တင်ပြဆွေးနွေးသည်။

ထို့နောက် တက်ရောက်လာသော သူနာပြု၊ သားဖွားကိုယ်စားလှယ် ၂၀၀ က အုပ်စု ခြောက်စုဖွဲ့၍ အသေးစိတ် ညှိနှိုင်းဆွေးနွေးတည်းဖြတ်အတည်ပြုခဲ့ကြသည်။

အဆိုပါ မြန်မာနိုင်ငံသူနာပြုနှင့်သားဖွားများ အတွက် လိုင်စင်သက်တမ်းတိုးရာတွင် မြန်မာနိုင်ငံ သူနာပြုနှင့်သားဖွားကောင်စီဥပဒေအရ အသုံးပြုရမည့် CPD (Continuing Professional Development) စနစ်သည် ကျန်းမာရေးဝန်ကြီးဌာန၏ ရည်မှန်းချက်ကို ပြည့်မီရန်ကျန်းမာရေးစောင့်ရှောက်မှုစနစ်ကို အထောက်အကူပြုနိုင်မည့် စနစ်ဖြစ်ပြီး သူနာပြု၊ သားဖွားများ၏ လုပ်ငန်းအရည်အသွေးဆိုင်ရာ မြှင့်တင်ထိန်းချုပ်နိုင်သော စနစ်ဖြစ်ရုံမျှမက ပြည်သူလူထုအား ကျန်းမာရေးစောင့်ရှောက်မှုပေးရာတွင် အရည်အသွေးပြည့်ဝသော သူနာပြုစုစောင့်ရှောက်မှုကို ရရှိနိုင်စေမည့် စနစ်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ရွှေကျင်မြို့နယ်၌ ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေး

ရွှေကျင် နိုဝင်ဘာ ၂၉

ပဲခူးတိုင်းဒေသကြီး ရွှေကျင်မြို့နယ်တွင် မြန်မာနိုင်ငံ ပြည်သူ့ကျန်းမာရေး ပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲ (၂၀၂၃) လှုပ်ရှားမှုအနေဖြင့် ကျန်းမာရေးစောင့်ရှောက်မှု ပြုလုပ်ပေးခြင်းကို ယနေ့ နံနက်ပိုင်းက ခုတင် (၁၀၀) ပြည်သူ့ဆေးရုံတွင် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။



ထိုသို့ ဆောင်ရွက်ရာတွင် ရွှေကျင်မြို့နယ် ခုတင်(၁၀၀) ပြည်သူ့ဆေးရုံမှ ဆေးရုံအုပ် ဒေါက်တာသိန်းနိုင်လင်း ဦးဆောင်၍ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ လက်ထောက်ကျန်းမာရေးမှူး ဦးတင်မိုးဝင်းနှင့်ကျန်းမာရေးဝန်ထမ်းများက မွေးကင်းစကလေး ကျန်းမာရေးစောင့်ရှောက်မှုအတွက် စနစ်မှန် နို့တိုက်ကျွေးနည်းစနစ်ရရှိစေရန်၊ ကလေးငယ်အား နွေးထွေးစွာ ထားတတ်စေရန်နှင့် မွေးစကလေးငယ်များအား Newborn kit များ ဖြန့်ဝေပေးခြင်း၊ ငါးနှစ်အောက်ကလေးငယ်များ ကိုယ်ခန္ဓာကြီးထွားဖွံ့ဖြိုးမှု စောင့်ကြပ်ကြည့်ရှုနိုင်ရန် လက်မောင်းလုံးပတ်တိုင်းတာခြင်း၊ ကိုယ်ဝန်ဆောင်မိခင်များအား ကျန်းမာရေးစစ်ဆေးပေးခြင်း၊ သွေးစစ်ခြင်း၊ ကိုယ်အလေးချိန်ချိန်ခြင်း၊ အရပ်တိုင်းခြင်း၊ ဆေးဝါးများထောက်ပံ့ခြင်း၊ မကူးစက်တတ်သောရောဂါများ ရှာဖွေစစ်ဆေး ကုသမှုပေးနိုင်ရန်အတွက် ဆီးချို/သွေးချိုစစ်ဆေးခြင်း၊ သွေးပေါင်ချိန်တိုင်းတာခြင်း၊ ဆေးပေးကုသခြင်း စသည်ဖြင့် ကျန်းမာရေးစောင့်ရှောက်မှုပေးခဲ့သည်။

ထိုသို့ ကျန်းမာရေးဝန်ထမ်းများက ကျန်းမာရေးစောင့်ရှောက်ပေးမှုကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးလှမင်းသူ၊ ဆေးရုံအုပ် ဒေါက်တာသိန်းနိုင်လင်း၊ အမျိုးသမီးရေးရာ အဖွဲ့ဝင်များက လိုက်လံကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**ထွန်းထွန်းဇော်(ပြန်/ဆက်)**

# သာယာဝတီ၌ ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေး

သာယာဝတီ နိုဝင်ဘာ ၂၉

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် ကုသရေးဦးစီးဌာနမှူးတို့ ဦးဆောင်သည့် ကျန်းမာရေးဝန်ထမ်းများက ယနေ့နံနက် ၉ နာရီက သာယာဝတီမြို့နယ်အတွင်း ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးသည်။



အဆိုပါဆောင်ရွက်ပေးရာတွင် သာယာဝတီမြို့နယ်အတွင်းရှိ ဆန်စက်များမှ အလုပ်သမားများအား ကျန်းမာရေးစစ်ဆေးပေးခြင်း၊ ကျေးလက်ကျန်းမာရေးဌာနများနှင့် အခြေခံပညာကျောင်းများတွင် ကျောင်းကျန်းမာရေးစစ်ဆေးခြင်း၊ သွားတိုက်နည်းစနစ်သင်ကြားပေးခြင်းနှင့် သွားနှင့်ခံတွင်းစစ်ဆေးကုသခြင်း၊ မျက်စိစမ်းသပ်ကုသခြင်း၊ ပိုးလောက်လမ်းရှင်းလင်းခြင်းလုပ်ငန်းများ၊ ကိုယ်ဝန်ဆောင်မိခင်များအား ကျန်းမာရေးစစ်ဆေးမှုနှင့် စောင့်ရှောက်မှုများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ခရိုင် (ပြန်/ဆက်)**

# နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး နေပြည်တော်ကုသရေးဦးစီးဌာနမှ ကွင်းဆင်းဆေးကုသပေးမှု ကြည့်ရှုအားပေး

**နေပြည်တော် နိုဝင်ဘာ ၂၉**

မြန်မာနိုင်ငံ ပြည်သူ့ကျန်းမာရေးပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲ(၂၀၂၃)ကို ကြိုဆိုသောအားဖြင့် နေပြည်တော် ကုသရေးဦးစီးဌာနမှ ဦးဆောင်၍ နေပြည်တော်ခုတင် (၃၀၀) ဆေးရုံကြီးနှင့် လယ်ဝေးခုတင်(၁၀၀) ဆေးရုံမှ အထူးကုဆရာဝန်များပါဝင်သောအဖွဲ့သည် ယနေ့ နံနက်ပိုင်းတွင်ဇေယျာသီရိမြို့နယ် စည်ပင်သာယာ ကျေးလက်ကျန်းမာရေးဌာနခွဲ ကျည်တောင်အုပ်စုအတွင်းမှ ဒေသခံပြည်သူများအား ကွင်းဆင်း၍ အခမဲ့ကျန်းမာရေး စောင့်ရှောက်ပေးနေမှုကို နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးသည် နေပြည်တော် ကောင်စီအဖွဲ့ဝင်များ၊ တာဝန်ရှိသူများနှင့်အတူ သွားရောက်ကြည့်ရှု အားပေးသည်။



ထိုသို့ ကြည့်ရှုအားပေးစဉ် ကျန်းမာရေးဝန်ကြီးဌာန ကုသရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာမိုးခိုင်၊ နေပြည်တော်တိုင်း ကုသရေးနှင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာသန်းနိုင်စိုး၊ ဇေယျာသီရိခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက နေပြည်တော် ကုသရေးဦးစီးဌာန ခွဲစိတ်အထူးကု၊ ကလေးအထူးကု၊ မျက်စိအထူးကု၊ သားဖွားမီးယပ်အထူးကု၊ သွားအထူးကု၊ အရိုးအထူးကု ဆရာဝန်ကြီးများက ဒေသခံပြည်သူများအား အခမဲ့ဆေးကုသပေးပြီး ကျန်းမာရေး စောင့်ရှောက်ပေးနေမှု အခြေအနေများကို လိုက်လံရှင်းလင်းပြသရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ထို့နောက် နေပြည်တော် ကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် လာရောက်ဆေးကုသမှု ခံယူလျက်ရှိသည့် ကျည်တောင်ကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာရှစ်ရွာမှ ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ပြီး ပန်းပေါင်းစုံဗုဒ္ဓရုပ်ပွားတော်များ၊ အာဟာရဖြစ် စားသောက်ဖွယ်ရာများနှင့် နေ့စဉ်ထုတ်သတင်းစာများပေးအပ်ပြီး အထူးကုဆရာဝန်ကြီးများအား သစ်သီးခြင်းများ ပေးအပ်သည်။

ယနေ့ ကျည်တောင်အုပ်စုအတွင်းမှ ဒေသခံပြည်သူများအား အခမဲ့ဆေးကုသပေးပြီး ကျန်းမာရေး စောင့်ရှောက်ပေးရာတွင် အထူးကုဆရာဝန်များက အထွေထွေရောဂါလူနာ ၁၁၂ ဦး၊ မျက်စိလူနာ ၁၀၃ ဦး၊ ခွဲစိတ်လူနာ ၃၅ ဦး၊ အရိုးလူနာ ၁၁၆ ဦး၊ ကလေးလူနာ ၁၂ ဦး၊ သားဖွားမီးယပ်လူနာ ရှစ်ဦး၊ သွားလူနာ ၁၆ ဦး စုစုပေါင်း ၄၀၂ ဦးကို ကျန်းမာရေး စောင့်ရှောက်မှုပေးခဲ့ပြီး ဇေယျာသီရိမြို့နယ် ပြည်သူ့ ကျန်းမာရေး ဦးစီးဌာနမှလည်း အဓိက မကူးစက်နိုင်သောရောဂါ များ၊ နှလုံးနှင့် နှလုံးသွေးကြော ရောဂါရှာဖွေစစ်ဆေးခြင်းနှင့် ကုသပေးခြင်း လုပ်ငန်းများ ဆောင်ရွက်ခဲ့ပြီး လူနာ ၂၃ ဦးကို ကုသမှုပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပဲခူးမြို့၌ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေး (၁၆)ရက်တာလှုပ်ရှားမှုအခမ်းအနား ကျင်းပ

**ပဲခူး နိုဝင်ဘာ ၂၉**

ပဲခူးမြို့ မြို့တော်ခန်းမ၌ နိုဝင်ဘာ ၂၈ ရက် နံနက်ပိုင်းက အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေး (၁၆)ရက်တာလှုပ်ရှားမှုအခမ်းအနား ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့် ဇနီးတို့ တက်ရောက်ချီးမြှင့်ခဲ့သည်။

**နှစ်စဉ်ကျင်းပ**

ဦးစွာ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက နိုဝင်ဘာ၂၅ ရက်ကို အပြည်ပြည်ဆိုင်ရာအမျိုးသမီးများအပေါ် အကြမ်းဖက်မှုများ ပပျောက်ရေးနေ့အဖြစ် သတ်မှတ်ထားရှိပြီး နိုဝင်ဘာ ၂၅ ရက်မှ ဒီဇင်ဘာ ၁၀ ရက်အထိကို အပြည်ပြည်ဆိုင်ရာအမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေး (၁၆) ရက်တာလှုပ်ရှားမှုအထိမ်းအမှတ်အဖြစ် သတ်မှတ်ထားရှိခြင်းကြောင့် ပဲခူးတိုင်းဒေသကြီးတွင် တိုင်းဒေသကြီးအဆင့် အခမ်းအနားကို နှစ်စဉ်ကျင်းပခဲ့ကြောင်း၊ အကြိုလှုပ်ရှားမှုအဖြစ် လူစည်ကားရာနေရာများတွင် အသိပညာပေး ဆိုင်းဘုတ်များစိုက်ထူခြင်း၊ လက်ကမ်းစာစောင်များ



ဖြန့်ဝေခြင်းများကို ဖွဲ့စည်းထားသည့် အမျိုးသမီးကော်မတီများက ပူးပေါင်းဆောင်ရွက်ခဲ့သလို အမျိုးသမီးဖွံ့ဖြိုးတိုးတက်ရေးနှင့် ကာကွယ်စောင့်ရှောက်ရေးကဏ္ဍများကိုလည်း အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ နိုင်ငံတော်၏ အင်အားစုတစ်ရပ်ဖြစ်သည့် အမျိုးသမီးများ၏ အခန်းကဏ္ဍကို မြှင့်တင်ပေးခြင်း၊ အမျိုးသမီးများ၊ အမျိုးသမီးငယ်အရွယ်များအား အကြမ်းဖက်မှုမှ ကာကွယ်စောင့်ရှောက်ပေးခြင်းတို့သည် အမျိုးသမီးများ၏ အခွင့်အရေးအပြည့်အဝရရှိစေရန် ဖြည့်ဆည်းပေးနေခြင်းဖြစ်ပြီး နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းစဉ်များတွင် အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်းနှင့် တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့် အမျိုးသမီးကော်မတီဝင်များအနေဖြင့် အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့်ပူးပေါင်းပြီး အမျိုးသမီးများအပေါ် နည်းမျိုးစုံဖြင့် အကြမ်းဖက်မှုများ ပပျောက်အောင် အရှိန်အဟုန်တိုးမြှင့်ဆောင်ရွက်သွားကြရန် အမှာစကားပြောကြားသည်။

**ကြည့်ရှုအားပေး**

ထို့နောက် ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့်ဇနီး၊ အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများ၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ် အမျိုးသမီးကော်မတီဝင်များ၊ လူမှုရေးအသင်းအဖွဲ့များက အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေး အသိပညာပေး ဗီဒီယိုအား ကြည့်ရှုအားပေးခဲ့ကြပြီး အမှတ်တရစုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးခဲ့ကြကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ညောင်လေးပင်မြို့နယ်၌ ရဟန်း၊ သီလရှင်၊ ဘိုးဘွားများအား ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိ

**ညောင်လေးပင် နိုဝင်ဘာ ၂၉**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ်၌ မြန်မာနိုင်ငံ ပြည်သူ့ကျန်းမာရေးပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲ (၂၀၂၃)အား ကြိုဆိုဂုဏ်ပြုသောအားဖြင့် “လူတိုင်းသက်ရှည်ကျန်းမာဖို့” ဆောင်ပုဒ်နှင့်အညီ ယနေ့နံနက် ၁၁ နာရီက ပြွန်တန်ဆာဘိုးဘွားရိပ်သာ၌ ရဟန်း၊ သီလရှင်၊ ဘိုးဘွားများနှင့် ရိပ်သာဝန်ထမ်းများအား ကျန်းမာရေး စောင့်ရှောက်မှုများ ပြုလုပ်ပေးခဲ့သည်။

အဆိုပါ ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးရာတွင် ပြွန်တန်ဆာမြို့ဘိုးဘွားရိပ်သာရှိ ရဟန်း၊ သီလရှင်၊ ဘိုးဘွားများနှင့် ရိပ်သာဝန်ထမ်းများ စုစုပေါင်း ၃၄ ဦးတို့အား ကျန်းမာရေးစောင့်ရှောက်မှုများဆောင်ရွက်ပေးခြင်းကို မြို့နယ်ပြည်သူ့ဆေးရုံအုပ် ဆရာဝန်ကြီး ဒေါက်တာစောကလျာ၊ ပြွန်တန်ဆာမြို့ တိုက်နယ်ဆေးရုံ ဆရာဝန် ဒေါက်တာ ကျော်စောဝင်းမောင်နှင့် ကျန်းမာရေးဝန်ထမ်းများက ပူးပေါင်းပါဝင်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

■





# ပုသိမ်မြို့နယ်၌ ဒီပါရုံ-မြင်းကကွင်း-တောင်တန်းကုန်းလမ်း ကျောက်လမ်းခင်းခြင်းလုပ်ငန်း ကွင်းဆင်းကြည့်ရှုစစ်ဆေး

**ပုသိမ် နိုဝင်ဘာ ၂၉**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၏ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ပြည်ထောင်စုငွေလုံးငွေရင်းရန်ပုံငွေဖြင့် ဒီပါရုံ-မြင်းကကွင်း-တောင်တန်းကုန်းလမ်းအား ကျောက်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိသည်။

**လိုအပ်သည်များမှာကြား**

အဆိုပါ ကျောက်လမ်းခင်းခြင်းလုပ်ငန်းအား Royal Pathein ကုမ္ပဏီက တာဝန်ယူဆောင်ရွက်ခြင်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှုများကို ပုသိမ်ခရိုင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ) ဦးကျော်သူမင်းက ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ရာ ပုသိမ်မြို့နယ် ဦးစီးအရာရှိ(မြို့ပြ) စဟိန်းလင်းဇော်နှင့် ကုမ္ပဏီတာဝန်ခံအင်ဂျင်နီယာများက လုပ်ငန်းဆောင်ရွက်ထားရှိမှု အခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး အရည်အသွေးပြည့်မီစွာဖြင့် လုပ်ငန်းအချိန်မီပြီးစီးရေး လိုအပ်သည်များ မှာကြားသည်။

ဒီပါရုံ-မြင်းကကွင်း-တောင်တန်းကုန်းလမ်း ကျောက်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးပါက ကျေးရွာလေးရွာ၊ အိမ်ခြေ ၄၉၈ အိမ်၊ လူဦးရေ ၂၅၈၅ ဦးတို့အား အကျိုးပြုနိုင်မည်ဖြစ်ကြောင်း သိရသည်။

**ခရိုင် (ပြန်/ဆက်)**

**နောက်နှစ်ရက်အတွက် ခန့်မှန်းချက်**

နေပြည်တော် နိုဝင်ဘာ ၂၉

ရှမ်းပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် ညအပူချိန်များ အနည်းငယ်လျော့နည်း နိုင်သည်။

**နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက်မနက်ဖြန် မွန်းတည့်ချိန်အထိခန့်မှန်းချက်**

တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

မိုး/ဇလ


၂၀၂၃ ခုနှစ်၊ အပြည်ပြည်ဆိုင်ရာမသန်စွမ်းသူများနေ့

International Day of Persons with Disabilities (2023)

“စဉ်ဆက်မပြတ်ဖွံ့ဖြိုးဖို့ မသန်စွမ်းသူများနှင့်အတူ ကူညီဆောင်ရွက်စို့”

“United in action to rescue and achieve the SDGs for, with and by persons with disabilities”

၃.၁၂.၂၀၂၃ နေပြည်တော်


## မြန်မာ့သွေး

✦ တို့ပြည်ထောင်စု၊ စည်းလုံးမှုကို
မရှုဆိတ်အား၊ တိုင်းတစ်ပါးက
ဖြားယောင်းသွေးဆောင်၊ ကျော့ကွင်းထောင်ကာ
ရန်စောင်မီးမွှေး၊ ရန်တိုက်ပေးလည်း
ခွေးလှေးခုန်၍ ဖုန်မထဘူး။

✦ တို့ပြည်ထောင်စု၊ ခံ့ထည်မှုကို
မရှုဆိတ်ပေ၊ ဝန်တိုနေပြီး
မြေ ရေ လေပိုင်နက်၊ ယိမ်းယိုင်အက်အောင်
ပက်စက်အတွေး၊ ခြေထိုးပေးလည်း
ခွေးလှေးခုန်၍ ဖုန်မထဘူး။

✦ တို့ပြည်ထောင်စု၊ တည်ငြိမ်မှုကို
မရှုဆိတ်ကာ၊ ရန်စရှာ၍
အာဃာတထွက်၊ မငြိမ်သက်အောင်
လက်ပါးစေမွေး၊ ကြားလေသွေးလည်း
ခွေးလှေးခုန်၍ ဖုန်မထဘူး။

✦ တို့ပြည်ထောင်စု၊ စည်သာမှုကို
မရှုဆိတ်လို၊ မနာလိုဘဲ
လိုချင်ရာဆွဲ၊ အတ္တစွဲနှင့်
သွားဖြဲခြိမ်းခြောက်၊ ဟိန်းကာဟောက်လည်း
ကြောက်စိတ်ကင်းဝေး၊ မြန်မာ့သွေးဟေ့
ခွေးလှေးခုန်၍ ဖုန်မထဘူး။ ။

**ရေနံ့သာမောင်ကျော်ညွန့်**

## ဧရာဝတီတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးအတွင်း ဧရာဝတီမြစ်ကြောင်း တစ်လျှောက်ရှိ ကျေးရွာများမှ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့သည့် တပ်မတော်မြစ်တွင်းသွားဆေးရုံရေယာဉ်(ရွှေပုဇွန်)နှင့် မြစ်ရေယာဉ်(စကု)တို့ ပြန်လည်ရောက်ရှိ

နေပြည်တော် နိုဝင်ဘာ ၂၉

ဧရာဝတီတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးအတွင်း ဧရာဝတီမြစ်ကြောင်း တစ်လျှောက်ရှိ မြစ်ဝကျွန်းပေါ်နေကျေးရွာများမှ ဒေသခံပြည်သူများအား နိုဝင်ဘာ ၁ ရက်မှ ၂၈ ရက်အထိ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ သွားရောက် ဆောင်ရွက်ပေးခဲ့သည့် တပ်မတော်နယ်လှည့်အထူးကုဆေးအဖွဲ့နှင့် ကျန်းမာရေးဝန်ကြီးဌာန နယ်လှည့်အထူးကုဆေးအဖွဲ့တို့မှ ပါရဂူများ၊ ဆေးမှူးများနှင့်သူနာပြုများ ပါဝင်သော တပ်မတော်မြစ်တွင်းသွားဆေးရုံရေယာဉ်(ရွှေပုဇွန်)နှင့် မြစ်ရေယာဉ်(စကု)တို့သည် ယနေ့ မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ အမှတ်(၄) ရေတပ်ဗောတံတားသို့ ပြန်လည်ရောက်ရှိလာရာ ဧရာဝတီရေတပ်စခန်းဌာနချုပ် ဌာနချုပ်မှူးနှင့် အရာရှိ၊ စစ်သည်၊ မိသားစုများက ကြိုဆိုနှုတ်ဆက်ကြသည်။



အဆိုပါ တပ်မတော်နှင့် ကျန်းမာရေးဝန်ကြီးဌာနတို့မှ နယ်လှည့်အထူးကုဆေးအဖွဲ့များပါဝင်သော တပ်မတော်မြစ်တွင်းသွား ဆေးရုံရေယာဉ်(ရွှေပုဇွန်)နှင့် မြစ်ရေယာဉ်(စကု)တို့သည် ဧရာဝတီတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးအတွင်း ဧရာဝတီမြစ်ကြောင်း တစ်လျှောက်ရှိ ဒေသခံပြည်သူ ၁၃၉၂၈ ဦးတို့ကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ခဲ့သည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် ဆေးကုသမှုဆိုင်ရာရောဂါ ၄၇၈၂ ဦး၊ ခွဲစိတ်ရောဂါ ၉၈၇ ဦး၊ သားဖွား/ မီးယပ်ရောဂါ ၃၃၈ ဦး၊ ကလေးရောဂါ ၅၃၂ ဦး၊ အရိုးရောဂါ ၂၇၅၆ ဦး၊ နား/နှာခေါင်း/လည်ချောင်းရောဂါ ၈၅၃ ဦး၊ မျက်စိရောဂါ ၂၈၈၄ ဦးနှင့် သွားနှင့်ခံတွင်းရောဂါ ၇၉၆ ဦးတို့ကို လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးပြီး ၎င်းတို့အနက်မျက်စိခွဲစိတ်လူနာ ၅၁ ဦးနှင့် အထွေထွေခွဲစိတ်လူနာ ၆၈ ဦးတို့ကို ဆေးရုံရေယာဉ်ပေါ်တွင် ခွဲစိတ်ကုသမှုများ ဆောင်ရွက်ပေးနိုင်ခဲ့သည်။ ထို့ပြင် ဓာတ်မှန်ရိုက် လူနာ ၆၂ ဦး၊ တယ်လီဖေးရှင်း ဓာတ်မှန်ရိုက်လူနာ ၅၉၉ ဦး၊ ဓာတ်ခွဲစမ်းသပ်လူနာ ၂၆၇ ဦးနှင့် ECG စက်ဖြင့် နှလုံးစမ်းသပ် လူနာ ၄၁၃ ဦးတို့ကို ရောဂါရှာဖွေစမ်းသပ်ခြင်းများ ဆောင်ရွက်ပေးနိုင်ခဲ့ပြီး ဆေးရုံရေယာဉ်ပေါ်ရှိ သားဖွားခန်း၌ ကိုယ်ဝန်ဆောင်မိခင် နှစ်ဦးကို အောင်မြင်စွာ မွေးဖွားပေးနိုင်ခဲ့ကာ ဆေးရုံတက်ရောက်ကုသရန်လိုအပ်သောဒေသခံပြည်သူ ၁၃ ဦးတို့ကိုလည်း သက်ဆိုင်ရာမြို့နယ်အသီးသီးရှိ တပ်မတော်ဆေးရုံများနှင့် ပြည်သူ့ဆေးရုံများသို့တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးနိုင်ခဲ့သည်။

တပ်မတော် မြစ်တွင်းသွားဆေးရုံရေယာဉ်(ရွှေပုဇွန်)နှင့် မြစ်ရေယာဉ်(စကု) တို့ ဖြင့် ပြန်လည်ရောက်ရှိလာသည့် တပ်မတော်နှင့်ကျန်းမာရေးဝန်ကြီးဌာနတို့မှ အထူးကု ဆေးအဖွဲ့ဝင်များအား နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ဂုဏ်ပြုပေးအပ်ချီးမြှင့်သည့် လက်ဆောင်ပစ္စည်းများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကိုယ်စား ဧရာဝတီရေတပ်စခန်းဌာနချုပ်ဌာနချုပ်မှူးက ပေးအပ်ချီးမြှင့်ခဲ့ပြီး စားသောက်ဖွယ်ရာများဖြင့် တည်ခင်းဧည့်ခံခဲ့သည်။

တပ်မတော်အထူးကု ဆေးအဖွဲ့ဝင်များ ပါဝင်သည့် တပ်မတော်မြစ်တွင်းသွား ဆေးရုံရေယာဉ်(ရွှေပုဇွန်)နှင့် မြစ်ရေယာဉ်(စကု)တို့အနေဖြင့် ၂၀၁၃ ခုနှစ်မှစတင်၍ ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသနှင့် မြစ်ကြောင်းများ တစ်လျှောက် ဆေးကုသရန် ခက်ခဲသော ကျေးရွာများရှိ ဒေသခံပြည်သူများအား ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိရာ ယခုခရီးစဉ်သည် (၁၈)ကြိမ်မြောက်ဖြစ်ပြီး ဒေသခံပြည်သူ စုစုပေါင်း ၁၇၈၇၃၅ ဦးတို့ကို ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်းနှင့် ဆေးရုံရေယာဉ်ပေါ်ရှိ သားဖွားခန်း၌ ကိုယ်ဝန်ဆောင်မိခင်၂၈ ဦးတို့အား အောင်မြင်စွာ မွေးဖွားပေးနိုင်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## ရေတာရှည်မြို့နယ်၌ တောင်ငူအထွေထွေရောဂါကုဆေးရုံကြီးမှ အထူးကုဆရာဝန်ကြီးများ နယ်လှည့်ကွင်းဆင်းဆေးကုသခြင်းများ ဆောင်ရွက်

ရေတာရှည် နိုဝင်ဘာ ၂၉

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် (၂၅) ခုတင်ဆံ့ပြည်သူ့ဆေးရုံကြီးသို့ တောင်ငူအထွေထွေရောဂါကု ဆေးရုံကြီးမှအထူးကုဆရာဝန်ကြီးများက ယနေ့နံနက် ၈ နာရီမှစတင်၍ မြို့နယ် ပြည်သူ့ဆေးရုံ၌ ဒေသခံပြည်သူများအား နယ်လှည့်ကွင်းဆင်းဆေးကုသပေးခြင်းများ အခမဲ့ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါဆေးဝါးကုသပေးရာတွင် အထွေထွေရောဂါ၊ အရိုးအထူးကု၊ ကလေးအထူးကု၊ ခွဲစိတ်ရောဂါအထူးကု၊ သားဖွားမီးယပ်အထူးကု၊ အကြောအဆစ်နှင့်ကိုယ်အင်္ဂါပြန်လည်သန်စွမ်းရေး ဆေးပညာအထူးကု၊ နား၊ နှာခေါင်း၊ လည်ချောင်းအထူးကု၊ မျက်စိအထူးကု၊ အရေပြားအထူးကု၊ သွားရောဂါအထူးကုဆရာဝန်ကြီးများက အထွေထွေလူနာ ၁၁၄ ဦး၊ ခွဲစိတ်ရောဂါ ၃၈ ဦး၊ သားဖွားမီးယပ်ရောဂါ ကိုးဦး၊ ကလေးရောဂါ ၁၅ ဦး၊ အရိုးအကြောလူနာ ၆၄ ဦး၊ သွားရောဂါ ၁၇ ဦး၊ နား၊ နှာခေါင်း၊ လည်ချောင်း ၃၂ ဦး၊ မျက်စိရောဂါ ၆၃ ဦး၊ အရေပြား ၁၅ ဦး၊ ကိုယ်အင်္ဂါပြန်လည်သန်စွမ်းရေး ၄၀၊ ရောဂါဗေဒ ၁၃ ဦး၊ ဓာတ်မှန် ၁၃ ဦး စုစုပေါင်း လူနာ ၄၃၃ ဦးကို အခမဲ့ကုသပေးနိုင်ခဲ့ကြောင်း ရေတာရှည်မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ သိရသည်။

ထိုသို့နယ်လှည့်ကွင်းဆင်းဆေးကုသပေးခြင်းကိုပဲခူးတိုင်းဒေသကြီးကုသရေးနှင့်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးဒေါက်တာသီဟ၊ တောင်ငူအထွေထွေရောဂါကုဆေးရုံအုပ်ကြီး၊ ရေတာရှည်မြို့နယ်



ကုသရေးဦးစီးဌာနမှူးနှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဥက္ကာသန်းနှင့် အဖွဲ့ဝင်များ၊ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ရေတာရှည်(ပြန်/ဆက်)

# တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်(ရေ)မှ စစ်ရေယာဉ်များသို့ သွားရောက်လေ့လာ၊ နှစ်နိုင်ငံ ချစ်ကြည်ရေး အားကစားပြိုင်ပွဲပြုလုပ်

**နေပြည်တော် နိုဝင်ဘာ ၂၉**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်သို့ ချစ်ကြည်ရေးခရီး ရောက်ရှိနေသော တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်(ရေ)44th PLA Navy Escort Task Group (ETG) မှစစ်ရေယာဉ်များဖြစ်သည့် ဖျက်သင်္ဘော Zi Bo နှင့် ဖရီးဂိတ်စစ်ရေယာဉ် Jing Zhou တို့ကို ယနေ့ညနေပိုင်းတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်ဇော်ဟိန်းနှင့် တပ်မတော်(ရေ)မှ အရာရှိကြီးများက သွားရောက်ကြည့်ရှုလေ့လာကြသည်။

အဆိုပါ စစ်ရေယာဉ်များကို လာရောက်လေ့လာသော တပ်မတော်(ရေ)မှအရာရှိကြီးများအား စစ်ရေယာဉ်များ၏ အဖွဲ့ခေါင်းဆောင် Senior Captain Sun Bo နှင့် တာဝန်ကျတပ်ဖွဲ့တို့က ကြိုဆိုခဲ့ကြပြီး ရေယာဉ်ပေါ်တွင် လိုက်လံရှင်းလင်းပြသပေးကာ အမှတ်တရ စုပေါင်းဓာတ်ပုံရိုက်ကြသည်။ ထို့နောက် ဖျက်သင်္ဘော Zi Bo ပေါ်၌ ညစာစားပွဲပြုလုပ်ရာ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ တပ်မတော်(ရေ)မှ အရာရှိကြီးများနှင့် နှစ်နိုင်ငံမှ အရာရှိများ တက်ရောက်ကြသည်။

**ယှဉ်ပြိုင်ကစား**

ထို့ပြင် ယနေ့နံနက်ပိုင်းတွင်လည်း တပ်မတော်(ရေ)မှ အရာရှိ၊ စစ်သည်များနှင့် တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်(ရေ)မှ အရာရှိ၊ စစ်သည်များသည် သန်လျင်တပ်နယ် အားကစားခန်းမတွင် နှစ်နိုင်ငံ ချစ်ကြည်ရေး ဘတ်စကက်ဘောပြိုင်ပွဲ



ယှဉ်ပြိုင်ကစားခဲ့ကြကြောင်းနှင့် တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်(ရေ)မှ အရာရှိ၊ စစ်သည်များအနေဖြင့် ရန်ကုန်မြို့ရှိ အထင်ကရနေရာများသို့ လေ့လာရေးခရီး သွားရောက်လည်ပတ်ခြင်းများ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်(ရေ)မှ စစ်ရေယာဉ်သုံးစင်းရှိ စစ်သည်များ ရန်ကုန်မြို့အတွင်း ချစ်ကြည်ရေးခရီးလည်ပတ်ခြင်း၊ နယ်စပ်ဒေသတရားဥပဒေစိုးမိုးရေး၊ လုံခြုံရေးလုပ်ငန်းများဆောင်ရွက်မှုအနေဖြင့် တရားမဝင် ဝင်ရောက်နေထိုင်သူများအား တရုတ်နိုင်ငံသို့ ပြန်လည်လွှဲပြောင်းပေးမှုအခြေအနေ၊ ဖမ်းဆီးခံထားရသော လွိုင်ကော်တက္ကသိုလ်မှ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူ ၁၉၃ ဦး ထပ်မံလွတ်မြောက်မှု၊ ၂၉-၁၁-၂၀၂၃ ရက်နေ့ ရှမ်းပြည်နယ်(အရှေ့မြောက်ဘက်)၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ကယားပြည်နယ်တို့တွင် ထိတွေ့တိုက်ပွဲ ဖြစ်ပွားမှုအခြေအနေများ၊ ရှမ်းပြည်နယ်အတွင်းရှိ EAO အဖွဲ့ဖြစ်သော (RCSS/SSA) နှင့် (SSPP)အဖွဲ့တို့ ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲခဲ့သောသတင်းနှင့်ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်း၏ ပြောကြားချက်

မြန်မာနိုင်ငံကို ချစ်ကြည်ရေးအလည်အပတ်ခရီးစဉ်နဲ့ မြန်မာ-တရုတ်ရေကြောင်း လုံခြုံရေးလေ့ကျင့်ခန်းဆောင်ရွက်ဖို့ ရောက်ရှိနေတဲ့ တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်(ရေ)မှ စစ်ရေယာဉ်သုံးစင်းမှ စစ်သည်တွေက ဒီနေ့မှာတော့ ရန်ကုန်မြို့အတွင်းမှာ ချစ်ကြည်ရေး ခရီးလည်ပတ်ခြင်း၊ သန်လျင်တပ်နယ်မှာတော့ ချစ်ကြည်ရေးဘတ်စကက်ဘောပြိုင်ပွဲ ကျင်းပပြုလုပ်ခြင်းနဲ့ မြန်မာ့တပ်မတော်(ရေ)မှ အရာရှိများက စစ်ရေယာဉ်တွေကို သွားရောက်လေ့လာခြင်း၊ ညစာစားပွဲတည့်ခင်းဧည့်ခံခြင်းလုပ်ငန်းများကို လုပ်ဆောင်ခဲ့ပါတယ်။ နယ်စပ်ဒေသတရားဥပဒေစိုးမိုးရေး၊ လုံခြုံရေး ကိစ္စရပ်တွေကို ပူးပေါင်းဆောင်ရွက်လျက်ရှိရာမှာ မြန်မာနိုင်ငံဘက်ကို တရားမဝင် ဝင်ရောက်နေထိုင်တဲ့ အမျိုးသား ၂၁၁ ဦး၊ အမျိုးသမီး ၅၁ ဦး စုစုပေါင်း ၂၆၂ ဦးကို တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ တာဝန်ရှိသူတွေထံကို လွှဲပြောင်းပေးနိုင်ခဲ့ပါတယ်။ အားလုံးလွှဲပြောင်းပေးခဲ့မှု ၁၀၁၇၀ ဦးရှိပြီး ဖြစ်ပါတယ်။ နှစ်နိုင်ငံအစိုးရနဲ့ နှစ်နိုင်ငံတပ်မတော်တွေအနေနဲ့ နီးကပ်စွာ၊ ရင်းနှီးစွာနေထိုင်လျက်ရှိပါတယ်။ ဒီဟာတွေနဲ့ ပတ်သက်ပြီး အနောက်နိုင်ငံတွေက ထောက်ပံ့ထားတဲ့ ပြည်ဖျက်မီဒီယာတွေအနေနဲ့ အမျိုးမျိုး ဝေဖန်နေတာတွေရှိပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် ကျွန်တော်တို့သည် ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေးမူကြီး (၅)ရပ်နဲ့အညီ နှစ်ပေါင်းများစွာ ချစ်ကြည်ရင်းနှီးစွာ နေထိုင်လာခဲ့တာဖြစ်ပါတယ်။ တရုတ်-မြန်မာနှစ်နိုင်ငံဆက်ဆံရေး၊ တပ်မတော်ချင်းဆက်ဆံရေး၊ ပြည်သူလူထုချင်း ဆက်ဆံရေးဟာ နောင်မှာလည်း မိုပိုရင်းနှီး ချစ်ကြည်နီးကပ်လာမှာဖြစ်ကြောင်း ပြောကြားလိုပါတယ်။

ဒီကနေ့မှာတော့ လွိုင်ကော်တက္ကသိုလ်ကနေဖမ်းသွားတဲ့ ဆရာ ဆရာမ၊ ကျောင်းသား ကျောင်းသူ ၁၉၃ ဦး ထပ်မံလွတ်မြောက်လာပါတယ်။ ငြိမ်းချမ်းရေးကို လိုလားတဲ့သူတွေ၊ ငြိမ်းချမ်းရေးအကျိုးဆောင်




အဖွဲ့တွေ၊ ကြားဝင်ညှိနှိုင်းပေးတဲ့အဖွဲ့တွေကိုလည်း ကျေးဇူးတင်ကြောင်းပြောကြားလိုပါတယ်။ နောက်ထပ် ၁၁ ဦး လွတ်မြောက်ဖို့ကျန်ပါသေးတယ်။ ဒါကိုလည်း ဆက်လက်ကြိုးပမ်းသွားမှာဖြစ်ကြောင်း ပြောကြားလိုပါတယ်။ မူဆယ် ၁၀၅ မိုင်ဘက်မှာတော့ ဒီနေ့ နေ့လယ်ပိုင်းမှာ ထိတွေ့တိုက်ပွဲဖြစ်ပွားမှုရှိခဲ့ပါတယ်။ ရန်သူ့ထံက အလောင်းလက်နက်များရရှိခဲ့ပါတယ်။ လောက်ကိုင်ကိုတော့ ရှေ့တိုက်ဒုံး ၁၅ လုံးနဲ့ လာရောက်ပစ်ခတ်တာရှိပါတယ်။ ကုန်းကြမ်းဘက်မှာတော့ တပ်မိသားစုဝင်တွေရဲ့ လုံခြုံရေး၊ တပ်မိသားစုဝင်တွေရဲ့ အသက်အန္တရာယ်အတွက် တပ်မတော်အနေနဲ့ နေရာရွှေ့ပြောင်းပေးလိုက်ရတာရှိပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီး တန့်ဆည်မှာတော့ KIA၊ PDF ပူးပေါင်းအဖွဲ့တွေအနေနဲ့ တန့်ဆည်ရဲစခန်းကို အင်အားအလုံးအရင်းနဲ့ ဝင်ရောက်တိုက်ခိုက်ခဲ့တာရှိပါတယ်။ တပ်မတော်အနေနဲ့ စစ်ကူပစ်ကူများ အချိန်မီရောက်ရှိပြီး ရန်သူကို ချေမှုန်းတိုက်ခိုက်ခဲ့ပါတယ်။ ရန်သူအကျအဆုံးများစွာရှိပါတယ်။ ကယားပြည်နယ်ဘက်မှာတော့ ကယားလွိုင်ကော်မှာရှိတဲ့ ပြည်နယ်ရဲတပ်ဖွဲ့ရုံးကို လာရောက်ပစ်ခတ်တာရှိပါတယ်။ တပ်မတော်နဲ့ မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေနဲ့ ရှပ်ရှပ်ချွံချွံပြန်လည်ချေမှုန်းခဲ့တာရှိပါတယ်။ ရန်သူအနေနဲ့ အကျအဆုံးများစွာရှိတယ်လို့ သိရပါတယ်။ ရှမ်းပြည်နယ် အရှေ့မြောက်ဘက်မှာ ဖြစ်ပွားနေတဲ့ ပဋိပက္ခတွေနဲ့ပတ်သက်ပြီး တရုတ်-မြန်မာနှစ်နိုင်ငံကြားမှာ အထင်အမြင်လွဲမှားအောင် ပဋိပက္ခတွေဖြစ်ပွားအောင် အမျိုးမျိုးသွေးထိုးလှုံ့ဆော်နေတဲ့ အဖွဲ့အစည်းတွေ၊ အထူးသဖြင့် အနောက်နိုင်ငံအထောက်အပံ့နဲ့ ရပ်တည်နေရတဲ့မီဒီယာတွေက ဦးတည်ဆောင်ရွက်လာကြောင်း တွေ့ရပါတယ်။ ဒါတွေကို အားလုံးက သတိပြုရမှာဖြစ်ပါတယ်။ ဒီနေ့မှာတော့ ရှမ်းပြည်နယ်ထဲမှာရှိတဲ့ EAO အဖွဲ့တွေရှိတယ်။ (RCSS/SSA) နဲ့ SSPP အဖွဲ့တို့ဟာ ပစ်ခတ်တိုက်မှုရပ်စဲခဲ့တယ်လို့ ကျွန်တော်တို့ သတင်းကောင်းကြားရပါတယ်။ ဒီ(RCSS/SSA)နဲ့ SSPP အဖွဲ့နှစ်ဖွဲ့အကြားမှာ အမြဲတမ်း ထိတွေ့တိုက်ပွဲဖြစ်ပွားမှုမရှိအောင် ပဋိပက္ခတွေရပ်တန့်အောင် တပ်မတော်အနေနဲ့ အမြဲတမ်းကြားဝင်ညှိနှိုင်းစေ့စပ်ပေးတာတွေ တစ်ဖွဲ့နဲ့တစ်ဖွဲ့ကြားမှာ သတင်းစကားပါးပေးတာတွေ အမြဲတမ်းလုပ်ဆောင်နေတာဖြစ်ပါတယ်။ ဒီနေ့ ဒီအချိန်မှာ TNLA၊ AA၊ MNDAA အဖျက်သမားတွေအနေနဲ့ ရှမ်းအရှေ့မြောက်ဘက်ဒေသမှာ ပြီးရင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက်မှာ ဖျက်ဆီးမှုလုပ်ငန်းတွေ၊ တိုင်းပြည်အကျိုးပျက်စီးမယ့် လုပ်ငန်းတွေ၊ ပြည်သူလူထုကို တိုက်ရိုက်ထိပါးစော်ကားတဲ့ လုပ်ငန်းတွေ ဆောင်ရွက်နေတာဖြစ်ပါတယ်။ ဒီလိုအချိန်မျိုးမှာ ဒေသခံပြည်သူလူထုဖြစ်တဲ့ ရှမ်းပြည်သူလူထုလည်း နစ်နာမှုအများကြီးရှိပါတယ်။ ရှမ်းပြည်သူလူထုရဲ့ နေအိမ်တွေမှာ ဝင်ရောက်ပြီး၊ အကာအကွယ်ယူပြီး တပ်မတော်ကို တိုက်ခိုက်ခဲ့တာမျိုးတွေရှိပါတယ်။ ဒါတွေကို အားလုံးက ဝိုင်းဝန်းပူးပေါင်း ဆန့်ကျင်ဆောင်ရွက်သွားရမှာဖြစ်ကြောင်း ပြောလိုပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

❖ ကျောဖုံးမှ

ရှုံးထွက်အဆင့်ကို ပထမဆုံးအကြိမ် တက်လှမ်းခွင့်ရရှိခဲ့တာ ဖြစ်ပါတယ်။ နိုဝင်ဘာ ၂၈ ရက် ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့တဲ့အခြားသော ချန်ပီယံလိဂ် အုပ်စုအဆင့်ပွဲစဉ်တွေမှာတော့ မန်စီးတီးအသင်းက လိုက်ပ်ဇစ်အသင်းကို သုံးဂိုး-နှစ်ဂိုး၊ ယန်းဘွိုင်းစ်အသင်းက ဘဲလ်ဂရိတ်အသင်းကို နှစ်ဂိုး-ဂိုးမရှိ၊ ရှက်တာဒိုးနက်အသင်းက ရွိုင်ရယ်အန်ဝ့ါအသင်းကို တစ်ဂိုး-ဂိုးမရှိ အသီးသီးနိုင်ပွဲရရှိခဲ့ပြီး ပီအက်စ်ဂျီအသင်းနဲ့ နယူးကာဆယ်အသင်းတို့ပွဲစဉ်မှာတော့ တစ်ဖက်တစ်ဂိုးစီ သရေရလဒ်ထွက်ပေါ်ခဲ့တာ ဖြစ်ပါတယ်။

ချန်ပီယံလိဂ်အုပ်စု အဆင့်ပွဲစဉ်(၅) ပွဲစဉ်တွေမတိုင်ခင်ကတည်းက မန်စီးတီးအသင်း၊ ရီးယဲလ်မက်ဒရစ်အသင်း၊ ရီးယဲလ်ဆိုစီဒက်အသင်း၊ လိုက်ပ်ဇစ်အသင်း၊ အင်တာမီလန်အသင်း၊ ဘိုင်ယန်မြူးနစ်အသင်းစတဲ့အသင်းခြောက်သင်းဟာ (၁၆)သင်းအဆင့်ကို တက်လှမ်းခွင့်ရရှိထားပြီးဖြစ်တာကြောင့် လက်ရှိအချိန်မှာ ချန်ပီယံလိဂ်(၁၆)သင်းအဆင့်ကို တက်လှမ်းခွင့်ရတဲ့အသင်း ၁၀ သင်းအထိရှိသွားပြီလည်း ဖြစ်ပါတယ်။

ချန်ပီယံလိဂ်(၁၆)သင်းအဆင့် ပထမအကျော့ပွဲစဉ်တွေကို ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၁၃ ရက်၊ ၁၄ ရက်၊ ၂၀ ရက်နှင့် ၂၁ ရက်တို့မှာလည်းကောင်း၊ ဒုတိယ အကျော့ပွဲစဉ်တွေကို မတ် ၅ ရက်၊ ၆ ရက်၊ ၁၂ ရက်နှင့် ၁၃ ရက်တို့မှာလည်းကောင်း ကျင်းပသွားမှာလည်း ဖြစ်ပါတယ်။

**ငွေကြယ်**

# အေဒင်ပင်လယ်ကွေ့၌ ရောက်ရှိနေသည့် အမေရိကန်လေယာဉ်တင်သင်္ဘောကို ခြေရာခံဖော်ထုတ်နိုင်ဟု အီရန်တပ်မတော်ပြောကြား



**တီဟီရန် နိုဝင်ဘာ ၂၉**

အီရန်တပ်မတော်သည် အေဒင်ပင်လယ်ကွေ့နှင့် အိုမန်ပင်လယ်အတွင်း၌ ရောက်ရှိနေသည့် အမေရိကန် လေယာဉ်တင်သင်္ဘောကို ခြေရာခံဖော်ထုတ်နိုင်ခဲ့ကြောင်း တရားဝင်သတင်းအေဂျင်စီ အိုင်နာက နိုဝင်ဘာ ၂၈ ရက်တွင် ပြောကြားသည်။

ယင်းလေယာဉ်တင်သင်္ဘောဟော်မုဇ်ရေလက်ကြားအတွင်းရှိနေမှုကို အီရန်အစောင့်တပ်ဖွဲ့၏ရေတပ်တပ်ဖွဲ့ဝင်များနှင့် ကြည်းတပ်၏ တပ်ဖွဲ့များအကြား သတင်းအချက်အလက် ဖလှယ်ခြင်းမှတစ်ဆင့် ခြေရာခံကာ ဖော်ထုတ်နိုင်ခဲ့ခြင်းဖြစ်သည်။

ဒေသတွင်း ရေပိုင်နက်အတွင်း အမေရိကန်လေယာဉ်တင်သင်္ဘော တည်ရှိနေခြင်းသည် ဒေသတွင်းလုံခြုံရေးကို တိုးတက်ကောင်းမွန်အောင် အထောက်အကူမပြုဘဲ တင်းမာမှုနှင့် မလုံခြုံမှုများကို တိုးပွားလာစေသည်ဟု အီရန်အဆင့်မြင့် တပ်မှူးများနှင့် တာဝန်ရှိသူများက ပြောသည်။

ဒေသတွင်းနိုင်ငံများက ပြည်ပဝင်ရောက်စွက်ဖက်မှုမရှိခြင်းဖြင့် ဒေသတွင်းလုံခြုံရေးကို အာမခံနိုင်ပြီး အမေရိကန်၏ တည်ရှိနေမှုကို မလိုအပ်ကြောင်း မှတ်ချက်ပြုပြောကြားသည်။

၎င်းလေယာဉ်တင်သင်္ဘော USS Dwight D. Eisenhower သည် ဟော်မုဇ်ရေလက်ကြားကို ဖြတ်ကျော်ပြီး မဟာဗျူဟာမြောက်ရေလမ်းကို ကင်းလှည့်မည်ဟု ကြေညာထားကြောင်း သိရသည်။

**ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - စိုးသူရ**



# ဟားမတ်စ်အဖွဲ့က လွှတ်ပေးလိုက်သည့် ပဉ္စမအသုတ် ဓားစာခံများ အစ္စရေးနိုင်ငံသို့ရောက်ရှိ

**ဂျေရုဆလင် နိုဝင်ဘာ ၂၉**

ဟားမတ်စ်အဖွဲ့က လွှတ်ပေးလိုက်သည့် ဂါဇာကမ်းမြောင်မှ ပဉ္စမအသုတ် ဓားစာခံများ အစ္စရေးနိုင်ငံသို့ ပြန်လည်ရောက်ရှိလာကြောင်း အစ္စရေးအစိုးရက နိုဝင်ဘာ ၂၈ ရက်တွင် ပြောကြားသည်။

အစ္စရေးနိုင်ငံသား ၁၀ ဦးနှင့် ထိုင်းနိုင်ငံသားနှစ်ဦးတို့အပါအဝင် ဓားစာခံ ၁၂ ဦးအား ၎င်းတို့၏ မိသားစုများနှင့် ပြန်လည်ပေါင်းစည်းရန် ကနဦးဆေးစစ်မှုခံယူရမည်ဖြစ်ကြောင်း အစ္စရေးဝန်ကြီးချုပ်ရုံးနှင့် အစ္စရေးတပ်ဖွဲ့တို့က မှတ်ချက်ပြုပြောကြားသည်။

အစ္စရေးနှင့် ဟားမတ်စ်တို့အကြား လေးရက်ကြာ အပစ်အခတ်ရပ်စဲရေးသည် နိုဝင်ဘာ ၂၈ ရက်တွင် သက်တမ်းကုန်ဆုံးခဲ့သောကြောင့် နောက်ထပ်နှစ်ရက် ထပ်မံသက်တမ်းတိုးခဲ့ကြောင်း ကာတာနိုင်ငံခြားရေးဝန်ကြီးဌာနက ထုတ်ပြန်ကြေညာခဲ့သည်။

အပစ်အခတ်ရပ်စဲရေး သက်တမ်းတိုးခြင်းနှင့်ပတ်သက်၍ အစ္စရေးက မှတ်ချက်မပေးသော်လည်း အစ္စရေးဓားစာခံများ ထပ်မံလွှတ်ပေးပါက ပါလက်စတိုင်း အမျိုးသမီးအကျဉ်းသား ၅၀ ကို ထပ်မံလွှတ်ပေးရန် အတည်ပြုကြောင်း နိုဝင်ဘာ ၂၈ ရက်တွင် ကြေညာခဲ့သည်။

အောက်တိုဘာ ၇ ရက်က ဂါဇာကမ်းမြောင်ဒေသတွင်ဖြစ်ပွားခဲ့သည့် အစ္စရေး၏ လေကြောင်းတိုက်ခိုက်မှုနှင့် မြေပြင်ထိုးစစ်ကို လက်တုံ့ပြန်သောအားဖြင့် ဟားမတ်စ်အဖွဲ့က ဓားစာခံ ၂၀၀ ကျော်ကို ဂါဇာသို့ ဖမ်းဆီးခေါ်ဆောင်သွားခဲ့သည်။

အစ္စရေး-ဟားမတ်စ် အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်၏ဖျန်ဖြေပေးသူများထဲမှ တစ်ဦးဖြစ်သည့် အစ္စရေးနိုင်ငံ ထောက်လှမ်းရေးအေဂျင်စီ Mossad အကြီးအကဲ David Barnea သည် ကာတာတွင် လက်ရှိရောက်ရှိနေကြောင်း အစ္စရေးဝန်ကြီးချုပ်ရုံးက အတည်ပြုခဲ့သည်။

၎င်း၏ ခရီးစဉ်သည် အပစ်အခတ်ရပ်စဲရေး ထပ်မံသက်တမ်းတိုးရန်အတွက် ဖြစ်နိုင်ခြေရှိသည်ဟု အစ္စရေးမီဒီယာက ပြောကြားသည်။

အစ္စရေးဓားစာခံ ၁၀ ဦးအား နိုင်ငံတကာကြက်ခြေနီအဖွဲ့သို့ နိုဝင်ဘာ ၂၈ ရက်တွင် လွှဲပြောင်းပေးခဲ့ကြောင်း ဟားမတ်စ်အဖွဲ့၏ လက်အောက်ခံ အယ်လ်ကမ်ဆမ်တပ်ဖွဲ့က ကြေညာခဲ့သည်။

**ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - စိုးသူရ**

# ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ စီမံကိန်း ငါးခုအတွက် ADB က ကန်ဒေါ်လာ တစ်ဘီလီယံကျော် ချေးငွေထုတ်ချေးမည်

**ဒါကာ နိုဝင်ဘာ ၂၉**

ဘင်္ဂလားဒေ့ရှ်အစိုးရနှင့် အာရှဖွံ့ဖြိုးရေးဘဏ်(ADB)တို့သည် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ စွမ်းအင်လုံလောက်မှုမြှင့်တင်ရန်၊ ကာကွယ်ဆေးထောက်ပံ့မှုချောမွေ့စေရန်နှင့် သောက်သုံးရေသန့်၊ သတင်းအချက်အလက်နည်းပညာနှင့် ကုန်သွယ်မှုစကြိုတို့ကို အဆင့်မြှင့်တင်ရေးတို့နှင့် ဆက်နွှယ်သော အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် စုစုပေါင်း အမေရိကန်ဒေါ်လာ တစ်ဘီလီယံကျော်တန်ဖိုးရှိ ချေးငွေသဘောတူညီချက် ငါးခုကို လက်မှတ်ရေးထိုးခဲ့ကြောင်း ယနေ့ ဆင်ဟွာသတင်းအရ သိရသည်။

အဆိုပါ ချေးငွေသဘောတူညီချက်များကို ဘင်္ဂလားဒေ့ရှ်အစိုးရနှင့် အာရှဖွံ့ဖြိုးရေးဘဏ်တို့က နိုဝင်ဘာ ၂၈ ရက်တွင် လက်မှတ်ရေးထိုးခဲ့ကြကြောင်း သိရသည်။

Essential Drugs Company Limited (EDCL) ၏လက်ရှိတည်နေရာတွင် ရောဂါရှာဖွေရေးနှင့် ကာကွယ်ဆေးထုတ်လုပ်ရေး စက်ရုံတည်ထောင်မည်ဖြစ်ကြောင်း မနီလာအခြေစိုက် အာရှဖွံ့ဖြိုးရေးဘဏ်က ပြောသည်။

၎င်းဘဏ်၏အဆိုအရ ဘန်ဒါဘန်၊ လာမာနှင့် ရန်ဂါမာတမြို့များတွင် တစ်ရက်လျှင် စုစုပေါင်း လီတာ ၄၄ သန်း ထုတ်ပေးနိုင်သည့် ရေသန့်စက်များကို ဖော်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါစီမံကိန်းတွင် စွန့်ပစ်အမှိုက်များကို သန့်စင်ရန်နှင့် စီမံခန့်ခွဲရန်အတွက် အမှိုက်စီမံခန့်ခွဲမှုအဆောက်အအုံစနစ်ကို ဖော်ဆောင်သွားမည်ဖြစ်ကြောင်းလည်း သိရသည်။ **ကိုးကား - ဆင်ဟွာ ဘာသာပြန် - အလင်းသစ်**

# ဖိလစ်ပိုင်နိုင်ငံ၏ နိုင်ငံခြားခရီးသွားဧည့်သည်ဝင်ရောက်မှု ရည်မှန်းထားသည်ထက် ကျော်လွန်

**မနီလာ နိုဝင်ဘာ ၂၉**

ဖိလစ်ပိုင်နိုင်ငံက ၂၀၂၃ ခုနှစ်တွင် နိုင်ငံခြားခရီးသွားဧည့်သည်ဝင်ရောက်မှု ၄ ဒသမ ၈ သန်းခန့်ရည်မှန်းထားရာ အဆိုပါအရေအတွက်ကို ကျော်လွန်ခဲ့ကြောင်း ခရီးသွားလုပ်ငန်းဝန်ကြီး ခရစ္စတီးနားဂါဆီရာဖရာစ်ကိုက ပြောကြားသည်။

နိုဝင်ဘာ ၂၇ ရက်အထိ ဖိလစ်ပိုင်နိုင်ငံသည် နိုင်ငံခြားခရီးသွားဝင်ရောက်မှု ၄၈၂၂၅၃၀ ကို ကြိုဆိုခဲ့ပြီး ပီဆို ၄၀၄ ဘီလီယံ (အမေရိကန်ဒေါ်လာ ၇ ဒသမ ၂၉၆ ဘီလီယံ) ရရှိခဲ့ကြောင်း ခရီးသွားလုပ်ငန်းဝန်ကြီး ခရစ္စတီးနားဂါဆီရာဖရာစ်ကိုက ဆက်လက်ပြောကြားသည်။

ယင်းတို့အနက် ၉၁ ဒသမ ၈၈ ရာခိုင်နှုန်းသည် နိုင်ငံခြားခရီးသွားများဖြစ်ပြီး ၈ ဒသမ ၁၂ ရာခိုင်နှုန်းမှာ ပြည်ပမှ နေရပ်သို့ ပြန်လာကြသည့် ဖိလစ်ပိုင်နိုင်ငံသားများဖြစ်ကြောင်း သိရသည်။

နိုင်ငံအတွင်းသို့ လာရောက်သည့် နိုင်ငံခြားခရီးသွားများအနက် တောင်ကိုရီးယားနိုင်ငံမှ ၂၆ ဒသမ ၃၇ ရာခိုင်နှုန်း၊ အမေရိကန်နိုင်ငံမှ ၁၆ ဒသမ ၅၃ ရာခိုင်နှုန်း၊ ဂျပန်နိုင်ငံမှ ၅ ဒသမ ၆၆ ရာခိုင်နှုန်းနှင့် တရုတ်နိုင်ငံမှ ၅ ဒသမ ၀၂ ရာခိုင်နှုန်း ရှိကြောင်း သိရသည်။

နိုင်ငံ၏ ခရီးသွားလုပ်ငန်းသည် နိုင်ငံသား ၅ ဒသမ ၃၅ သန်းခန့်ကို အလုပ်အကိုင်ဖန်တီးပေးထားနိုင်သည့်အတွက် အဆိုပါလုပ်ငန်းသည် နိုင်ငံ၏ စီးပွားရေးတိုးတက်မှုအတွက် ဒုတိယအမြင့်ဆုံး မောင်းနှင်အားဖြစ်ကြောင်း ခရီးသွားလုပ်ငန်းဝန်ကြီး ခရစ္စတီးနားဂါဆီရာဖရာစ်ကိုက ပြောကြားသည်။

ထို့ပြင် ၂၀၂၂ ခုနှစ်တွင် နိုင်ငံ၏ပြည်တွင်းထုတ်ကုန်စုစုပေါင်း၏ ၆ ဒသမ ၂ ရာခိုင်နှုန်းကို ခရီးသွားလုပ်ငန်းမှ ရရှိခဲ့ပြီး နိုင်ငံခြားသားဧည့်သည် ၂ ဒသမ ၆၅ သန်းကျော် ဝင်ရောက်ခဲ့သည်။

**ကိုးကား - ဆင်ဟွာ ဘာသာပြန် - အောင်ကျော်ကျော်**

# အိန္ဒိယနိုင်ငံ မွမ်ဘိုင်းမြို့၌ ဂက်စ်အိုးပေါက်ကွဲမှုကြောင့် အိမ်ငါးလုံး ပြိုကျ

**နယူးဒေလီ နိုဝင်ဘာ ၂၉**

အိန္ဒိယနိုင်ငံ မွမ်ဘိုင်းမြို့ရှိ လူစည်ကားသောနေရာတစ်ခုတွင် ဂက်စ်အိုးပေါက်ကွဲမှုကြောင့် နေအိမ်ငါးလုံး ပြိုကျခဲ့ကြောင်း တာဝန်ရှိသူများက ယနေ့ပြောကြားသည်။


မွမ်ဘိုင်းမြို့ ချမ်ဘားဆင်ခြေဖုံးရှိ ဂေါက်ကလပ်အနီးတွင် ဟင်းချက်ဓာတ်ငွေ့ဆလင်ဒါတစ်လုံး ပေါက်ကွဲခဲ့ခြင်းဖြစ်ကြောင်း အရပ်ဘက်အဖွဲ့အစည်း တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

အဆိုပါ ဂက်စ်ပေါက်ကွဲမှုကြောင့် ချမ်ဘားဆင်ခြေဖုံး၏လမ်းကျဉ်းတစ်ခုအတွင်းရှိ နေအိမ်များကို ပြိုကျပျက်စီးစေခဲ့သည်။

အပျက်အစီးများအောက်တွင် ပိတ်မိနေသူ ၁၁ ဦးကို ဘေးလွတ်ရာသို့ ကယ်ဆယ်နိုင်ခဲ့ပြီး ထိခိုက်ဒဏ်ရာရရှိသူလေးဦးကို ဆေးရုံသို့ ပို့ဆောင်ထားကြောင်း တာဝန်ရှိသူများက ပြောသည်။ ရုပ်မြင်သံကြားမှတ်တမ်းများတွင် ပြိုကျနေသော လှေကားများနှင့် လသာဆောင်များပါရှိသည့် ပျက်စီးနေသော အဆောက်အအုံများကို တွေ့မြင်နိုင်သည်။

**ကိုးကား - ဆင်ဟွာ**

**ဘာသာပြန် - အောင်ကျော်ကျော်**



# တနင်္သာရီတိုင်းဒေသကြီး ရေဖြူမြို့နယ်တွင် ငွေကျပ် ၈၇ ဒသမ ၄ ဘီလီယံတန်ဖိုးရှိ စိတ်ပြောင်းဆေး ကက်တမင်း ၂ ဒသမ ၃ တန် သိမ်းဆည်းရမိ

နေပြည်တော် နိုဝင်ဘာ ၂၉

တနင်္သာရီတိုင်းဒေသကြီး ရေဖြူမြို့နယ်တွင် ငွေကျပ် ၈၇ ဒသမ ၄ ဘီလီယံတန်ဖိုးရှိ စိတ်ပြောင်းဆေး ကက်တမင်း ၂ ဒသမ ၃ တန် ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် နိုဝင်ဘာ ၂၂ ရက် နံနက် ၁၀ နာရီ တွင် တနင်္သာရီတိုင်းဒေသကြီး ရေဖြူမြို့နယ် အလယ်စခန်းကျေးရွာအနီးတွင် ရေးမှ ထားဝယ်သို့ ခင်ဇော် မောင်းနှင်ပြီး အောင်ကျော်ဦး လိုက်ပါလာသည့် Sinotruk Tipper ယာဉ်ကို သတင်းအရ ရှာဖွေရာ ဒေသကာလတန်ဖိုး ငွေကျပ် ၈၇ ဒသမ ၄ ဘီလီယံတန်ဖိုးရှိ စိတ်ပြောင်းဆေး ကက်တမင်း ၂ ဒသမ ၃ တန် သိမ်းဆည်းရမိခဲ့ပြီး စစ်ဆေးဖော်ချက်အရ နိုဝင်ဘာ ၂၃ ရက် ညနေ ၅ နာရီတွင် ဖမ်းမိ ကက်တမင်းများ သယ်ဆောင်ရာ၌ ပူးပေါင်းပါဝင်သူ မနီနီလှိုင်ကို ဘားအံ-မော်လမြိုင် ကားလမ်း၊ ဇာသပြင် တံတားအနီးတွင် Toyota Landcruiser ယာဉ် တစ်စီးနှင့်အတူ ဆက်လက် သိမ်းဆည်းရမိခဲ့ကြောင်း၊ စစ်ဆေးဖော်ထုတ်ချက်အရ သိမ်းဆည်းရမိ စိတ်ပြောင်းဆေး ကက်တမင်းများကို ရှမ်းပြည်နယ်မှ တနင်္သာရီတိုင်းဒေသကြီးသို့ သယ်ဆောင်ခြင်း ဖြစ်ကြောင်းသိရှိရသဖြင့် ၎င်းတို့အား ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများကို ဆက်လက်စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း သိရသည်။



ခင်ဇော်နှင့် အောင်ကျော်ဦးတို့အား သိမ်းဆည်းရမိသည့် စိတ်ပြောင်းဆေး ကက်တမင်းများနှင့်အတူ တွေ့ရစဉ်။

သတင်းစဉ်

# တရားမဝင် သစ်မျိုးစုံ၊ စားသောက်ကုန်ပစ္စည်းများ၊ စက်သုံးဆီများ၊ လူသုံးကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများနှင့် မော်တော်ယာဉ်များ သိမ်းဆည်းရမိ




ပဲခူးတိုင်းဒေသကြီး၌ ဖမ်းဆီးရမိမှု။

နေပြည်တော် နိုဝင်ဘာ ၂၉

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ နိုဝင်ဘာ ၂၆ ရက်တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲ မှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ညောင်ခါးရှည် X-Ray စက် စစ်ဆေးရေးဂိတ်၌ မြဝတီမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသော ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် Envelope စာအိတ် ၅၀၀၀၀ အပါအဝင် ကုန်ပစ္စည်းလေးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၂၅၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Hyundai Bus တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၂၅၀၀၀၀ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

## အရေးယူဆောင်ရွက်လျက်ရှိ

ထို့ပြင် နိုဝင်ဘာ ၂၈ ရက်တွင် ကရင်ပြည်နယ်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူး အဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက ကျားကလေး-ဇာသပြင်-မော်လမြိုင် လမ်းပိုင်း၌ ရှောင်တခင် စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မြဝတီမြို့မှ မော်လမြိုင်မြို့သို့ မောင်းနှင်လာသော ယာဉ်နှစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် ပုစွန်နှစ်ကောင်စားအုန်းဆီ ငါးလီတာပါ ဘူး ၁၆၀၀၊ ပုစွန်နှစ်ကောင်စားအုန်းဆီ တစ်လီတာပါ ဘူး ၁၂၀၀၊ Corn Snack မုန့် ထုပ် ၂၈၈၀၊ Nabati Cream Wafer ထုပ် ၉၃၀၀၀ အပါအဝင် ကုန်ပစ္စည်းခုနစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၈၅၃၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan Condor Truck တစ်စီးနှင့် Nissan Diesel Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၀၀၀၀၀၀) စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၈၈၅၃၀၀၀၀ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် နိုဝင်ဘာ ၂၈ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ရာတွင် မုံရွာမြို့ မကျီးပင်ဈေးအနီး၌ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် ဒီဇယ်ဆီ (ချက်ဆီ) ဂါလန် ၅၆၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၄၀၈၀၀၀) ကို ရေနံနှင့်ရေနံထွက်ပစ္စည်းဆိုင်ရာဥပဒေအရလည်းကောင်း၊ စစ်ကိုင်းမြို့၌ တရားမဝင် ကျွန်းသစ် သုည ဒသမ ၅၀၅ တန် (ခန့်မှန်းတန်ဖိုးငွေ ၃၃၃၈၂၈ကျပ်)ကို သစ်တောဥပဒေအရလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေ ၁၂၇၄၆၂၈ ကျပ်ကို သိမ်းဆည်းအရေးယူဆောင် ရွက်လျက်ရှိသည်။

ထို့ပြင် နိုဝင်ဘာ ၂၈ ရက်တွင် နေပြည်တော်ကောင်စီနယ်မြေ တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဥတ္တရသီရိမြို့နယ်၌ တရားမဝင် ကျွန်းသစ် သုည ဒသမ ၄၉၇ တန် (ခန့်မှန်းတန်ဖိုးငွေ ၃၂၈၄၁၆ကျပ်)ကို သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် နိုဝင်ဘာ ၂၈ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ရာတွင် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း၌ မြဝတီမြို့မှ မန္တလေးမြို့သို့ မောင်းနှင်လာသော ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် Wai Wai ဆန်ကြာဆံထုပ် ၄၉၅၀ အပါအဝင် ကုန်ပစ္စည်းနှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၈၅၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Express တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀၀) ကိုလည်းကောင်း၊ ကော့ကရိတ်(တံတားကျိုး)စုပေါင်း စစ်ဆေးရေးစခန်း၌ မြဝတီမြို့မှ ဘားအံမြို့သို့ မောင်းနှင်လာသောယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် Yum Yum (မျက်လုံး) ခေါက်ဆွဲခြောက်ထုပ် ၁၀၅၀၀၊ ပလတ်စတစ်ကော်ခြင်း ၇၂၀ အပါအဝင် ကုန်ပစ္စည်းငါးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၁၅၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Canter တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၀၀၀၀၀၀) ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၆၈၀၀၀၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ နိုဝင်ဘာ ၂၈ ရက်တွင် ရန်ကုန်တိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ရာတွင် ရွာသာကြီး Dry Port ၌ မြဝတီမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသော ယာဉ်တစ်စီးပေါ်မှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားခြင်းမရှိသည့် ကော်မှုန့် ၅၉၀၀ ကီလိုဂရမ်အပါအဝင် ကုန်ပစ္စည်းနှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေ ၂၁၉၄၀၄၆၄ကျပ်) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Dong Feng Tractor Head တစ်စီးနှင့် နောက်တွဲယာဉ်တစ်တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၀၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေ၁၁၁၉၄၀၄၆၄ ကျပ်ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ နိုဝင်ဘာ ၂၆ ရက်နှင့် ၂၈ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၁၉ မှု (ခန့်မှန်းတန်ဖိုးငွေ၃၀၀၃၂၃၅၀၈ကျပ်) ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

သတင်းစဉ်

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၃၀-၁၁-၂၀၂၂ ကြာသပတေးနေ့

### MRTV HD

- ၀၆:၀၀ ပင်းကွန်းဆရာတော်ဘုရားကြီး၏ပရိတ်တရားတော် (ဓဇဂ္ဂသုတ်)
- ၀၇:၀၀ နံနက်ခင်းသတင်း
- ၀၈:၃၅ မြန်မာ့ကျောက်မျက်ရတနာ
- ၀၉:၁၅ NRC အစီအစဉ်
- ၁၀:၀၀ သတင်းထဲကသတင်း
- ၁၀:၃၀ ကမ္ဘာ့အမွေအနှစ်စာရင်းဝင်သရေခေတ္တရာ ပျူမြို့ဟောင်းဆီသို့
- ၁၂:၃၅ နိုင်ငံခြားဇာတ်လမ်းတွဲ 'ဘဝတက်ဘောအက်ဆေး' (အပိုင်း-၃၂)
- ၁၃:၃၀ MRTV National News
- ၁၄:၀၀ နိုင်ငံခြားဇာတ်လမ်းတွဲ 'တားဆီးကျော်ဖြတ်စုံစမ်းဖော်ထုတ်' (အပိုင်း-၁၈)
- ၁၅:၁၅ နိုင်ငံခြားဇာတ်လမ်းတွဲ 'ချစ်ပန်းရနံ့လွင့်ပျံ့အမုန်း' (အပိုင်း-၇၀)
- ၁၆:၃၅ လူမှုဘဝထဲကစက္ကူ
- ၁၇:၁၅ Soccer View
- ၁၇:၃၀ လူမှုစီးပွားသတင်းများ
- ၁၈:၀၀ ပြည်တွင်းသတင်း
- ၁၈:၃၅ ဘယ်သူမှန်လဲအပြိုင်ကြဲ
- ၁၉:၁၀ မြန်မာဇာတ်လမ်းတွဲ 'လျှို့ဝှက်လရောင်' (အပိုင်း-၁၃)
- ၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
- ၂၁:၀၀ သံစဉ်ချိုမြမြန်မာတေးအလှ
- ၂၁:၁၅ နိုင်ငံခြားဇာတ်လမ်းတွဲ 'တားဆီးကျော်ဖြတ်စုံစမ်းဖော်ထုတ်' (အပိုင်း-၂၀)

### mitv

- 07:01 Evergreen Classic: Hsu Myat Khay Mar (Tekkatho Lei Lei)
- 07:08 Mahar Thakya Atula Man Aung - Nga Htat Kyee
- 07:26 Myanmar Traditional Bullock-Cart & Equestrian Racing
- 07:37 Journey To The Mogok (Part-1)
- 08:01 News
- 08:26 Lawka Nandar Wildlife Sanctuary And Its Rare Star Tortoises
- 08:51 Healthy Diet: Balanced Diet
- 09:01 Discovering Tribes: Taung Yoe (Their Life and Customs)
- 09:24 Hsig Khaung Village In Hsihseng
- 09:35 Products of Myanmar - Craft Blacksmithing
- 10:01 News
- 10:27 Skilled Performance of Traditional Myanmar Colored Glass Ball (Ep-2)

### MRTV NRC

**မွန် (၀၆:၀၀ မှ ၀၈:၀၀)**
ဖြစ်တည်ထူးခြားစိတ်ဝင်စားဖွယ်ရာများ(အပိုင်း-၁) (သံတော်ရှင်ကျိုက်ထီးရိုး)

**ရခိုင် (၀၈:၀၀ မှ ၁၀:၀၀)**
မျိုးဗုက်တင့်ဝေ ယဉ်ကျေးမှုအမွေ(အပိုင်း-၂)

**ရှမ်း (၁၀:၀၀ မှ ၁၂:၀၀)**
ဆီမီးရောင်ပြာရွှေလသာ(ဇာတ်လမ်း)

**ဝ (၁၂:၀၀ မှ ၁၄:၀၀)**
ကွမ်းလုံမြို့သို့အလည်တစ်ခေါက်

**ကချင် (၁၄:၀၀ မှ ၁၆:၀၀)**
ပျားမွေးမြူရေး(လူသားတို့ရဲ့ကျေးဇူးရှင်များ)

**ကယား (၁၆:၀၀ မှ ၁၈:၀၀)**
အရောက်လှမ်းခဲ့ပါသေးချင်းတို့ရဲ့ချစ်စရာကယားမြေ

**စကောကရင် (၁၈:၀၀ မှ ၁၉:၀၀)**
သွားပိုးစားခြင်း

**အနောက်ပိုးကရင် (၁၉:၀၀ မှ ၂၀:၀၀)**
ပုသိမ်ထီးလုပ်ငန်း

**အရှေ့ပိုးကရင် (၂၀:၀၀ မှ ၂၁:၀၀)**
ဆွေညီနောင်များဘာသာစကားဖြင့် ချစ်ကြည်စေမည့် အမိမြန်မာပြည်(အပိုင်း-၉)

**ချင်း (လိုင်ဇို) (၂၁:၀၀ မှ ၂၂:၀၀)**
တောင်ကြာပန်းများပျော်စံရာ ဇိန်မှုတောင်

**ချင်း (ချို) (၂၂:၀၀ မှ ၂၃:၀၀)**
ချင်း(ချို)ဘာသာစကားပြောကြရအောင် (အပိုင်း-၃)

### MRTV NEWS

- ၀၆:၀၀ အဖွင့်၊ တေးသီချင်း
- ၀၆:၄၀ အားကစားသတင်း
- ၀၉:၀၀ ပြည်တွင်းသတင်း(LIVE)
- ၀၉:၁၅ ကမ္ဘာ့ဝန်းကျင်ဇီဝမျိုးကွဲစုံလင်
- ၁၂:၁၅ ထူးခြားစုံလင်အာရှပစိဖိတ်အစီအစဉ်
- ၁၄:၀၀ MRTV National News
- ၁၅:၀၀ ပြည်တွင်းသတင်း(LIVE)
- ၁၆:၀၀ သတင်းမှန်ကဏ္ဍ(LIVE)
- ၁၉:၀၀ ပြည်တွင်းသတင်း(LIVE)
- ၂၀:၀၀ ပြည်တွင်းသတင်း(LIVE)
- ၂၁:၀၀ ပြည်တွင်းသတင်း(LIVE)

### MRTV PARLIAMENT

- ၀၉:၀၀ အဖွင့်၊ အလံ
- ၀၉:၃၀ ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'အလည်လွန် အလွယ်လုပ် အလွဲဖြစ်'
- ၁၀:၀၀ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ကြေညာချက်သတင်းများ
- ၁၀:၃၀ ပြည်သူအားလုံးနှင့် သက်ဆိုင်သည့် အနာဂတ်ဒီမိုကရေစီ
- ၁၁:၀၀ နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း (အာဖရိကနိုင်ငံ)(အပိုင်း-၂)
- ၁၁:၃၀ ရှေ့သို့ချီမည်...ပန်းတိုင်ဆီ (အပိုင်း-၁၈)

### MRTV FARMERS' Channel

- ၀၆:၀၀ အဖွင့်၊ နိုင်ငံတော်သီချင်း၊ နှုတ်ခွန်းဆက်
- ၀၆:၁၀ ရတနာတန်းဝင်ရွှေကျွန်းပင်
- ၀၇:၀၀ တောင်သူလယ်သမားရေးရာသတင်းနှင့် မိုးလေဝသ
- ၁၈:၀၀ တိတ်ဆိတ်ခြင်း(ဇာတ်လမ်း)
- ၁၉:၃၀ HARVESTING and PRESERVING Food for Winter Storage
- ၂၂:၀၀ ကျားလန်မမိုး၊ တာတေတိုး(ဇာတ်လမ်း)
- ၂၃:၄၅ Home Vegetable Garden

### MRTV SPORTS

- ၀၆:၀၀ အဖွင့်
- ၀၆:၂၀ လူငယ်တို့အတွက်လမ်းပြကြယ်
- ၀၆:၅၀ Sports Max
- ၁၆:၃၀ MNL 2022 Match (Replay)
- ၁၈:၀၀ အားကစားသတင်း
- ၁၉:၂၅ Olympic Games

MRTV Application

Android iOS Huawei

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၄)နာရီ (၆)ကြိမ်နှုန်း ထုတ်လွှင့်ပြသလျက်ရှိပါသည်။

https://mrtv.gov.mm

## နယ်စပ်ဒေသများတွင် မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်နေသူများအား ဥပဒေနှင့်အညီဆောင်ရွက်နိုင်ရေး သက်ဆိုင်ရာတာဝန်ရှိသူများထံသို့ ဆက်လက်လွှဲပြောင်းပေးအပ်

နေပြည်တော် နိုဝင်ဘာ ၂၉

နိုင်ငံတော်အစိုးရအနေဖြင့် နယ်စပ်ဒေသများ အပါအဝင် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကို အလေးထားဆောင်ရွက်လျက်ရှိပြီး အချို့သော ပြည်ပနိုင်ငံသားများအနေဖြင့် နယ်စပ်ဒေသများမှတစ်ဆင့် မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်နေထိုင်လျက်ရှိကြောင်း သိရှိရသည့်အတွက် အုပ်ချုပ်ရေးအဖွဲ့အစည်းများမှ လိုအပ်သည့် စိစစ်မှုများပြုလုပ်ကာ ဥပဒေနှင့်အညီ ဆောင်ရွက်နိုင်ရေး သက်ဆိုင်ရာနိုင်ငံများသို့ ပြန်လည်လွှဲပြောင်းပေးအပ်လျက်ရှိသည်။

ထိုသို့ လွှဲပြောင်းပေးအပ်ခြင်းများကို ဆောင်ရွက်လျက်ရှိရာ ယနေ့တွင်လည်း တရုတ်နိုင်ငံသား အမျိုးသား ၂၁၁ ဦး၊ အမျိုးသမီး ၅၁ ဦး စုစုပေါင်း ၂၆၂ ဦးကို စိစစ်ဖော်ထုတ်ရရှိခဲ့ပြီး ထပ်မံလွှဲပြောင်းပေးနိုင်ခဲ့ခြင်းကြောင့် ၂၀၂၃ ခုနှစ် အောက်တိုဘာ ၃၁ ရက်မှ နိုဝင်ဘာ ၂၉ ရက်အထိ တရုတ်နိုင်ငံသား အမျိုးသား ၉၀၃၄ ဦး၊ အမျိုးသမီး ၁၁၃၆ ဦး စုစုပေါင်း ၁၀၁၇၀ တို့ကို ဖော်ထုတ်ရရှိခဲ့ပြီး ဥပဒေနှင့်အညီ လိုအပ်သည့် စိစစ်ခြင်းများဆောင်ရွက်ခဲ့ကာ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ တာဝန်ရှိသူများထံသို့ စနစ်တကျ ပြန်လည်လွှဲပြောင်းပေးအပ်ခြင်းများ ဆောင်ရွက်နိုင်ခဲ့သည်။

နိုင်ငံတော်အစိုးရအနေဖြင့် နယ်စပ်ဒေသများမှ တရားမဝင် ဝင်ရောက်နေထိုင်လျက်ရှိသည့် ပြည်ပနိုင်ငံသားများအား စိစစ်ဖော်ထုတ်ခြင်းနှင့် ပြန်လည်လွှဲပြောင်းခြင်းလုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ရခိုင်ပြည်နယ်အတွင်း စစ်တပ်က လက်နက်ကြီးများဖြင့်ပစ်ခတ်မှုကြောင့် ပြည်သူ ၁၂ ဦး သေဆုံးခဲ့သည်ဟု ပြည်သူလူထုမှ အထင်မြင်လွဲမှားစေရန် ပြည်ဖျက်မီဒီယာတစ်ခုဖြစ်သည့် DVB သတင်းဌာနက သတင်းတု၊ သတင်းအမှားများ ရေးသားဖြန့်ဝေလျက်ရှိ

နေပြည်တော် နိုဝင်ဘာ ၂၉

ရခိုင်ပြည်နယ်အတွင်း စစ်တပ်က လက်နက်ကြီးများဖြင့် ပစ်ခတ်မှုကြောင့် ၂၀၂၃ ခုနှစ် နိုဝင်ဘာ ၁ ရက်မှ ယနေ့အထိ အရပ်သားပြည်သူ အမျိုးသမီးလေးဦး၊ အမျိုးသားရှစ်ဦး စုစုပေါင်း ၁၂ ဦး သေဆုံးခဲ့သည်ဟု အေအေပီပီမှတ်တမ်းနှင့် သုတေသနဌာနက စောင့်ကြည့်လေ့လာမှုအရ သိရှိရကြောင်း တရားမဝင် ပြည်ဖျက်မီဒီယာတစ်ခုဖြစ်သည့် DVB သတင်းဌာနက သတင်းတု၊ သတင်းအမှားများ ရေးသားဖြန့်ဝေလျက်ရှိသည်ကို တွေ့ရှိရသည်။




တရားမဝင် ပြည်ဖျက်မီဒီယာများအနေဖြင့် နိုင်ငံတွင်းမတည်မငြိမ်ဖြစ်စေရန်နှင့် ဆူပူမှုများ ဖြစ်လာစေရန်အတွက် ကဏ္ဍပေါင်းစုံတွင် မဟုတ်မမှန်သတင်းများ လုပ်ကြံဖန်တီးရေးသားလျက်ရှိသည့်အပြင် တပ်မတော်နှင့်ပြည်သူများအကြား သွေးကွဲစေရန်၊ နိုင်ငံတကာမျက်နှာစာတွင် တပ်မတော်အား အထင်အမြင်လွဲမှားစေရန်အတွက်လည်း နည်းလမ်းမျိုးစုံအသုံးပြု၍ သွေးခွဲသပ်လျှိုလျက်ရှိသည်။

တပ်မတော်အနေဖြင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ပြည်သူများ၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်စောင့်ရှောက်ရေးတို့အတွက် အကြမ်းဖက်သမားများကို ထုတ်ပြန်ထားသည့် ထိတွေ့တိုက်ခိုက်မှုစည်းမျဉ်း (Rules of Engagement-ROE)နှင့်အညီ အကြမ်းဖက်ချေမှုန်းရေးစစ်ဆင်ရေး(Counter-Terrorism Operation)ကို တိကျစွာလိုက်နာဆောင်ရွက်လျက်ရှိပြီး ယခု တရားမဝင် ပြည်ဖျက်မီဒီယာက ရေးသားထားသည့်သတင်းမှာ မှန်ကန်မှုမရှိဘဲ တပ်မတော်မှ ပြည်သူများ နေထိုင်ရာနေရာများသို့ မည်သည့်အခါမှ လက်နက်ကြီးဖြင့် ပစ်ခတ်ခဲ့ခြင်းမရှိကြောင်း၊ အကြမ်းဖက်သောင်းကျန်းသူများသည် တည်ငြိမ်အေးချမ်းမှု ပျက်ပြားစေရန်အတွက် ပြည်သူများနေထိုင်ရာမြို့၊ ရွာများကို ရည်ရွယ်ချက်ရှိစွာ လက်နက်ကြီးများဖြင့် ပစ်ခတ်ခြင်းများသာရှိပြီး ထိုသို့ပစ်ခတ်မှုများကြောင့် အပြစ်မဲ့ပြည်သူအချို့ သေဆုံး၊ ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် နိုဝင်ဘာ ၂၉

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေး ဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

**အမှုဖွင့်အရေးယူ**

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း နိုဝင်ဘာ ၂၈ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမှုလုပ်ဆောင်ခဲ့သည့် "Ni Mar" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် အင်ကြင်းကုန်းကျေးရွာနေ နီမာအောင်အား ညနေ ၅ နာရီ ၁၅ မိနစ်တွင် ဆွာနယ်မြေရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## မြိတ်မြို့နှင့် ထားဝယ်မြို့တို့တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက အရပ်သားများကို ပစ်မှတ်ထားဖမ်းဆီးနေဟု သတင်းမှားဖြန့်ဝေ




နေပြည်တော် နိုဝင်ဘာ ၂၉

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နှင့် ထားဝယ်မြို့နယ်တို့တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက အရပ်သားများအား အစစ်အဆေးမရှိ ဖမ်းဆီးမှုများ ဆက်တိုက်ပြုလုပ်နေကြောင်း၊ ထားဝယ်မြို့ ကြက်စာပြင်ရပ်ကွက် စောမိညိုလမ်းနှင့် ကာစတန်ဆိပ်ကမ်း၌ နိုဝင်ဘာ ၂၆ ရက် ညပိုင်းတွင် ဒေသခံအမျိုးသား ၃၀ နီးပါးကို လုံခြုံရေးအဖွဲ့မှ ဖမ်းဆီးသွားကြောင်း လူမှုကွန်ရက်စာမျက်နှာများတွင် သတင်းတု၊ သတင်းအမှားများ ရေးသားဖော်ပြလျက်ရှိသည်ကို တွေ့ရှိရသည်။

အဆိုပါသတင်းနှင့်ပတ်သက်၍ သက်ဆိုင်ရာနယ်မြေတွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ လုပ်ကြံသတင်းအတုသာဖြစ်ကြောင်းနှင့် နိုဝင်ဘာ ၂၆ ရက်တွင် လုံခြုံရေးအဖွဲ့များ ယင်းနေရာ၌ လုံခြုံရေးတာဝန် ထမ်းဆောင်ခဲ့မှုမရှိကြောင်း သိရသည်။

သို့ဖြစ်ပါ၍ တရားမဝင်ပြည်ဖျက်မီဒီယာများအနေဖြင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုပျက်ပြားစေရန်နှင့် လုံခြုံရေးအဖွဲ့များမှ ပြည်သူများ စိတ်အေးချမ်းသာစွာ သွားလာနေထိုင်နိုင်ရန်အတွက် တာဝန်ထမ်းဆောင်နေမှုများအပေါ် အထင်အမြင်လွဲမှားစေရန် ဦးတည်ရည်ရွယ်၍ ကောလာဟလ သတင်းတု၊ သတင်းမှားများကို ဖန်တီးရေးသားဖြန့်ဝေခြင်းသာဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## မှော်ဘီမြို့နယ်၌ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

မှော်ဘီ နိုဝင်ဘာ ၂၉

ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ယနေ့နံနက်ပိုင်းတွင် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်း ဆောင်ရွက်ပြီးစီးနေမှုအခြေအနေများကို တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။



ကွင်းဆင်း စစ်ဆေးရာတွင်လည်း မှော်ဘီခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနခရိုင်ဦးစီးမှူး ဒေါ်ဆွေဆွေမြင့်၊ မှော်ဘီမြို့နယ် ဦးစီးမှူး ဦးတင်စိုး၊ မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ခံအင်ဂျင်နီယာများနှင့် အဖွဲ့သည် ပက်တန်းကျေးရွာတွင် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်းရန်ပုံငွေကျပ် သိန်း ၁၅၀၊ မြစိမ်းရောင်အတိုးရ ငွေကျပ် ၆၄ သိန်းနှင့် ကျေးရွာပြည်သူလူထုထည့်ဝင်ငွေကျပ် ၁၀ သိန်း စုစုပေါင်း ငွေကျပ် ၂၂၄ သိန်းဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးကြပြီး ကော်မတီဝင်များ၊ ကျေးရွာနေပြည်သူများနှင့် တွေ့ဆုံကာ လမ်းအရည်အသွေး စံချိန်စံညွှန်းပြည့်မီရေး၊ သတ်မှတ်ရက်အတွင်း အချိန်မီပြီးစီးရေးနှင့် မိမိတို့ ကျေးရွာတွင်းလမ်း ကြာရှည်တည်တံ့ကောင်းမွန်စေရေး ထိန်းသိမ်းဆောင်ရွက်သွားကြရန်တို့ကို ရှင်းလင်းပြောကြားသည်။


မှော်ဘီမြို့နယ်အတွင်း ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ကျေးရွာတိုးတက်ရေးလုပ်ငန်း ၁၄ ခုကို ကျေးရွာ ၁၄ ရွာတို့တွင် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပြီး ကျေးရွာတွင်းကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ကျေးရွာ ၁၂ ရွာနှင့် ကျေးရွာတွင်း ဂဝံလမ်းခင်းခြင်းလုပ်ငန်းကို ကျေးရွာနှစ်ရွာတို့တွင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ဇင်မင်းထိုက်(ထန်းတပင်)**


# နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စေတနာရှင်အလှူရှင် ပြည်သူများက ထောပတ်ထမင်းဘူးများ ပေးအပ်လှူဒါန်း

နေပြည်တော် နိုဝင်ဘာ ၂၉

နိုင်ငံတော် ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံ ထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များ အတွက် စေတနာရှင်အလှူရှင် ပြည်သူများက အလှူငွေများ ပေးအပ်လှူဒါန်းလျက်ရှိသည့်အပြင် စားသောက်ဖွယ်ရာများကိုလည်း ပေးပို့လှူဒါန်းလျက်ရှိသည်။







## ပေးအပ်လှူဒါန်း

ယနေ့တွင်လည်း စေတနာရှင် အလှူရှင် ပြည်သူများက အရှေ့မြောက်တိုင်းစစ်ဌာနချုပ်နယ်မြေအတွင်း နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များ ထမ်းဆောင်နေသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ထောပတ်ထမင်းဘူးများကို ပေးအပ်လှူဒါန်းကြရာ တာဝန်ရှိသူများက လက်ခံရယူပြီး လားရှိုးမြို့မှတစ်ဆင့် တပ်မတော် မော်တော်ယာဉ်များ၊ ရဟတ်ယာဉ်များဖြင့် လုံခြုံရေး တပ်ဖွဲ့ဝင်များ၏ လက်ဝယ်အရောက် လိုက်လံပို့ဆောင်ပေးကြသည်။

## ရေးသားပေးပို့

စေတနာရှင် ပြည်သူများ လှူဒါန်းသည့်ထောပတ်ထမင်းဘူးများနှင့်အတူ ရဟန်းသံဃာများနှင့် ပြည်သူများက ရေးသားပေးပို့သည့် “တိုင်းပြည်နှင့် ပြည်သူများအပေါ်မှာ ကာကွယ်စောင့်ရှောက်တဲ့ မြင့်မြတ်စိတ်ထားကောင်းတဲ့ တပ်မတော်သားများ ရန်သူမျိုးငါးပါးမှ ကင်းဝေးကြပါစေ၊ တပ်မတော်သားများဘေးအန္တရာယ် ကင်းရှင်းပါစေ၊ ကျန်းမာပါစေ၊ တိုက်ပွဲတိုင်း အောင်မြင်ပါစေ” စသည့် ဆုတောင်းမေတ္တာစာလွှာများပါရှိကြောင်း သိရသည်။

သတင်းစဉ်

# ရွှေပြည်သာမြို့နယ်၌ ထပ်ဆင့်ဂုဏ်ပြုဆုချီးမြှင့်ပွဲ ကျင်းပ

ရန်ကုန် နိုဝင်ဘာ ၂၉

ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ်၌ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌဖလားတွင် တံခွန်စိုက်ဒိုင်းဆုရရှိခဲ့သော အသက် ၂၅ နှစ်အောက် အမျိုးသားဘောလုံးအသင်းနှင့် (၂၄) ကြိမ်မြောက် မြန်မာ့ရိုးရာ အဆို၊ အက၊ အရေး၊ အတီး ဗဟိုအဆင့်ပြိုင်ပွဲတွင် ရွှေတံဆိပ်ဆုရရှိခဲ့သော ပြိုင်ပွဲဝင်များအား ထပ်ဆင့်ဂုဏ်ပြုဆုချီးမြှင့်ခြင်း အခမ်းအနားကို



ယနေ့နံနက် ၁၀ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင်မြို့နယ်အားကစားနှင့်ကာယပညာကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြင့်ဦးက ဂုဏ်ပြုအမှာစကားပြောကြားပြီး ရွှေပြည်သာမြို့နယ် ဘောလုံးအသင်းက တံခွန်စိုက်ဒိုင်းဆု အပ်နှံမှုကို လက်ခံရယူသည်။

ဆက်လက်၍ ဆုရရှိခဲ့သူများနှင့် တာဝန်ရှိသူများအား မြို့နယ်အားကစားနှင့် ကာယပညာကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့များက ဂုဏ်ပြုချီးမြှင့်ငွေနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်ရာ ဆုရရှိသူများနှင့်တာဝန်ရှိသူများက လက်ခံရယူကြပြီး အောင်ပွဲရအားကစားသမားများနှင့် ရွှေတံဆိပ်ဆုရရှိခဲ့သူများက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ထို့နောက် အခမ်းအနားသို့ တက်ရောက်လာကြသူများအား ပြိုင်ပွဲတွင် ရွှေတံဆိပ်ဆုရရှိခဲ့သော ပြိုင်ပွဲဝင်များက အိုးစည်ဖြင့် ကပြဖျော်ဖြေပြီး အမှတ်တရစုပေါင်းမှတ်တမ်းဓာတ်ပုံ ရိုက်ကူးခဲ့ကြကြောင်း သိရသည်။

ဉာဏ်ဟိန်း



# ထားဝယ်မြို့စည်ပင်သာယာမြို့မဈေးကြီးတွင် မီးဘေးသဏ္ဍာန်တူ ဇာတ်တိုက်လေ့ကျင့်

ထားဝယ် နိုဝင်ဘာ ၂၉

ထားဝယ်ခရိုင်အတွင်း မီးဘေးအန္တရာယ်နှင့် အခြားသောသဘာဝဘေးအန္တရာယ် ကျရောက်လာပါက အထိရောက်ဆုံးနှင့် အမြန်ဆုံး ကယ်ဆယ်ရေးလုပ်ငန်းများ တုံ့ပြန်ဆောင်ရွက်ပေးနိုင်ရန်အတွက် မီးသတ်ဦးစီးဌာနမှဦးစီး၍ မီးသတ်တပ်ဖွဲ့၊ စည်ပင်သာယာရေးအဖွဲ့၊ ကြက်ခြေနီတပ်ဖွဲ့၊ အရေးပေါ်လူနာကူညီသယ်ဆောင်ရေးအဖွဲ့၊ ဈေးအကျိုးတော်ဆောင်များနှင့် ဈေးသူ ဈေးသားများပူးပေါင်း၍ ယမန်နေ့ နံနက် ၉ နာရီခွဲက ထားဝယ်မြို့စည်ပင်သာယာမြို့မဈေးကြီးတွင် မီးဘေးသဏ္ဍာန်တူဇာတ်တိုက်လေ့ကျင့်မှုများ ဆောင်ရွက်ခဲ့သည်။

## သရုပ်ပြဆောင်ရွက်

အဆိုပါဇာတ်တိုက်လေ့ကျင့်ရာနေရာသို့ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဘုန်းမြတ်သူ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြည့်ရှုအားပေးခဲ့ကြပြီး သန္ဓေတပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များက မီးငြိမ်းသတ်ယာဉ်၊ လူနာကူညီသယ်ဆောင်ရေးယာဉ်များဖြင့် အလျင်အမြန်ရောက်ရှိနေရာယူကြကာ မီးဘေးသဏ္ဍာန်တူ ဈေးအဆောက်အအုံအား မီးငြိမ်းသတ်ခဲ့ကြရာ ရှာဖွေကယ်ဆယ်ရေးသုံး ပစ္စည်းကိရိယာများအားအသုံးပြု၍ ကယ်ဆယ်ခြင်းလုပ်ငန်းများကို သရုပ်ပြဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

ငွေဇင်ယော်(ထားဝယ်)

# ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၃၀-၁၁-၂၀၂၃

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၁၇၀ | ၂၂၂၀ | ၂၂၁၅ | ၂၁၈၀ | ၂၂၂၀ | ၂၂၄၅ | ၂၂၃၀ | ၂၂၀၅ | ၂၃၀၅ | ၂၃၂၀ | ၂၂၁၀ | ၂၂၂၀ | ၂၂၅၅ | ၂၂၆၀ | ၂၂၆၀ | ၂၄၉၀ | ၂၉၅၀ |
| 95 Ron | ၂၃၀၀ | ၂၃၅၀ | ၂၃၄၅ | ၂၃၀၅ | ၂၃၄၅ | ၂၃၇၀ | ၂၃၅၅ | ၂၃၃၀ | ၂၄၃၀ | ၂၄၄၅ | ၂၃၄၀ | ၂၃၅၅ | ၂၃၈၅ | ၂၃၈၅ | ၂၃၈၅ | ၂၆၁၅ | ၃၀၅၀ |
| HSD (500 ppm) | ၂၂၀၀ | ၂၂၄၅ | ၂၂၄၀ | ၂၂၀၅ | ၂၂၄၅ | ၂၂၇၀ | ၂၂၆၅ | ၂၂၃၀ | ၂၃၅၀ | ၂၃၄၅ | ၂၂၄၀ | ၂၂၄၅ | ၂၂၈၅ | ၂၂၈၅ | ၂၂၈၅ | ၂၅၁၅ | ၃၂၉၀ |
| HSD (50 ppm) | ၂၂၉၀ | ၂၃၄၀ | ၂၃၄၀ | ၂၃၀၀ | ၂၃၄၀ | ၂၃၆၅ | ၂၃၆၀ | ၂၃၂၅ | ၂၄၄၅ | ၂၄၄၀ | ၂၃၃၀ | ၂၃၄၅ | ၂၃၇၅ | ၂၃၈၀ | ၂၃၈၀ | ၂၆၁၀ | ၃၃၅၀ |
| HSD (10 ppm) | ၂၂၉၅ | ၂၃၄၅ | ၂၃၄၀ | ၂၃၀၅ | ၂၃၄၀ | ၂၃၆၅ | ၂၃၆၀ | ၂၃၃၀ | ၂၄၅၀ | ၂၄၄၅ | ၂၃၃၅ | ၂၃၄၅ | ၂၃၈၀ | ၂၃၈၀ | ၂၃၈၅ | ၂၆၁၅ | ၃၃၅၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၀၆၄ | ၂၁၃၉ |
| 95 Ron | ၂၁၈၆ | ၂၂၆၃ |
| HSD (500 ppm) | ၂၀၉၀ | ၂၁၆၁ |
| HSD (50 ppm) | ၂၁၈၀ | ၂၂၅၃ |
| HSD (10 ppm) | ၂၁၈၃ | ၂၂၅၆ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၁၂၉၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

# မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်

နေပြည်တော် နိုဝင်ဘာ ၂၉

စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျားနှင့် တနင်္သာရီတိုင်းဒေသကြီးတွင် နေရာကျဲကျဲ မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

မိုး/ဇလ

# ကိုယ်ပိုင်လုပ်ငန်းများထူထောင်လုပ်ကိုင်နိုင်ရန်အတွက် လုပ်ငန်းသုံးပစ္စည်းများရင်းနှီးမတည်ပေးအပ်

ဘားအံ နိုဝင်ဘာ ၂၉

သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကရင်ပြည်နယ် အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာနမှ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့် အသေးစားကုန်ထုတ်လုပ်ငန်းများဖန်တီးပေးနိုင်ရေး နှင့် ကျေးလက်နေ မိသားစုဝင်ငွေတိုးရေးစီမံကိန်း အတွက် သင်တန်းထူးချွန်သူများအား လုပ်ငန်းသုံး ပစ္စည်းများပေးအပ်ပွဲနှင့် ထုတ်ကုန်ပစ္စည်းပြပွဲကို ယနေ့ နံနက် ၁၀ နာရီက ဘားအံမြို့ ဖွဲကပင်ခန်းမ၌ ကျင်းပသည်။

## မဖြစ်မနေထူထောင်သွားရမည်

လုပ်ငန်းသုံးပစ္စည်းများ ရင်းနှီးမတည်ပေးအပ် ရာတွင် ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးက ပြည်နယ်၊ ခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာနတို့မှ ဆောင်ရွက်ခဲ့သည့် အသက်မွေး ဝမ်းကျောင်းပညာသင်တန်းများမှ လုပ်ငန်းထူထောင် နိုင်ရန်အတွက် သတ်မှတ်ချက်နှင့်ပြည့်စုံသော ထူးချွန်သင်တန်းသား ၂၀ ကိုရွေးချယ်ပြီး ဒေသဖွံ့ဖြိုး ရေးသုံးပစ္စည်းများကို စီမံကိန်းလက်စွဲစာစောင်နှင့် အညီအသုံးပြုနိုင်ရေး ပေးအပ်သွားမည်ဖြစ်သည့် အတွက် လက်ခံရရှိပြီးသည့်အခါ အသေးစားကုန် ထုတ်လုပ်ငန်းများကို မဖြစ်မနေ ထူထောင်သွားရမည်




ဖြစ်ကြောင်း၊ အသေးစား ကုန်ထုတ်လုပ်ငန်းများ ပေါ်ထွန်းလာရေးကို ဆောင်ရွက်ပေးခြင်းဖြင့် တစ်ပိုင် တစ်နိုင် ကိုယ်ပိုင်လုပ်ငန်းများ ထူထောင်လုပ်ကိုင်လာ နိုင်ခြင်း၊ ကုန်ထုတ်လုပ်ငန်းများပေါ်ထွန်းလာခြင်း တို့ကြောင့် မိသားစုဝင်ငွေတိုးပွားလာပြီး နိုင်ငံတော် ၏ စီးပွားရေးဦးတည်ချက်ကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုစေမည်ဖြစ်ကြောင်း၊ ကိုယ်ပိုင် လုပ်ငန်းများ ထူထောင်ပြီးနောက် အောင်မြင်သည့် လုပ်ငန်းရှင်ကြီးများဖြစ်အောင်၊ ဒေသအကျိုး၊ နိုင်ငံ အကျိုးကိုသယ်ပိုးဆောင်ရွက်နိုင်သူများဖြစ်အောင် ကြိုးစားလုပ်ကိုင်ကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်အသေးစားစက်မှုလက်မှု လုပ်ငန်းဦးစီးဌာန ပြည်နယ်ဦးစီးမှူးက အသေးစား ကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေမိသားစု ဝင်ငွေတိုးရေးစီမံကိန်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ် တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်အစိုးရ အဖွဲ့ဝင်များက အခြေခံစက်ချုပ်သင်တန်း၊ စားသောက် ကုန်ထုတ်လုပ်မှုသင်တန်း၊ အိမ်သုံးလျှပ်စစ်ပစ္စည်း များပြုပြင်ခြင်းသင်တန်းတို့မှ ထူးချွန်သင်တန်းသား သင်တန်းသူများအား ၎င်းတို့နှင့်သက်ဆိုင်သည့် လုပ်ငန်းသုံးပစ္စည်းများ ရင်းနှီးမတည် ပေးအပ်ခဲ့ ကြပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ထူးချွန် သင်တန်းသား သင်တန်းသူများကို ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်၍ လုပ်ငန်းသုံးပစ္စည်းများနှင့် သင်တန်းသား သင်တန်းသူများ၏ ထုတ်ကုန်ပစ္စည်း များကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြသည်။

ယနေ့ ရင်းနှီးမတည်ပေးအပ်ပွဲတွင် စက်ချုပ် နည်းပညာသင်တန်းတစ်ခုအတွက် အပ်ချုပ်စက်နှင့် ဆက်စပ်ပစ္စည်းများ၊ စားသောက်ကုန်ထုတ်လုပ်မှု နည်းပညာသင်တန်းနှစ်ခုအတွက် စားသောက်ကုန် ထုတ်လုပ်သည့် ဆက်စပ်ပစ္စည်းများ၊ အိမ်သုံးလျှပ်စစ် ပစ္စည်းများ ပြုပြင်နည်းသင်တန်းတစ်ခုအတွက် လျှပ်စစ်ပစ္စည်းပြုပြင်သည့် ဆက်စပ်ပစ္စည်းများ စသည်ဖြင့် သင်တန်းတစ်ခုလျှင် ထူးချွန်သင်တန်း သား ငါးဦးအားရွေးချယ်၍ ငွေကျပ် သိန်း ၅၀ တန်ဖိုးရှိ လုပ်ငန်းသုံးပစ္စည်းများ ရင်းနှီးမတည် ပေးအပ်ခဲ့ကြောင်း သိသည်။

ပြည်နယ်(ပြန်/ဆက်)

# မြန်မာနိုင်ငံပြည်သူ့ကျန်းမာရေးပညာရပ်ဆိုင်ရာနှီးနှောဖလှယ်ပွဲ(၂၀၂၃)အကြို လှုပ်ရှားမှုများဆောင်ရွက်



ပျဉ်းမနား နိုဝင်ဘာ ၂၉

မြန်မာနိုင်ငံပြည်သူ့ကျန်းမာရေး ပညာရပ်ဆိုင်ရာ နှီးနှော ဖလှယ်ပွဲ(၂၀၂၃)အကြိုလှုပ်ရှားမှုအဖြစ် ပျဉ်းမနားမြို့နယ် ပြည်သူ့ ကျန်းမာရေးဦးစီးဌာနမှ အသက် ငါးနှစ်အောက်ကလေး အာဟာရ မြှင့်တင်ရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှု ဆောင်ရွက်ခြင်း အခမ်း အနားကို ယနေ့နံနက်ပိုင်းက မိခင်နှင့်ကလေးမူကြိုကျောင်း၌ ကျင်းပ ခဲ့သည်။

ဦးစွာ နေပြည်တော်ပြည်သူ့ကျန်းမာရေးဦးစီးဌာန မြို့နယ် ကျန်းမာရေးမှူး ဦးညွန့်ဝေက ပြည်သူ့ကျန်းမာရေးဦးစီးဌာန၏ လုပ်ငန်းဆောင်ရွက်ချက်များအကြောင်းကို ရှင်းလင်းပြောကြား ခဲ့သည်။ ယင်းနောက် ဒေါက်တာထူးရဲအောင်က မူကြိုကလေးငယ် များအား သွားကျန်းမာရေးကောင်းမွန်စေရန်အတွက် သွားနှင့်ခံတွင်း သန့်ရှင်းရေးပြုလုပ်ပုံအဆင့်ဆင့်အကြောင်းကို ရှင်းလင်းပြောကြား ခဲ့သည်။ ဆက်လက်၍ ဦးစီးအရာရှိ မာမီဒေါ်စောမြင့်က ငါးနှစ်အောက် ကလေးငယ်များ အာဟာရအကြောင်း သိကောင်းစရာများကိုရှင်းလင်း ပြောကြားခဲ့ပြီး အမျိုးသမီးကျန်းမာရေး ဆရာမများက အာဟာရ အကြောင်း သိကောင်းစရာများဖြစ်သည့် ရောဂါကာကွယ်သော အစာအုပ်စုများအကြောင်း၊ ခန္ဓာကိုယ်ကြီးထွားစေသော အစာ အုပ်စုနှင့် အင်အားဖြစ်စေသော အစာအုပ်စုများအကြောင်းကို အသီးသီး ရှင်းလင်းပြောကြားခဲ့ကြသည်။

ယင်းနောက် အခမ်းအနားသို့ တက်ရောက်လာကြသည့် တာဝန် ရှိသူများက မူကြိုကလေးငယ်လေးများအား သွားတိုက်ဆေးဘူးများ လက်ဆောင်ပေးခဲ့ကြောင်း သိရသည်။

မျိုးသီဟ(ပြန်/ဆက်)

ဒိုက်ဦး နိုဝင်ဘာ ၂၉

ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့နယ်၌ မြန်မာနိုင်ငံပြည်သူ့ ကျန်းမာရေးပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲ(၂၀၂၃)ကို ကြိုဆိုဂုဏ်ပြု သောအားဖြင့် မြို့နယ်ပြည်သူ့ကျန်းမာရေးဌာနမှ ပြည်သူ့ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်ရာတွင် ဒိုက်ဦးမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီး ဌာနမှူး ဒေါက်တာမိုးမိုးအေးဦးစီး၍ မြို့နယ်ပြည်သူ့ကျန်းမာရေး ဝန်ထမ်းများသည် မြို့နယ်အမျိုးသမီးရေးရာနှင့် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်သင်းသင်းခိုင်နှင့် အဖွဲ့ဝင်များနှင့် ပူးပေါင်း၍ နိုဝင်ဘာ ၂၇ ရက်နံနက်ပိုင်းက အမှတ် (၁) အခြေခံပညာ အထက်တန်းကျောင်း အောင်ရတနာခန်းမ၌ ကျောင်းသား ကျောင်းသူ များအား သွားဆရာဝန် ဒေါက်တာထင်လင်းဦးက သွားနှင့်ပတ်သက်၍ အသိပညာပေးဟောပြောခြင်း၊ ဘောနီကျေးရွာ ကျန်းမာရေးဌာနမှ သားဖွားဆရာမက သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နည်းနှင့် တစ်ကိုယ်ရေသန့်ရှင်းရေးအကြောင်းအရာများ ဟောပြောပြီး လက်ဆေး နည်းသရုပ်ပြခြင်း၊ တစ်ကိုယ်ရေသန့်ရှင်းရေးများ ဆောင်ရွက်ပေးခြင်း၊ ဖုံး၊ သွန်၊ ခပ်၊ စစ်လုပ်ငန်းများပြုလုပ်ခြင်း၊ ကာယနှင့်အားကစားလေ့



ကျင့်ခန်းများပြုလုပ်ခြင်း၊ ကျောင်းမုန့်ဈေးဆိုင်တန်းများ စစ်ဆေးခြင်း၊ ကျန်းမာရေးစစ်ဆေးမှုများပြုလုပ်ပေးသည်။

ထို့အပြင်အငြိမ်းစားဝန်ထမ်းများအား ကျန်းမာရေးစောင့်ရှောက် မှုပေးခြင်း၊ ပုံမှန်ကာကွယ်ဆေး ထိုးနှံတိုက်ကျွေးခြင်း၊ မျိုးဆက်ပွား ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း၊ ငါးနှစ်အောက်ကလေးများ အာဟာရစောင့်ရှောက်မှုပေးခြင်း၊ NCD Clinic များ ဖွင့်လှစ်ခြင်းကို ပုံမှန်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ကျော်ကျော်(ပြန်/ဆက်)

ရမည်းသင်း နိုဝင်ဘာ ၂၉

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ် ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှ ကြီးမှူး၍ မြန်မာနိုင်ငံ ပြည်သူ့ကျန်းမာရေးပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲ(၂၀၂၃) အကြိုလှုပ်ရှားမှုအဖြစ် အခြေခံပညာ ကျောင်းများ၌ ကျောင်းသားလူငယ်များအား အခမဲ့မျက်စိစမ်းသပ် ကုသပေးခြင်းနှင့် ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းတို့ကို ယနေ့



နံနက် ၉ နာရီက အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း အနော်ရထာခန်းမ၌ စစ်ဆေးကုသဆောင်ရွက်ပေးလျက်ရှိသည်။

ဦးစွာ ရမည်းသင်းမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာမြင့်မြင့်မော်က ကျန်းမာရေးအဆင့်မြင့်ကျောင်းလုပ်ငန်း စဉ်များနှင့် ရာသီကူးပြောင်းကာလ အဖြစ်များသည့်ရောဂါများကို ကြိုတင်ကာကွယ်နိုင်ရေး အသိပညာပေးရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာ မြင့်မြင့်မော် ဦးဆောင်၍ အမှတ်(၁)အခြေခံပညာအထက်တန်း ကျောင်းရှိမူလတန်းအဆင့် ကျောင်းသားလူငယ်များအား တစ်ကိုယ်ရေ သန့်ရှင်းရေး၊ သွားနှင့်ခံတွင်းသန့်ရှင်းရေး ကျန်းမာရေးစောင့်ရှောက် မှုပေးခြင်းနှင့် အလယ်တန်း၊ အထက်တန်းအဆင့် ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများကို အခမဲ့မျက်စိစမ်းသပ်ခြင်း များ ဆောင်ရွက်ပေးသည်။ အလားတူ နိုဝင်ဘာ၂၈ ရက်က အမှတ်(၅) မြို့မအခြေခံပညာအထက်တန်းကျောင်းရှိကျောင်းသားလူငယ်များကို အခမဲ့မျက်စိစမ်းသပ်ကုသပေးခြင်းနှင့် ကျန်းမာရေးစောင့်ရှောက်မှု များပေးခဲ့ကြောင်း သိရသည်။

ဇော်ဝင်းအောင်

ကြို့ပင်ကောက် နိုဝင်ဘာ ၂၉

ပဲခူးတိုင်းဒေသကြီး ကြို့ပင်ကောက် မြို့ ပြည်သူ့ဆေးရုံတွင် မြန်မာနိုင်ငံ ပြည်သူ့ကျန်းမာရေးပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲ (၂၀၂၃)ကို ကြိုဆိုဂုဏ် ပြုသောအားဖြင့် ဆေးယဉ်ပါးတီဘီ ကူးစက်ရောဂါစစ်ဆေးသည့် Gene Xpert စက်ဖြင့် နိုဝင်ဘာ ၁၄ ရက်မှစ၍ ရောဂါ ရှာဖွေ စစ်ဆေးကုသပေးလျက်ရှိသည်။

အဆိုပါ ဆေးယဉ်ပါးတီဘီ ကူးစက် ရောဂါ စစ်ဆေးသည့် Gene Xpert စက်ဖြင့် တစ်ကြိမ်တွင် လူနာလေးဦး အတွက် စစ်ဆေးရရှိနိုင်ပြီး စစ်ဆေး ကြာချိန် နှစ်နာရီခန့်သာရှိကြောင်း၊ ကြို့ပင်ကောက်မြို့တွင် နိုဝင်ဘာ ၁၄ ရက်မှစ၍ စစ်ဆေးဆောင်ရွက်ပေး လျက်ရှိရာ ယနေ့အထိ လူနာ ၁၈ ဦး အတွက် ရောဂါရှာဖွေစစ်ဆေးပေးခဲ့ပြီး ဖြစ်ကြောင်း၊ ယခင်က သာယာဝတီမြို့ တီဘီရောဂါ တိုက်ဖျက်ရေးဌာနသို့ သွားရောက်စစ်ဆေးခဲ့ရကြောင်း၊ ယခု အချိန်တွင် အချိန်ကုန် ငွေကုန်သက်သာ စွာဖြင့် မိမိတို့မြို့တွင် ရောဂါရှာဖွေ စစ်ဆေးပေးနိုင်ပြီဖြစ်ကြောင်း၊ မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာန မြို့နယ် ဆရာဝန်ကြီး ဒေါက်တာထွန်းထွန်းစိုး ထံမှသိရသည်။

ကြို့ပင်ကောက်မြို့နယ် ပြည်သူ့ ဆေးရုံ တီဘီရောဂါ တိုက်ဖျက်ရေးဌာန တွင် လက်ရှိဝေဒနာရှင် လေးဦးအား တာဝန်ယူကုသပေးလျက်ရှိပြီး ၂၀၁၆ ခုနှစ်မှ ယနေ့အထိ ဆေးယဉ်ပါးတီဘီ ရောဂါလူနာပေါင်း ၂၈ ဦးအား အခမဲ့ ဆေးကုသပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# ပေါက်မြို့နယ် အောက်ကျင်းကျေးရွာ၌ ခရမ်းချဉ်သီး လှိုင်လှိုင်ထွက်

ပေါက် နိုဝင်ဘာ ၂၉

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် ပေါက်မြို့နယ် ယောချောင်းဘေးရှိ အောက်ကျင်းကျေးရွာ၌ ခရမ်းချဉ်သီးနှံကို စီးပွားဖြစ် စိုက်ပျိုးလျက်ရှိကြောင်း၊ စိုက်ပျိုးမှုအနေဖြင့် ထိုင်ဝမ် ခရမ်းချဉ်သီးမျိုးများကို ပေါင်ခတ်၍ တိုင်ထောင်စနစ်ဖြင့် စက်တင်ဘာလမှ စတင်စိုက်ပျိုးပြီး တစ်ဧကကုန်ကျစရိတ်အနေဖြင့် မျိုးစေ့ဖိုးနှင့် တိုင်စိုက်ရန်အတွက် သစ်သားချောင်း၊ ဝါး၊ သွပ်နန်းကြိုး၊ ပလတ်စတစ်ကြိုး၊ ရေသွင်းရန် ပိုက်အပါအဝင် စုစုပေါင်းကုန်ကျစရိတ်မှာ ကျပ် ၂၄ သိန်းခန့်ရှိကြောင်း၊ စိုက်ပျိုးပြီး နှစ်လခွဲခန့်အကြာတွင် အသီးများ စတင်ခူးဆွတ်နိုင်ပြီး နှစ်ရက်ခြားတစ်ကြိမ် ခူးဆွတ်ရကြောင်း၊ နိုဝင်ဘာလမှစတင်၍ ခရမ်းချဉ်သီးများ လှိုင်လှိုင်ထွက်ရှိရာ အထွက်နှုန်းအနေဖြင့် တစ်ရက်လျှင် ပိဿာချိန် ၇၀၀ ခန့်ထွက်ရှိပြီး ဈေးနှုန်းအနေဖြင့် ခရမ်းချဉ်သီး တစ်ပိဿာလျှင် ငွေကျပ် ၁၆၀၀ ရှိကြောင်း၊ အောက်ကျင်းကျေးရွာရှိ ခရမ်းချဉ်သီးစိုက်ခင်းများမှ ထွက်ရှိလာသော ခရမ်းချဉ်သီးများကို ပခုက္ကူမြို့နှင့် ကံမမြို့တို့သို့ အဓိကတင်ပို့ရောင်းချလျက်ရှိကြောင်း အောက်ကျင်းကျေးရွာရှိ ခရမ်းချဉ်သီးစိုက်ပျိုးသည့် တောင်သူတစ်ဦးထံမှ သိရသည်။



# မြိတ်ကုန်သွယ်ရေးစခန်း၏ ကုန်သွယ်မှုအခြေအနေ

မြိတ် နိုဝင်ဘာ ၂၉

မြိတ်ကုန်သွယ်ရေးစခန်းမှ ထိုင်းနိုင်ငံသို့ နိုဝင်ဘာ ၂၇ ရက်မှ ၂၈ ရက်အတွင်း ပို့ကုန်တင်ပို့မှုအနေဖြင့် ငါးမုတ် တန်ချိန် ၉၀၀ (တန်ဖိုး သုည ဒသမ ၇၉၉ ဒေါ်လာသန်း)နှင့် ငါးကြိတ်သား ၅ ဒသမ ၉၂ တန်(တန်ဖိုး သုည ဒသမ ၀၁၁ ဒေါ်လာသန်း) တင်ပို့နိုင်ခဲ့သည်။

မြိတ်ကုန်သွယ်ရေးစခန်းမှ နိုဝင်ဘာ ၂၈ ရက်မှ ၂၉ ရက်အတွင်း သွင်းကုန်တင်သွင်းမှုအနေဖြင့် ငါးဖမ်းပစ္စည်း ၂၀ ဒသမ ၄၁၀ တန် (တန်ဖိုး သုည ဒသမ ၀၂၄ ဒေါ်လာသန်း)၊ ဆိုင်ကယ်အပိုပစ္စည်း သုည ဒသမ ၅၇ တန် (တန်ဖိုး သုည ဒသမ ၀၀၁ ဒေါ်လာသန်း) ဆိုင်ကယ်တာယာ အလုံး ၄၀၀(တန်ဖိုး သုည ဒသမ ၀၀၂ ဒေါ်လာသန်း)နှင့် ကြွေပြားကပ်အမှုန့် ၈၂ တန် (တန်ဖိုး သုည ဒသမ ၀၀၈ ဒေါ်လာသန်း)တင်သွင်းခဲ့သည်။

မြိတ်ဒေသတွင် ခါတ်ဆီတစ်လီတာ ငွေကျပ် ၂၈၅၀ နှင့် ဒီဇယ်တစ်လီတာ ငွေကျပ် ၂၈၆၀ ဖြင့် ဖြန့်ဖြူးရောင်းချလျက်ရှိကြောင်း သိရသည်။

ဒေသငွေလဲနှုန်းအနေဖြင့် ကျပ်/ဘတ် ငွေလဲနှုန်းမှာ တစ်ဘတ်လျှင် ၉၆ ကျပ်ဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

# အထက်မင်းလှမြို့နယ်၌ ချည်မျှင်ရှည်ဝါစိုက်ပျိုးထွက်ရှိမှု အခြေအနေ

မင်းလှ နိုဝင်ဘာ ၂၉

မကွေးတိုင်းဒေသကြီး သရက်ခရိုင် အထက်မင်းလှမြို့နယ် ပန်းတော်ပြင်ကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာများဖြစ်သော ပန်းတော်ပြင်၊ ရေခါး၊ ကုန်းကြီး၊ တောင်ဦး၊ လယ်လှနှင့် ဒေါင်းဘုတ် စသည့်ကျေးရွာများတွင် စိုက်ပျိုးရေးဦးစီးဌာနနှင့် ပူးပေါင်း၍ ချည်မျှင်ရှည်ဝါသီးနှံကို စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

အထက်မင်းလှမြို့နယ်အတွင်း၌ ချည်မျှင်ရှည်ဝါသီးနှံ စုစုပေါင်း စိုက်ဧက ၂၉၈၁၃ ဧကရှိပြီး ရွှေတောင်(၈)၊ ရွှေတောင်(၁၀)၊ ငွေချည်(၉)၊ ငွေချည်(၁၁)၊ RAKA (666)၊ B31 စသည့် ဝါအမျိုးအစားများကို စိုက်ပျိုးသည့်အနက် ရွှေတောင်(၈) ဝါအမျိုးအစားကိုသာ အများဆုံးစိုက်ပျိုးကြကြောင်း၊ စိုက်ပျိုးရာတွင် အစေ့ချစနစ်ဖြင့် စိုက်ပျိုးပြီး တစ်ဧကကုန်ကျစရိတ်အနေဖြင့် ငွေကျပ် ၈၃၀၀၀၀ ကုန်ကျကြောင်း၊ ၂၀၁၂ ခုနှစ် ဇူလိုင်လတွင် ဝါသီးနှံများကို စတင်စိုက်ပျိုးပြီး နိုဝင်ဘာလတွင် စတင်ခူးဆွတ်ကာ အထွက်နှုန်းအနေဖြင့် တစ်ဧကလျှင် ပိဿာ ၅၀၀ မှ ၇၀၀ ကြား ထွက်ရှိကြောင်း၊ ဈေးနှုန်းအနေဖြင့် နိုဝင်ဘာလ(စတုတ္ထပတ်)တွင် ဝါတစ်ပိဿာလျှင် ငွေကျပ် ၃၁၀၀ နှုန်းဖြင့် အထက်မင်းလှမြို့ရှိ ဝါပွဲရုံများသို့ ရောင်းချလျက်ရှိကြောင်း ဝါစိုက်တောင်သူတစ်ဦးထံမှ သိရသည်။

အထက်မင်းလှမြို့နယ်တွင် ချည်မျှင်ရှည်ဝါအပြင် နေကြာ၊ စပါး၊ နှမ်း၊ ကုလားပဲ၊ မြေပဲ စသည့်သီးနှံများ အထွက်နှုန်းမြင့်မားရေးအတွက် စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် တောင်သူများနှင့် ပူးပေါင်း၍ မျိုးစေ့များ ဖြန့်ဝေပေးခြင်း၊ မြေဩဇာများကို ကုမ္ပဏီများမှ ကုန်ကြွေးစနစ်ဖြင့် ဝယ်ယူရရှိနိုင်ရေး ညှိနှိုင်းဆောင်ရွက်ပေးခြင်းနှင့် စိုက်ပျိုးရေးနည်းစနစ်များ ဖြန့်ဝေပေးခြင်းများကိုလည်း ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

# လွယ်ဂျယ်ကုန်သွယ်ရေးစခန်း၏ ကုန်သွယ်မှုအခြေအနေ

လွယ်ဂျယ် နိုဝင်ဘာ ၂၉

လွယ်ဂျယ်ကုန်သွယ်ရေးစခန်းအနေဖြင့် တရုတ်နိုင်ငံနှင့် နိုဝင်ဘာ ၂၇ ရက်မှ ၂၈ ရက်အတွင်း ကုန်သွယ်မှုဆောင်ရွက်ရာ၌ ပို့ကုန်ပိုင်းတွင် ဆန် ၆၀၀ ဒသမ ၅၀ တန်(တန်ဖိုး သုည ဒသမ ၃၃၅ ဒေါ်လာသန်း)၊ ဆန်ကွဲ ၁၂၇ ဒသမ ၅၀ တန်(တန်ဖိုး သုည ဒသမ ၀၅၆ ဒေါ်လာသန်း)၊ ပြောင်း ၃၅၀ တန်(တန်ဖိုး သုည ဒသမ ၀၉၁ ဒေါ်လာသန်း)၊ ရော်ဘာ ၆၆ တန် (တန်ဖိုး သုည ဒသမ ၀၈၅ ဒေါ်လာသန်း)၊ တစ်သျှူးငှက်ပျော ၄၈ တန်(တန်ဖိုး သုည ဒသမ ၀၁၇ ဒေါ်လာသန်း)၊ ဖရဲသီး ၄၉ တန် (တန်ဖိုး သုည ဒသမ ၀၀၇ ဒေါ်လာသန်း)နှင့် သခွားမွှေး ၄၇ ဒသမ ၅၀ တန်(တန်ဖိုး သုည ဒသမ ၀၁၀ ဒေါ်လာသန်း) တင်ပို့နိုင်ခဲ့သည်။

သွင်းကုန်ပိုင်းတွင် စက္ကူလိပ် ၆ ဒသမ ၅၀ တန်(တန်ဖိုး သုည ဒသမ ၀၀၂ ဒေါ်လာသန်း)၊ ထွန်စက် အစီး ၅၀(တန်ဖိုး သုည ဒသမ ၀၂၉ ဒေါ်လာသန်း)၊ အသားချောင်း ၂၆ ဒသမ ၅၀ တန်(တန်ဖိုး သုည ဒသမ ၀၀၄ ဒေါ်လာသန်း)၊ ချပ်စက္ကူ ၃၃ တန်(တန်ဖိုး သုည ဒသမ ၀၁၃ ဒေါ်လာသန်း)၊ ဖော့ ၁၇ တန်(တန်ဖိုး သုည ဒသမ ၀၁၀ ဒေါ်လာသန်း)နှင့် ကုန်စုံ ၁၈ ဒသမ ၅၀ တန် (တန်ဖိုး သုည ဒသမ ၀၂၉ ဒေါ်လာသန်း) တင်သွင်းနိုင်ခဲ့သည်။

လွယ်ဂျယ်နယ်စပ်ဒေသ ငွေကြေးဈေးကွက်အနေဖြင့် နိုဝင်ဘာ ၂၈ ရက်တွင် တစ်ယွမ်လျှင် ငွေ ၄၅၉ ကျပ်ဖြစ်ကြောင်း သိရသည်။

# ကံပိုင်တည်ကုန်သွယ်ရေးစခန်း၏ ကုန်သွယ်မှုအခြေအနေ

ကံပိုင်တည် နိုဝင်ဘာ ၂၉

ကံပိုင်တည်ကုန်သွယ်ရေးစခန်းမှ ၂၀၁၂ ခုနှစ် နိုဝင်ဘာလ ကုန်သွယ်မှုလျာထားချက်မှာ ပို့ကုန်ဒေါ်လာ သုံးသန်းနှင့် သွင်းကုန် ဒေါ်လာ ၁ ဒသမ ၅၀ သန်းဖြင့် စုစုပေါင်းကုန်သွယ်မှု ဒေါ်လာ ၄ ဒသမ ၅၀၀ သန်းဖြစ်သည်။

ကံပိုင်တည်ကုန်သွယ်ရေးစခန်းမှ တရုတ်နိုင်ငံသို့ နိုဝင်ဘာ၂၈ ရက်အထိ အမှန်ကုန်သွယ်မှုမှာ ပို့ကုန် ဒေါ်လာ ၅ ဒသမ ၁၆၇ သန်းနှင့် သွင်းကုန် ဒေါ်လာ ၁ ဒသမ ၈၂၄ သန်း၊ စုစုပေါင်းကုန်သွယ်မှုပမာဏ ၆ ဒသမ ၉၉၁ ဒေါ်လာသန်းဖြစ်သဖြင့် ကုန်သွယ်မှုလျာထားချက်အပေါ် ၁၅၅ ဒသမ ၃၅၅ ရာခိုင်နှုန်းဆောင်ရွက်ပြီးဖြစ်သည်။

ကံပိုင်တည်ကုန်သွယ်ရေးစခန်း၏ နိုဝင်ဘာ ၂၈ ရက်အထိ ပို့ကုန်ပိုင်းတွင် တစ်သျှူးငှက်ပျော ၁၃၆၉၂ တန်နှင့် နှမ်းနက် တန်ချိန် ၅၀၊ ရော်ဘာစိမ်း ၂၀၈ တန်၊ ရွှေဖရုံသီး ၁၅ တန်၊ ဖရဲသီး တန်ချိန် ၂၀၀ နှင့် ဆန် တန်ချိန် ၇၀ တင်ပို့နိုင်ခဲ့ပြီး သွင်းကုန်ပိုင်းတွင် သံပြား၊ သံပိုက်၊ မြက်ခင်းတု၊ ပန်းသီး၊ လိမ္မော်သီးနှင့်ကြွေပြားတို့ကို တင်သွင်းနိုင်ခဲ့သည်။

သတင်းရင်းမြစ် – စီးပွား/ကူးသန်း

## ၂၉.၁၁.၂၀၁၂ ရက်နေ့ တိုင်းဒေသကြီးနှင့်ပြည်နယ်၊ မြို့နယ်အလိုက် ဆန်၊ ဆီ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ သားငါးဈေးနှုန်းများ

ရေတွက်ပုံ(ကျပ်)

| စဉ် | မြို့အမည် | ဆန်(တစ်ပြည်) | | | ဆီ(တစ်ပိဿာ) | | စားဖိုဆောင်သုံး (တစ်ပိဿာ) | | | | | | | | | | | | အသား၊ ငါး(တစ်ပိဿာ) | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ညို့မထ | ငစိန် | ပေါ်ဆန်း | ပဲဆီ | စားအုန်းဆီ | ငရုတ်ခြောက် | ကြက်သွန်နီ | ကြက်သွန်ဖြူ(ရှမ်းစ) | ကြက်သွန်ဖြူ(ကြူကုတ်) | နနွင်းတက် | ချင်း | ဆား | မြေပဲ | ကုလားပဲဝါ | မန်ကျည်းသီး | အာလူး | သကြား | ကြက် | ဝက် | အမဲ | ဆိတ် | ငါးမြစ်ချင်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ | ၁၆ | ၁၇ | ၁၈ | ၁၉ | ၂၀ | ၂၁ | ၂၂ | ၂၃ | ၂၄ |
| ၁ | မြစ်ကြီးနား | ၃၄၀၀ | | ၆၃၀၀ | ၁၆၀၀၀ | ၅၄၅၀ | ၂၀၀၀၀ | ၅၀၀၀ | ၂၀၀၀၀ | ၁၂၀၀၀ | ၅၀၀၀ | ၉၀၀၀ | ၁၀၀၀ | ၉၀၀၀ | ၉၀၀၀ | ၅၀၀၀ | ၃၀၀၀ | ၅၀၀၀ | ၁၂၀၀၀ | ၂၂၀၀၀ | ၁၈၀၀၀ | ၂၆၀၀၀ | ၁၆၀၀၀ |
| ၂ | လားရှိုး | ၃၅၀၀ | | ၇၃၀၀ | ၁၆၅၀၀ | ၅၈၀၀ | ၁၉၀၀၀ | ၅၀၀၀ | ၁၄၀၀၀ | ၁၄၀၀၀ | ၆၀၀၀ | ၇၀၀၀ | ၁၀၀၀ | ၈၅၀၀ | ၇၇၀၀ | ၄၀၀၀ | ၄၀၀၀ | ၄၃၀၀ | ၁၂၀၀၀ | ၂၂၀၀၀ | ၂၂၀၀၀ | ၃၀၀၀၀ | ၁၆၀၀၀ |
| ၃ | ကျိုင်းတုံ | ၃၈၀၀ | | ၆၅၀၀ | ၁၆၀၀၀ | - | ၁၈၀၀၀ | ၄၅၀၀ | ၁၁၀၀၀ | ၁၀၅၀၀ | ၄၀၀၀ | ၄၇၀၀ | ၁၀၀၀ | ၈၅၀၀ | ၇၀၀၀ | ၄၀၀၀ | ၃၈၀၀ | ၄၅၀၀ | ၁၄၀၀၀ | ၂၀၀၀၀ | ၂၄၀၀၀ | | ၁၇၀၀၀ |
| ၄ | တောင်ကြီး | ၃၀၀၀ | ၂၇၀၀ | ၆၅၀၀ | ၁၆၅၀၀ | ၅၅၀၀ | ၂၀၀၀၀ | ၄၃၀၀ | ၁၂၀၀၀ | ၁၄၀၀၀ | ၆၅၀၀ | ၆၀၀၀ | ၆၀၀ | ၉၀၀၀ | ၆၅၀၀ | ၄၀၀၀ | ၃၇၀၀ | ၄၄၀၀ | ၁၂၀၀၀ | ၂၀၀၀၀ | ၁၆၀၀၀ | ၂၇၀၀၀ | ၁၄၀၀၀ |
| ၅ | လွိုင်ကော် | ၃၆၀၀ | ၂၇၀၀ | ၆၅၀၀ | ၁၆၀၀၀ | ၅၃၀၀ | ၂၀၀၀၀ | ၃၈၀၀ | ၁၂၀၀၀ | ၈၅၀၀ | ၅၅၀၀ | ၅၀၀၀ | ၆၀၀ | ၉၀၀၀ | ၆၄၀၀ | ၃၅၀၀ | ၃၀၀၀ | ၄၀၀၀ | ၁၄၀၀၀ | ၁၇၀၀၀ | ၁၅၀၀၀ | ၂၅၀၀၀ | ၁၂၀၀၀ |
| ၆ | ဘားအံ | ၂၉၀၀ | | ၄၈၀၀ | ၁၆၀၀၀ | ၅၂၀၀ | ၁၄၀၀၀ | ၄၀၀၀ | ၁၅၀၀၀ | ၁၃၀၀၀ | ၆၈၀၀ | ၆၀၀၀ | ၈၀၀ | ၁၀၀၀၀ | ၆၅၀၀ | ၃၀၀၀ | ၃၈၀၀ | ၄၃၀၀ | ၁၀၅၀၀ | ၁၅၀၀၀ | ၁၅၀၀၀ | ၁၈၀၀၀ | ၈၀၀၀ |
| ၇ | မော်လမြိုင် | ၃၂၀၀ | | ၄၇၀၀ | ၁၆၀၀၀ | ၅၃၀၀ | ၁၅၀၀၀ | ၄၂၀၀ | ၁၆၀၀၀ | ၁၄၀၀၀ | ၈၀၀၀ | ၇၀၀၀ | ၈၀၀ | ၁၂၀၀၀ | ၇၀၀၀ | ၅၀၀၀ | ၄၀၀၀ | ၄၄၀၀ | ၁၂၀၀၀ | ၁၇၀၀၀ | ၁၇၀၀၀ | ၃၀၀၀၀ | ၁၂၀၀၀ |
| ၈ | ထားဝယ် | ၄၀၀၀ | | ၆၂၀၀ | ၁၇၀၀၀ | ၅၄၀၀ | ၁၄၅၀၀ | ၄၃၀၀ | ၁၄၀၀၀ | ၁၃၀၀၀ | | ၆၀၀၀ | ၈၀၀ | ၇၉၀၀ | ၆၀၀၀ | ၄၀၀၀ | ၄၀၀၀ | ၄၂၀၀ | ၁၂၅၀၀ | ၁၆၀၀၀ | ၁၈၀၀၀ | ၂၄၀၀၀ | |
| ၉ | မြိတ် | ၃၂၅၀ | | ၅၃၀၀ | ၁၆၀၀၀ | ၅၈၀၀ | ၁၃၀၀၀ | ၄၂၀၀ | ၁၃၀၀၀ | ၁၃၀၀၀ | ၈၅၀၀ | ၇၀၀၀ | ၁၀၀၀ | ၈၀၀၀ | ၆၇၀၀ | ၃၅၀၀ | ၄၅၀၀ | ၄၄၀၀ | ၁၂၀၀၀ | ၁၆၀၀၀ | ၁၈၀၀၀ | ၂၃၀၀၀ | |
| ၁၀ | ရန်ကုန် | ၂၈၀၀ | | ၄၅၀၀ | ၁၆၀၀၀ | ၅၂၀၀ | ၁၇၀၀၀ | ၄၀၀၀ | ၁၇၀၀၀ | ၁၆၀၀၀ | ၁၀၀၀၀ | ၆၀၀၀ | ၈၀၀ | ၇၅၀၀ | ၆၅၀၀ | ၄၀၀၀ | ၄၃၀၀ | ၄၅၀၀ | ၁၀၀၀၀ | ၁၇၀၀၀ | ၁၈၀၀၀ | ၃၀၀၀၀ | ၁၂၀၀၀ |
| ၁၁ | ပုသိမ် | ၂၇၀၀ | | ၄၁၀၀ | ၁၆၀၀၀ | ၅၅၀၀ | ၁၁၀၀၀ | ၃၅၀၀ | ၁၄၀၀၀ | ၁၅၀၀၀ | ၅၀၀၀ | ၈၀၀၀ | ၃၀၀ | ၆၅၀၀ | ၆၁၀၀ | ၃၈၀၀ | ၄၀၀၀ | ၄၀၀၀ | ၁၀၀၀၀ | ၁၆၀၀၀ | ၁၆၀၀၀ | ၂၅၀၀၀ | ၇၅၀၀ |
| ၁၂ | စစ်တွေ | ၃၅၀၀ | ၂၇၅၀ | ၅၅၀၀ | ၁၇၀၀၀ | ၅၄၀၀ | ၂၀၀၀၀ | ၆၀၀၀ | ၁၈၀၀၀ | ၁၈၀၀၀ | ၈၀၀၀ | ၁၁၀၀၀ | ၆၀၀ | ၁၀၀၀၀ | ၈၀၀၀ | ၄၀၀၀ | ၆၅၀၀ | ၄၂၀၀ | ၁၁၀၀၀ | ၂၃၀၀၀ | ၂၆၀၀၀ | ၂၆၀၀၀ | |
| ၁၃ | ဟားခါး | ၆၄၅၀ | | | ၁၈၅၀၀ | - | ၄၅၀၀၀ | ၅၅၀၀ | ၁၈၀၀၀ | | | ၄၀၀၀ | ၁၂၀၀ | | ၈၇၀၀ | | ၅၀၀၀ | ၆၀၀၀ | ၁၇၀၀၀ | ၂၀၀၀၀ | ၂၀၀၀၀ | | ၁၅၀၀၀ |
| ၁၄ | မုံရွာ | ၄၈၀၀ | | ၅၄၀၀ | ၁၂၅၀၀ | ၅၂၀၀ | ၁၄၀၀၀ | ၃၃၀၀ | ၁၂၀၀၀ | ၁၅၀၀၀ | ၉၅၀၀ | ၅၀၀၀ | ၈၀၀ | ၇၀၀၀ | ၈၀၀၀ | ၃၂၀၀ | ၃၅၀၀ | ၄၂၀၀ | ၁၁၀၀၀ | ၁၉၀၀၀ | ၁၅၀၀၀ | ၂၂၀၀၀ | ၁၂၀၀၀ |
| ၁၅ | မန္တလေး | ၃၅၀၀ | | ၆၀၀၀ | ၁၅၀၀၀ | ၅၆၅၀ | ၁၄၀၀၀ | ၃၈၀၀ | ၁၆၀၀၀ | ၁၅၀၀၀ | ၇၀၀၀ | ၆၅၀၀ | ၈၀၀ | ၇၅၀၀ | ၆၄၀၀ | ၅၅၀၀ | ၃၃၀၀ | ၄၀၀၀ | ၁၁၀၀၀ | ၁၇၀၀၀ | ၁၆၀၀၀ | ၂၄၀၀၀ | ၁၃၀၀၀ |
| ၁၆ | ပခုက္ကူ | ၃၈၀၀ | | ၅၈၀၀ | ၁၂၀၀၀ | ၅၃၀၀ | ၁၇၀၀၀ | ၃၄၀၀ | ၁၂၀၀၀ | ၁၂၀၀၀ | ၈၅၀၀ | ၅၀၀၀ | ၆၅၀ | ၆၅၀၀ | ၇၅၀၀ | ၂၅၀၀ | ၃၂၀၀ | ၄၀၀၀ | ၁၂၀၀၀ | ၁၈၀၀၀ | ၁၇၀၀၀ | ၂၀၀၀၀ | ၇၅၀၀ |
| ၁၇ | မကွေး | ၃၇၀၀ | | ၆၀၀၀ | ၁၃၀၀၀ | ၅၅၀၀ | ၁၅၀၀၀ | ၄၀၀၀ | ၁၆၀၀၀ | ၁၂၅၀၀ | ၇၅၀၀ | ၇၀၀၀ | ၈၀၀ | ၆၂၀၀ | ၆၅၀၀ | ၃၅၀၀ | ၃၄၀၀ | ၄၀၀၀ | ၁၂၀၀၀ | ၁၄၀၀၀ | ၁၄၀၀၀ | ၁၆၀၀၀ | ၁၄၀၀၀ |
| ၁၈ | ပြည် | ၂၅၀၀ | | ၅၄၀၀ | ၁၃၅၀၀ | ၅၇၀၀ | ၁၈၀၀၀ | ၄၀၀၀ | ၁၅၀၀၀ | ၁၄၀၀၀ | | ၆၅၀၀ | ၆၀၀ | ၇၀၀၀ | ၆၅၀၀ | ၄၀၀၀ | ၄၂၀၀ | ၃၈၀၀ | ၁၂၀၀၀ | ၂၀၀၀၀ | ၁၅၀၀၀ | ၂၅၀၀၀ | ၁၃၀၀၀ |
| ၁၉ | ပဲခူး | ၂၇၀၀ | | ၅၂၀၀ | ၁၅၀၀၀ | ၅၅၀၀ | ၁၅၀၀၀ | ၄၀၀၀ | ၁၆၀၀၀ | ၁၅၀၀၀ | | ၇၀၀၀ | ၄၅၀ | ၇၅၀၀ | ၆၃၀၀ | ၃၃၀၀ | ၄၀၀၀ | ၄၂၀၀ | ၁၀၀၀၀ | ၁၆၀၀၀ | ၁၅၀၀၀ | ၂၃၀၀၀ | ၉၀၀၀ |
| ၂၀ | ပျဉ်းမနား | ၂၈၀၀ | | ၆၈၀၀ | ၁၅၀၀၀ | ၅၄၀၀ | ၁၄၀၀၀ | ၃၈၀၀ | ၁၃၅၀၀ | ၁၆၀၀၀ | ၆၀၀၀ | ၄၅၀၀ | ၅၀၀ | ၇၅၀၀ | ၆၈၀၀ | ၄၀၀၀ | ၃၀၀၀ | ၄၀၀၀ | ၁၂၀၀၀ | ၁၄၀၀၀ | ၁၄၀၀၀ | ၂၄၀၀၀ | ၁၁၀၀၀ |
| ၂၁ | နေပြည်တော် | ၂၈၀၀ | | ၆၈၀၀ | ၁၅၀၀၀ | ၅၄၀၀ | ၁၆၀၀၀ | ၃၈၀၀ | ၁၅၅၀၀ | ၁၆၀၀၀ | ၆၂၀၀ | ၅၀၀၀ | ၅၀၀ | ၇၅၀၀ | ၆၈၀၀ | ၄၂၀၀ | ၃၆၀၀ | ၄၀၀၀ | ၁၂၀၀၀ | ၁၆၀၀၀ | ၁၄၀၀၀ | ၂၄၀၀၀ | ၁၂၀၀၀ |
| ၂၂ | ကလေး | ၄၆၀၀ | ၄၄၀၀ | | ၁၅၀၀၀ | ၉၀၀၀ | ၂၂၀၀၀ | ၄၅၀၀ | | ၁၃၀၀၀ | ၄၅၀၀ | ၆၀၀၀ | ၁၀၀၀ | ၉၅၀၀ | ၇၅၀၀ | ၄၀၀၀ | ၄၅၀၀ | ၅၀၀၀ | ၁၅၀၀၀ | ၂၀၀၀၀ | ၂၀၀၀၀ | | ၁၂၀၀၀ |

မှတ်ချက်။

(၁) ညို့မထဆန် နှင့် ပေါ်ဆန်းဆန် တစ်ပြည်လျှင် စစ်တွေတွင် ၅၀၀ ကျပ်၊ စားအုန်းဆီ တစ်ပိဿာလျှင် မြိတ်တွင် ၃၀၀ ကျပ်၊ ငရုတ်ခြောက် တစ်ပိဿာလျှင် စစ်တွေတွင် ၃၀၀၀ကျပ်၊ ကြက်သွန်နီ တစ်ပိဿာလျှင် စစ်တွေတွင် ၁၅၀၀ကျပ်၊ မုံရွာတွင် ၁၀၀ကျပ်၊ ကြက်သွန်ဖြူ(ရှမ်းစ) တစ်ပိဿာလျှင် ဘားအံတွင် ၁၀၀၀ကျပ်၊ ဆား တစ်ပိဿာလျှင် မုံရွာတွင် ၁၀၀ကျပ်၊ ကုလားပဲဝါ တစ်ပိဿာလျှင် တောင်ကြီးတွင် ၂၀၀ကျပ်၊ စစ်တွေတွင် ၁၀၀၀ကျပ်၊ မန်ကျည်းသီး တစ်ပိဿာလျှင် မြိတ်တွင် ၃၀၀ကျပ်၊ အာလူး တစ်ပိဿာလျှင် စစ်တွေတွင် ၁၅၀၀ကျပ်၊ ဝက်သား တစ်ပိဿာလျှင် စစ်တွေတွင် ၁၀၀၀ကျပ်၊ အမဲသား တစ်ပိဿာလျှင် မုံရွာတွင် ၁၀၀၀ကျပ် ဈေးတက်ခဲ့ပါသည်။

(၂) ညို့မထဆန် တစ်ပြည်လျှင် ကျိုင်းတုံတွင် ၁၅၀ကျပ်၊ ငရုတ်ခြောက် နှင့် ကြက်သွန်ဖြူ(ရှမ်းစ) တစ်ပိဿာလျှင် လားရှိုးတွင် ၁၀၀၀ကျပ်၊ (ကြူကုတ်စ) တစ်ပိဿာလျှင် မြစ်ကြီးနားတွင် ၂၀၀၀ကျပ်၊ လားရှိုး၊ မြိတ်နှင့် ပြည်တွင် ၁၀၀၀ကျပ်၊ ချင်း တစ်ပိဿာလျှင် လားရှိုးတွင် ၅၀၀ကျပ်၊ ထားဝယ်တွင် ၁၀၀၀ကျပ်၊ ကုလားပဲဝါ တစ်ပိဿာလျှင် လားရှိုးတွင် ၃၀၀ကျပ်၊ မန်ကျည်းသီး တစ်ပိဿာလျှင် မုံရွာတွင် ၃၀၀ကျပ်၊ အာလူး တစ်ပိဿာလျှင် လားရှိုးတွင် ၅၀၀ကျပ် ဈေးကျခဲ့ပါသည်။

(၃) ရန်ကုန်မြို့၏ ဒေါ်လာဈေးသည် ဗဟိုဘဏ်၏ ငွေလဲလှယ်နှုန်းကို ကောက်ယူပေးပို့ထားခြင်းဖြစ်ပါသည်။ မန္တလေးမြို့၏ ရွှေဈေးနှင့် ဒေါ်လာဈေးမှာ ရွှေအသင်းဥက္ကဋ္ဌမှ အရောင်းအဝယ်မဖြစ်ပါသဖြင့် စာရင်းကောက်ယူနိုင်မှု မရှိကြောင်း သိရပါသည်။

(၄) ဘားအံနှင့် စစ်တွေတွင် ရန်ကုန်မှ ဝင်ရောက်သော (စားအုန်းဆီ)မှာ ဈေးကွက်တွင်း ရောင်းချနိုင်ခြင်း မရှိသော်လည်း ဘားအံတွင် (၅၂၀၀)ကျပ်၊ စစ်တွေတွင် (၅၄၀၀)ကျပ် ဈေးရှိကြောင်း သိရပါသည်။

(၅) ကျိုင်းတုံနှင့် ဟားခါးတွင် ရန်ကုန်မှ စားအုန်းဆီ ဝင်ရောက်မှု မရှိကြောင်း သိရှိရပါသည်။

(၆) ကလေးမြို့ရှိ စားအုန်းဆီဈေးနှုန်းမှာ ဝေးလံခေါင်ဖြားသော ဒေသဖြစ်ပြီး လမ်းပန်း ဆက်သွယ်ရေး အခက်အခဲများနှင့် မမျှော်မှန်းနိုင်သော ကုန်ကျစရိတ်များကြောင့် (၁)ပိဿာလျှင် (၉၀၀၀)ကျပ် ဈေး ရှိကြောင်း သိရပါသည်။

# ဘယ်သူမှန်လဲ အပြိုင်ကြဲ အစီအစဉ်ကို မြန်မာ့ရုပ်မြင်သံကြားမှ ဆက်လက်ထုတ်လွှင့်ပြသမည်

နေပြည်တော် နိုဝင်ဘာ ၂၉

လူငယ်များ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူဖြစ်စေရန် ရည်ရွယ်ချက်ဖြင့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ “ ဘယ်သူမှန်လဲ အပြိုင်ကြဲ” အစီအစဉ်သစ်ကို အပတ်စဉ် တနင်္ဂနွေနေ့ ညနေပိုင်းတွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ MRTV–HD Channel မှ ထုတ်လွှင့်ပြသလျက်ရှိရာ ယခုပတ်တွင် “ရုပ်ရှင်က တိုင်းပြည်ကို အကျိုးပြုတယ်” ၊ “စာပေက တိုင်းပြည်ကို အကျိုးပြုတယ်” ခေါင်းစဉ်ဖြင့် တင်ဆက်သွားမည်ဖြစ်သည်။

## အပြန်အလှန်ဆွေးနွေးကြမည်

အဆိုပါအစီအစဉ်တွင် တင်ဆက်သူ လူငယ်သရုပ်ဆောင် ထူးပြည့်အောင်နှင့်အတူ ကြယ်စင်(လားရှိုး)(စာရေးဆရာမ)နှင့် သရုပ်ဆောင် မေဖြူကြည်သင်းတို့က တက်ရောက်လာကြသည့် လူငယ်များ၏ အားဖြည့်ဆွေးနွေးမှုများဖြင့် အပြန်အလှန်ဆွေးနွေးကြမည်ဖြစ်ရာ ယင်းအစီအစဉ်ကို MRTV –HD Channel မှ ဒီဇင်ဘာ ၃ ရက် (တနင်္ဂနွေနေ့) ညနေ ၆ နာရီသတင်းအပြီးတွင် ထုတ်လွှင့်သွားမည်ဖြစ်ပြီး ဒီဇင်ဘာ ၇ ရက် (ကြာသပတေးနေ့) ညနေ ၆ နာရီသတင်းအပြီးတွင်လည်း (Replay) ထပ်မံထုတ်လွှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**




## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ တာမွေကြီး(က+ဂ)ရပ်ကွက်၊ ၁၅၇–လမ်း၊ အမှတ်(၈၀)ဟု ခေါ်တွင်သော မြေတိုင်းရပ်ကွက်အမှတ်–၃၄–အီး၊ မြေကွက်အမှတ်–၃၆၄/အေ၊ မြေအတန်းအစား(ပထမတန်းစား)၊ ဧရိယာအကျယ်အဝန်း(၀.၀၂၉)ဧက၊ အကျယ်အဝန်း(၂၅x၅၀)ပေ နှစ်(၉၀)မြေငှားဂရန်(သက်ကုန်)မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို (၂၃–၁၀–၂၀၂၃)ရက်စွဲပါ အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကြေညာစာချုပ်အမှတ်–(၉၃၇၆/ ၂၀၂၃)အရ (၁) ဒေါ်တင်နွယ်ဦး[၁၂/တမန(နိုင်)၀၈၆၂၉၄]၊ (၂) ဒေါ်ဆွေဆွေယု[၁၂/တမန(နိုင်)၀၄၃၁၁၃]၊ (၃) ဒေါ်သင်းသင်းဝါ[၁၂/တမန(နိုင်)၀၄၁၆၄၃]နှင့် (၄) ဦးအောင်ကျော်ထွန်း(ခ)အေးမင်း [၁၂/ပဘတ(နိုင်)၀၀၃၀၈၉] တို့က မိမိတို့တရားဝင်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသည့်အတွက် ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ANWAL(ခ)ဦးမောင်ဇော်[၁၂/ပဘတ(ပြု)၀၀၀၃၆၃]က ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပါသည်။

အဆိုပါ မြေနှင့်နေအိမ်အရောင်းအဝယ်ကိစ္စနှင့် ပတ်သက်၍ အကျိုးခံစားခွင့်ရှိသူ မည်သူမဆို ဤကြေညာစာပါရှိသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းများဖြင့် ကန့်ကွက်နိုင်ပါသည်။ ထိုသတ်မှတ်ရက်တွင် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်မာမာသိန်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၈၇၉၂)**
**ဒေါ်နှင်းဝေလွင် (LL.B)** **ဦးထွန်းသူအောင်**
**အထက်တန်းရှေ့နေ (စဉ်–၅၄၃၀၅)** **(အထက်တန်းရှေ့နေ) (စဉ်–၅၅၇၆၄)**
**အမှတ်(၃၆)၊ မြေညီထပ်၊ ၈၉ လမ်း၊ ကန်/နောက်ရပ်ကွက်၊**
**မင်္ဂလာတောင်ညွန့်မြို့နယ်။**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း ၀၉–၅၀၆၄၉၅၉၊ ၀၉–၅၀၈၈၆၀၅**

☆ **MFF မှ**

တတိယနေ့ရာလုပ်ပွဲတွင် MIU အသင်းက M–Millions အသင်းကို လေးဂိုးပြတ်အနိုင်ရခဲ့သည်။ MIU အသင်းသည် ဖိုလ်လုပ်ပွဲနှင့် လွဲချော်သော်လည်း တတိယဆုရယူနိုင်ခဲ့သည်။ MIU အသင်းအတွက် အနိုင်ဂိုးများကို ၁၇ မိနစ်တွင် ပြည့်ဖြိုးမောင်(၄)၊ ၁၈၊ ၂၁ မိနစ်တွင် မျိုးသက်အောင်၊ ၁၉ မိနစ်တွင် ကိုရဇ္ဇတို့က သွင်းယူသည်။ ဖိုလ်လုပ်ပွဲတွင် VUC အသင်းက Generations အသင်းကို နှစ်ဂိုး–တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ VUC အသင်းအတွက် ဂိုးများကို ခြောက်မိနစ်တွင် ထွန်းအောင်ကျော်၊ ၂၅ မိနစ်တွင် နိုင်လင်းထွန်းကျော်တို့က သွင်းယူပြီး Generations အသင်းအတွက် ချေပဂိုးကို မိနစ် ၃၀ တွင် နန္ဒစည်သူက သွင်းယူခဲ့သည်။ VUC အသင်းသည် ယခုပြိုင်ပွဲတွင် နှစ်ကြိမ်ဆက်တိုက် ဖိုလ်စွဲခဲ့ခြင်းဖြစ်သည်။

ဖိုလ်လုပ်ပွဲအပြီးတွင် ဆုချီးမြှင့်ပွဲဆက်လက်ကျင်းပရာ အသန့်ရှင်းဆုံးအသင်းဆုရ VUC အသင်းက ဆုဖလားနှင့်ကျပ်သုံးသိန်း၊ အကောင်းဆုံးဂိုးသမားဆုရ ဖွဲ့ပြည့်စုံ (VUC)က ဆုတံဆိပ်နှင့် ဆုကြေးကျပ်ငါးသိန်း၊ အကောင်းဆုံးကစားသမားဆုရ မျိုးမြင့်စိုး (VUC)က ဆုတံဆိပ်နှင့် ဆုကြေးကျပ်ငါးသိန်း၊ စတုတ္ထဆုရရှိသည့် M–Millions အသင်းက ဆုကြေးကျပ် ၁၀ သိန်း၊ တတိယဆုရရှိသည့် MIU အသင်းက ဆုတံဆိပ်နှင့် ဆုကြေးကျပ် ၁၅ သိန်း၊ ဒုတိယဆုရရှိသည့် Generations အသင်းက ဆုတံဆိပ်နှင့် ဆုကြေးကျပ်သိန်း ၃၀၊ ပထမဆုရရှိသည့် VUC အသင်းက ဆုတံဆိပ်၊ ဆုကြေးကျပ် သိန်း ၅၀ နှင့် ဆုဖလားရရှိပြီး ယင်းဆုများကို ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်သည်။

သတင်း – ရှိုင်းထက်ဇော်
ဓာတ်ပုံ – MFF

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ ယုဇနဥယျာဉ်မြို့တော်၊ တိုက်အမှတ်(၃၈)၊ အခန်း (၄၀၁)၊ (C–၃)လမ်း၊ အကျယ်အဝန်း (၂၄ပေx၂၆ပေ)အကျယ်အဝန်းရှိ တိုက်ခန်းနှင့်အကျိုးခံစားခွင့်အရပ်ရပ်ကို တရားဝင် လက်ရှိထားပိုင်ဆိုင်ခွင့်ရှိသူ ဒေါ်ခင်အေးကြည် [၁၂/တမန(နိုင်)၀၈၃၄၃၃]ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန် သဘောတူညီကြပြီး စရန်ငွေတစ်စိတ်တစ်ပိုင်းကို ပေးချေပြီးဖြစ်ပါသည်။ အဆိုပါ မြေကွက်နှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိကြောင်း ပြောဆိုကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ အထောက်အထားခိုင်လုံစွာဖြင့် လာရောက်တင်ပြကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိခဲ့ပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားတော့မည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်နှင်းမြအေး**
**အထက်တန်းရှေ့နေ (စဉ်–၃၀၂၈၅)**
**အမှတ်(၁၁၇၇)၊ အောင်ဇေယျလမ်း၊ (၅၅)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း–၀၉–၇၈၀၀၄၁၄၉၉**




# ကံ့ကော်မြို့တော် တေးဂီတဖျော်ဖြေပွဲ မြန်မာ့ရုပ်မြင်သံကြားမှ ထုတ်လွှင့်ပြသမည်

နေပြည်တော် နိုဝင်ဘာ ၂၉

ရန်ကုန်တက္ကသိုလ် (၁၀၃)နှစ်မြောက် ဂုဏ်ပြုအစီအစဉ်အဖြစ် “ကံ့ကော်မြို့တော်” တေးဂီတဖျော်ဖြေပွဲ Friday Night Live Show အစီအစဉ်ကို ဒီဇင်ဘာ ၁ ရက် (သောကြာနေ့) ည ၉ နာရီခန့်တွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ MRTV–HD Channel မှ တိုက်ရိုက်ထုတ်လွှင့်ပြသမည်ဖြစ်သည်။

မြန်မာ့အသံနှင့် ရုပ်မြင်သံကြားအနေဖြင့် ပြည်သူများ အပန်းပြေစေရန်၊ ပျော်ရွှင်စေရန်နှင့် စိတ်ခွန်အားသစ်များ ရရှိနိုင်ရန်အတွက် ဖျော်ဖြေရေးအစီအစဉ်များကို တိုးမြှင့်တင်ဆက်လျက်ရှိရာ“ကံ့ကော်မြို့တော်” တေးဂီတဖျော်ဖြေပွဲတွင် မြန်မာ့အသံတေးဂီတအဖွဲ့၏ တီးခတ်မှုနှင့်အတူ နိုင်ငံကျော်တေးသံရှင်များဖြစ်ကြသည့် ဂျက်ဖြိုးသောင်း၊ အောင်နိုင်၊ ပြည်မိုး၊ နန္ဒကျော်၊ ဂျင်းနီ၊ အိအိလှိုင်၊ နီလာရဲမောင်နှင့် မြင့်မိုရ်ဟိန်းတို့က သီဆိုဖျော်ဖြေကြမည်ဖြစ်ရာ ယင်းအစီအစဉ်ကို ဒီဇင်ဘာ ၃ ရက်(တနင်္ဂနွေနေ့) နံနက် ၁၀ နာရီခွဲတွင်လည်း Replay ထပ်မံပြသမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# မိုင်းယန်းမြို့နယ် ပန်ဆောင်ကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်း ဖောက်လုပ်နေမှု စစ်ဆေး

မိုင်းယန်း နိုဝင်ဘာ ၂၉

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းယန်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်နေမှုအခြေအနေများကို ယနေ့ နံနက်ပိုင်းက ခရိုင်ဦးစီးမှူးနှင့် တာဝန်ရှိသူများက ပန်ဆောင်ကျေးရွာ၌ ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့စစ်ဆေးရာတွင် မိုင်းယန်းခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးရန်ကျော်နှင့် ဝန်ထမ်းများသည် ပန်ဆောင်ကျေးရွာတွင် အရှည် တစ်မိုင်၊ အကျယ် ၁၂ ပေ၊ ဒု ကိုးလက်မရှိ ကျေးလက်ကုန်ထုတ်လမ်း ဖောက်လုပ်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက ကုမ္ပဏီများမှ တာဝန်ရှိသူများနှင့် တွေ့ဆုံကာ လုပ်ငန်းများ သတ်မှတ်ကာလအတွင်း စံချိန်စံနှုန်းပြည့်မီရေး၊ အချိန်မီပြီးစီးရေး အလေးထားဆောင်ရွက်သွားကြရန် ဆွေးနွေးမှာကြားသည်။

အဆိုပါ ကျေးလက်ကုန်ထုတ်လမ်းကို ၂၀၂၃–၂၀၂၄ ဘဏ္ဍာနှစ် ပြည်နယ် ခွင့်ပြုရန်ပုံငွေကျပ် ၄၂ ဒသမ ၀၄ သန်းဖြင့် တင်ဒါအောင်မြင်သည့် ရွှေပန်ကွဲကုမ္ပဏီက စက်တင်ဘာလပထမပတ်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများအားလုံး၏ ၅၀ ရာခိုင်နှုန်းခန့်ပြီးစီးပြီဖြစ်ပြီး ရာနှုန်းပြည့်ပြီးစီးပါက အဆိုပါကျေးရွာရှိ ကျေးလက်နေပြည်သူများ၏ လယ်ယာကေမျာများမှ ထွက်ရှိသည့် စပါးနှင့် အခြားသော စိုက်ပျိုးသီးနှံများ ဈေးကွက်အတွင်းသို့ ကုန်ကျစရိတ်သက်သာစွာဖြင့် သယ်ယူပို့ဆောင်နိုင်မည် ဖြစ်ကြောင်း သိရသည်။

၂၂၂

# ပြည်နယ်အဆင့် National ICT Awards 2023 ပြိုင်ပွဲ ကျင်းပ

မော်လမြိုင် နိုဝင်ဘာ ၂၉

မွန်ပြည်နယ် မော်လမြိုင်မြို့ မွန်ပြည်နယ်ပညာရေးမှူးရုံး အစည်းအဝေးခန်းမ၌ ယနေ့ နံနက်ပိုင်းက ပြည်နယ်အဆင့် National ICT Awards 2023(Educational Project & Skills Competition) ပြိုင်ပွဲ ကျင်းပသည်။

ဦးစွာ မွန်ပြည်နယ် ပညာရေးမှူးရုံးမှ ပြည်နယ်ပညာရေးမှူး ဒေါ်နန့်စယ်လီလှိုင်က အဖွင့်အမှာစကားပြောကြားပြီး မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်းချုပ်မှ အလုပ်အမှုဆောင် ဦးသိန်းဇော်က ပြိုင်ပွဲကျင်းပရခြင်း၏ရည်ရွယ်ချက်၊ ပြိုင်ပွဲစည်းမျဉ်းစည်းကမ်းများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားကာ ပြိုင်ပွဲဝင်များက သတ်မှတ်ခေါင်းစဉ်များဖြင့် ပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်ကြရာ ပြည်နယ် ပညာရေးမှူးနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးကြသည်။

ပညာရေးကဏ္ဍတွင် ပြည်နယ်အဆင့် National ICT Awards 2023 (Educational Project & Skills Competition) ပြိုင်ပွဲသို့ ဆရာ ဆရာမ၊ ပညာရေးဝန်ထမ်းအဆင့် နှစ်ဦး၊ အခြေခံပညာအထက်တန်းအဆင့် ခုနစ်ဦး၊ အခြေခံပညာအလယ်တန်းအဆင့် ၁၂ ဦး၊ အခြေခံပညာမူလတန်းအဆင့် ခြောက်ဦး စုစုပေါင်းပြိုင်ပွဲဝင် ၂၇ ဦး ဝင်ရောက်ယှဉ်ပြိုင်ကြသည်။

ပြိုင်ပွဲဝင်အဆင့်တစ်ခုစီမှ ယှဉ်ပြိုင်ကြသူများအနက် မြန်မာနိုင်ငံကွန်ပျူတာအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ ကွန်ပျူတာတက္ကသိုလ်မှ ဆရာများ၊ ဘာသာရပ်ကျွမ်းကျင်သည့် ဆရာ ဆရာမများ၊ ကွန်ပျူတာပညာရှင်အသင်းမှ တာဝန်ရှိသူများက ဒိုင်များအဖြစ်ဆောင်ရွက်ပြီး ပထမ၊ ဒုတိယ၊ တတိယအဖြစ် သုံးဦးစီရွေးချယ်၍ အခြေခံပညာဦးစီးဌာနသို့ပေးပို့ကာ ဗဟိုအဆင့်အတွက် ဆက်လက်ယှဉ်ပြိုင်ကြရမည်ဖြစ်ကြောင်း သိရသည်။



ခရိုင်(ပြန်/ဆက်)

ညအချိန် အိပ်နေချိန်တွင် လျှပ်စစ်မီးများ ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို နေ့စဉ် ချွေတာသင့်ပါသည်

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဥဿုံတော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က "မာရဝိဇယ"ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ကြီး ခိုင်မာစွာထွန်းလင်းတောက်ပလျက်ရှိမှုအား ကမ္ဘာကိုပြသရန်၊ မြန်မာနိုင်ငံသည် ထေရဝါဒဗုဒ္ဓဘာသာကိုးကွယ်မှု၏ဗဟိုချက်ဖြစ်စေရန်၊ နိုင်ငံတော်ကြီးသာယာဝပြောမှုရှိစေရန်၊ ကမ္ဘာကြီးငြိမ်းချမ်းသာယာမှုဖြစ်စေရန် စသည့်ရည်ရွယ်ချက် ၄ ရပ်ဖြင့်တည်ထားကိုးကွယ်ရန်ရည်သန်လျက် ပြည်ထောင်စုနယ်မြေနေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်ပြီး ဖြစ်ပါသည်။

## ၂၉-၁၁-၂၀၂၃ ရက်နေ့အထိ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့ လာရောက်ကြည်ညိုဖူးမြော်စဉ် အလှူငွေများထည့်ဝင်လှူဒါန်းသည့်အလှူရှင်များစာရင်း

| စဉ် | နဝကမ္မ အမည် | အလှူငွေ (ကျပ်) |
|---|---|---|
| ၇၅၈၂။ | ဇရာဝတီတိုင်း၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများမိသားစုကောင်းမှု | ၆၃၈၀၀၀ |
| ၇၅၈၃။ | ကျေးဇူးရှင်ဖခင်ကြီးဗိုလ်ကြီးထွန်းလွင်နှင့် မိခင်ကြီးဒေါ်အေးအေးမြင့်တို့အားရည်စူး၍ သား၊ သမီး၊ မြေးတစ်စုကောင်းမှု | ၅၀၀၀၀၀ |
| ၇၅၈၄။ | ဦးသန်းထွဋ်နှင့်ဇနီး ဒေါ်ကြည်ကြည်ဝင်း၊ (သမီး)ဒေါ်တင်တင်အေး၊ ဒေါ်ခင်စန်းတင်၊ ဒေါ်စိမ်းစိမ်းထွဋ်မိသားစုကောင်းမှု | ၅၀၀၀၀၀ |
| ၇၅၈၅။ | ဦးမြင့်သိန်းနှင့်ဇနီး ဒေါ်မြသန်းမိသားစုကောင်းမှု | ၄၀၀၀၀၀ |
| ၇၅၈၆။ | ဦးမောင်မောင်သက်နှင့်ဇနီး ဒေါ်စမ်းစမ်းဦး၊ (သား)မောင်သီဟသက်အောင်မိသားစုကောင်းမှု | ၃၀၀၀၀၀ |
| ၇၅၈၇။ | ဖခင်ကြီးဦးကျင်မောင်နှင့်ဇနီး ဒေါ်သန်းအေးအားရည်စူး၍ ဆရာလေးဒေါ်မေဓါ၊ ဒေါ်စုစုလှိုင်မိသားစုကောင်းမှု | ၂၅၀၀၀၀ |
| ၇၅၈၈။ | သီတာဦး သီလရှင်စာသင်တိုက်ဆရာလေးဒေါ်ကုဏာဝတီ ကောင်းမှု | ၂၀၀၀၀၀ |
| ၇၅၈၉။ | ဒုတိယဗိုလ်မှူးကြီးမြတ်မင်း(ငြိမ်း)+ဒေါ်စောမိသားစု ကောင်းမှု | ၂၀၀၀၀၀ |
| ၇၅၉၀။ | ရဲမှူးသန်းမြင့်ဦး(ငြိမ်း)+ဒေါ်မေမြတ်ဦးမိသားစု ကောင်းမှု | ၂၀၀၀၀၀ |
| ၇၅၉၁။ | ဖခင်ကြီးဦးဘရွှေနှင့် မိခင်ကြီးဒေါ်မြသိန်းတို့အားရည်စူး၍ (သမီး)ဒေါ်ခင်မြရွှေ၊ ဒေါ်ခင်မြလွင်မိသားစုကောင်းမှု | ၁၂၀၀၀၀ |
| ၇၅၉၂။ | ဦးသက်ဆွေနှင့်ဇနီး ဒေါ်ခင်လှဝေ(J.T ငြိမ်း)၊ (သား)ဦးကောင်းမြတ်ဝေ(B.S.I)မိသားစုကောင်းမှု | ၁၂၀၀၀၀ |
| ၇၅၉၃။ | ဗိုလ်ကြီးဇော်လင်းထွန်း+ဒေါ်မြတ်သန္တာကြွယ် မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၇၅၉၄။ | ကိုဝင်းကျော်စိုး+မတင်ဆွေလင်းမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၇၅၉၅။ | ဦးကျော်ဆွေ+ဒေါ်ရီရီအေးမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၇၅၉၆။ | နှစ်ဖက်မိဘများအားရည်စူးအမျှထား၍ ဗိုလ်မှူးကျော်စိုးမင်း(ငြိမ်း)+ဇနီးဒေါ်မြမြဆွေ (သမီး)မစိမ့်ယမုံဦးမိသားစုကောင်းမှု | ၁၀၀၀၀၀ |

| စဉ် | နဝကမ္မ အမည် | အလှူငွေ (ကျပ်) |
|---|---|---|
| ၇၅၉၇။ | ဗိုလ်မှူးကြီးအောင်ကိုသန်း(ငြိမ်း)နှင့်ဇနီး ဒေါ်ဌေးဌေးလွင်၊ (သမီး)Drလွင်မီမီကို၊ Drလွင်အိအိကိုမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၇၅၉၈။ | ဦးအေးဆောင်+ဒေါ်ငွေမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၇၅၉၉။ | လင်းယုန်လူငယ်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၇၆၀၀။ | ဒေါ်ခင်မေမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၇၆၀၁။ | ဒေါ်မြင့်မြင့်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၇၆၀၂။ | ဦးမြင့်သိန်းနှင့်ဇနီး ဒေါ်ညွှန့်ရှင်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၇၆၀၃။ | ဦးသန့်စင်နိုင်နှင့်ဇနီး ဒေါ်ဖူးငုံသဲ၊ (သမီး)မသက်သဒ္ဒါမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၇၆၀၄။ | ဦးမြစီ+ဒေါ်သန်းရီတို့အားရည်စူး၍ ဦးသိန်းအောင်+ဒေါ်ခင်ခင်ချစ် မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၇၆၀၅။ | ကွယ်လွန်သူနှစ်ဖက်သောအဘိုးအဘွား၊ အမိ၊ အဖ၊ (ညီမ)ဒေါ်သန်းရီ၊ ဦးမြင့်ဆွေ၊ (ဦးစိန်ဝင်း)၊ (ဦးသိန်းထွန်း)၊ (မောင်စိန်ဝင်းယု)တို့အားရည်စူး၍ ဦးစိန်သန်း+ဒေါ်အေးချစ်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၇၆၀၆။ | ကွယ်လွန်သူနှစ်ဖက်သောအဘိုးအဘွား၊အမိ၊ အဖ၊ (ညီမ)ဒေါ်သန်းရီ၊ ဦးမြင့်ဆွေ၊ (ဦးစိန်ဝင်း)၊ (ဦးသိန်းထွန်း)တို့အားရည်စူး၍ အလှူငွေ ဒေါ်သင်းသင်းနွယ်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၇၆၀၇။ | ဦးတေဇာအောင်+ဒေါ်ဥမ္မာကျော်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၇၆၀၈။ | ဦးဝင်းသန်း+ဒေါ်လှစန်းရီမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၇၆၀၉။ | ကွယ်လွန်သူ ဦးတင်အောင်အားရည်စူး၍ ဇနီးဒေါ်သန်းမြ၊ ဦးသူရိန်မင်းနှင့်ဇနီး ဒေါ်ရွှေသူအိမ်၊ (မြေး)မောင်စစ်မင်းထူးမိသားစုကောင်းမှု | ၉၀၀၀၀ |
| ၇၆၁၀။ | ကွယ်လွန်သူ ဦးမင်းအောင်၊ မြေး ဇွဲအောင်လင်း တို့အားရည်စူး၍ ဒေါ်စန်းမြင့်မိသားစုကောင်းမှု | ၈၀၀၀၀ |
| ၇၆၁၁။ | ဒေါ်စောလှမိသားစုကောင်းမှု | ၆၅၀၀၀ |
| ၇၆၁၂။ | ဦးခင်မောင်ချို့နှင့်ဇနီး ဒေါ်သီသီစိုးမိသားစုကောင်းမှု | ၆၅၀၀၀ |
| ၇၆၁၃။ | ဒေါက်တာမြင့်အောင်+ဒေါ်ဝင်းဝင်းမြင့် (သား)ဖြိုးဝင့်အောင်မိသားစုကောင်းမှု | ၆၀၀၀၀ |

| စဉ် | နဝကမ္မ အမည် | အလှူငွေ (ကျပ်) |
|---|---|---|
| ၇၆၁၄။ | ဦးဖေချစ်နှင့်ဇနီး ဒေါ်သီသီစိုးမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၇၆၁၅။ | ဦးအောင်သူဟိန်းနှင့်ဇနီး ဒေါ်သက်သက်ခိုင်၊ (သမီး)မသင်းသီရိအောင်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၇၆၁၆။ | ဒေါ်တင်တင်မြ၊ (သား)မောင်အေးမင်းစိုးနှင့်ဇနီး မနန်းရည်လွင်ဦး၊ (မြေး)မသင်းသီရိဖြိုး၊ မမြတ်သီရိစိုး မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၇၆၁၇။ | ဦးစိုးမြင့်နှင့်ဇနီး ဒေါ်စဝ်သီတာမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၇၆၁၈။ | ဦးအောင်မြိုင်နှင့်ဇနီး ဒေါ်ရင်ကြည်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၇၆၁၉။ | (ဦးခင်ဇော်)နှင့်ဇနီး ဒေါ်ခင်သန်းနွဲ့(ခ)ဒေါ်နီနီ မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၇၆၂၀။ | (ဦးဝင်းမြင့်)နှင့်ဇနီး ဒေါ်ခင်သန်းကြွယ်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၇၆၂၁။ | ဦးသိန်းထွန်းနှင့်ဇနီး ဒေါ်မြမြဝင်းမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၇၆၂၂။ | ဦးဆွေသက်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၇၆၂၃။ | ဦးသိန်းဇော်နှင့်ဇနီး ဒေါ်သင်းသင်းဝေ မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၇၆၂၄။ | ဦးဇော်မင်းထက်နှင့်ဇနီး ဒေါ်နွယ်နီလင်း၊ (သမီး)မစန္ဒီမင်းထိုက်၊ (သား)မောင်ဇာနည်မင်း မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၇၆၂၅။ | ကိုဇော်နိုင်နှင့်ဇနီး မလှလှစန်းမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၇၆၂၆။ | ဒေါ်မေရီမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၇၆၂၇။ | ဦးဝင်းမောင်နှင့်ဇနီး ဒေါ်ကြည်ကြည်ဝင်း၊ သား၊ သမီး၊ မြေးတစ်စုကောင်းမှု | ၅၀၀၀၀ |
| ၇၆၂၈။ | ကိုကျော်မြင့်နှင့်ဇနီး မကေသွယ်မိုးမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၇၆၂၉။ | ဒေါက်တာချိုသဇင်ဖူးမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၇၆၃၀။ | ဒေါ်စိန်လှမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၇၆၃၁။ | ဦးအေးကြည်+ဒေါ်ဖိုဖို (သား)မောင်ထွဋ်ကိုကို၊ မောင်သက်နိုင်စိုးမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၇၆၃၂။ | ဦးသန်းဝင်းမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၇၆၃၃။ | ဦးတင်အောင်မြင့်+ဒေါ်မေယုအောင်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၇၆၃၄။ | ဦးသန်းဌေး နှင့်ဇနီး ဒေါ်ဝေမီချစ်ဆွေ မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၇၆၃၅။ | ဦးဝင်းအောင်တင့်နှင့်ဇနီး ဒေါ်စန်းရီ မိသားစုကောင်းမှု | ၅၀၀၀၀ |

မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

**(က) ဦးအောင်စည်သူ(မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးဂေါပကအဖွဲ့ရုံး) ၀၉-၆၆၄၀၀၀၀၄၁၊ ၀၉-၄၄၄၆၆၆၁၀၆**

**(ခ) ဒေါ်အေးအေးကြည် ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၀၆**

**ပတ်စ်ပို့ပျောက်**

ကျွန်တော် မောင်ဟိန်းမင်းလတ်(ဘ)ဦးခင်ရွှေ[၇/ပတန(နိုင်)၁၁၀၇၂၂]၏ ပတ်စ်ပို့နံပါတ် M-769450 မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

Ph:09-950177149

**အမည်ပြောင်း**

စမ်းချောင်းမြို့နယ်၊ IIP School,(Year 6)တွင် ပညာသင်ကြားနေသော (ဘ)ဦးဝေဟင်မင်းထွန်း [၁၂/မဂတ(နိုင်)၀၈၅၄၇၉]၏သား မောင်မင်းသီဟထွန်းအား မောင်မင်းသစ်ထွန်းဟု ပြောင်းလဲခေါ်ဆိုပါရန်။

**ပျောက်ဆုံးကြောင်း**

မောင်ဇေယျာထွဋ် [၁၂/ဒလန(နိုင်)၀၈၃၉၉၇] ကိုင်ဆောင်သော ပတ်စ်ပို့နံပါတ် (MF-760450) ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

Ph-09-798663898

**အမည်ပြောင်း**

ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီမြို့နယ်၊ ရွှေဝတီကိုယ်ပိုင်အထက်တန်းကျောင်း G-2 တွင် ပညာသင်ကြားနေသော (ဘ)ဦးသိန်းသန်းထွန်း [၁၂/ပဇတ(နိုင်)၀၃၀၅၃၈]၏ သား မောင်ဘုန်းခန့်ညားအား မောင်ဂုဏ်ရှိန်ခန့်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

မောင်ဂုဏ်ရှိန်ခန့်

**ပျောက်ဆုံးကြောင်း**

ဦးဉာဏ်မျိုးညွန့် [၁၂/စခန(နိုင်)၀၀၈၇၀၇] ကိုင်ဆောင်သော ရေကြောင်းဦးစီးဌာနမှ အောင်စာရင်း(Result Sheet) ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

Ph:09-2050804

**ပျောက်ဆုံးကြောင်း**

မင်းဇော်ကိုကို[၁၂/ဒလန(နိုင်)၀၉၂၆၉၄] ကိုင်ဆောင်သော နိုင်ငံကူးလက်မှတ်အမှတ်(ME 031746)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

Ph:09-977731559

**ပျောက်ဆုံးကြောင်း**

မောင်နေလင်းထွန်း [၁၂/သဃက(နိုင်) ၁၈၈၀၉၆] ကိုင်ဆောင်သော ပတ်စ်ပို့နံပါတ်(မမှတ်မိ) ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

Ph-09-420002742

**စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန**
**ပြည်တွင်းအခွန်များဦးစီးဌာန**
**အောင်ဘာလေသိန်းဆုဌာနခွဲ**
**ကြေညာချက်**
**(ရက်စွဲ၊ ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာ လ ၃၀ ရက်)**

၁။ ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ (၁) ရက်နေ့တွင် ကျင်းပမည့် (၅၇) ကြိမ်မြောက် ကျပ် ၁၀၀၀ တန် အောင်ဘာလေသိန်းဆုထီဖွင့်ပွဲအတွက် ထီလက်မှတ်များကို **“ က ” အက္ခရာမှ အစဉ်လိုက် “ ဠ ” အက္ခရာအထိ** စုစုပေါင်း အက္ခရာ (၁၁) လုံးအပေါ်မှ ၇၅% ကို ခွဲဝေရောင်းချရာတွင် ထီစာအုပ် (၅၆၈၀၂၀) အုပ်အား ရောင်းချနိုင်ခဲ့ပါသည်။

၂။ ထီလက်မှတ်များရောင်းချရငွေမှာ ကျပ်သန်း (၅၆၈၀.၂၀၀) ဖြစ်သဖြင့် ၇၀% ခွဲဝေချီးမြှင့်ပေးမည့် ထီဆုငွေမှာ ကျပ်သန်း ( **၃၉၇၆.၁၄၀**) ဖြစ်ပါသည်။

၃။ အဆိုပါ ၇၀% ခွဲဝေချီးမြှင့်ပေးမည့် ထီဆုငွေများနှင့် ဘဏ္ဍာသိမ်းရငွေ ကျပ်သန်း (**၁၈၈.၆၁၀**) ကို ပြန်လည်ချီးမြှင့်ပေးမည့် ထီဆုငွေတို့မှ အောက်ဖော်ပြပါဆုမဲများ ချီးမြှင့်သွားမည်ဖြစ်ပါသည်-

| | | | | | |
|---|---|---|---|---|---|
| (က) | **အထူးဆုကြီး** | | | | |
| | (၁) | ကျပ်သိန်းငါးထောင် | = | (၁) | ဆု |
| | (၂) | ကျပ်သိန်းနှစ်ထောင် | = | (၁) | ဆု |
| | (၃) | ကျပ်သိန်းတစ်ထောင် | = | (၁) | ဆု |
| (ခ) | **ဆုတစ်ဆုချင်း** | | | | |
| | (၁) | ကျပ်သိန်းငါးရာ | = | ( ၄ ) | ဆု |
| | (၂) | ကျပ်သိန်းနှစ်ရာ | = | ( ၅ ) | ဆု |
| | (၃) | ကျပ်သိန်းတစ်ရာ | = | (၁၀) | ဆု |
| | (၄) | ကျပ်သိန်းငါးဆယ် | = | (၁၂) | ဆု |
| | (၅) | ကျပ်သိန်းနှစ်ဆယ် | = | (၁၆) | ဆု |
| | (၆) | ကျပ်တစ်ဆယ်သိန်း | = | (၁၅) | ဆု |
| (ဂ) | **ဝေဝေဆာဆာပဒေသာဆု** | | | | |
| | (၁) | ကျပ်သုံးသိန်း | = | ( ၃၀ ) | ဆု |
| | (၂) | ကျပ်နှစ်သိန်း | = | ( ၃၀၀ ) | ဆု |
| | (၃) | ကျပ်တစ်သိန်း | = | ( ၆၀၀၀) | ဆု |
| | (၄) | ကျပ်ငါးသောင်း | = | ( ၂၀၀၀၀) | ဆု |
| | (၅) | ကျပ်တစ်သောင်း | = | (၁၀၀၀၀၀) | ဆု |
| (ဃ) | **ဘဏ္ဍာသိမ်းရငွေ ကျပ်သန်း(၁၈၈.၆၁၀)မှ ချီးမြှင့်သည့်ဆု** | | | | |
| | (၁) | ကျပ် တစ်ဆယ်သိန်း | = | ( ၅ ) | ဆု |
| | (၂) | ကျပ် သုံးသိန်း | = | ( ၁၀ ) | ဆု |
| | (၃) | ကျပ် နှစ်သိန်း | = | ( ၄၀၀ ) | ဆု |
| | (၄) | ကျပ် တစ်သိန်း | = | (၁၀၀၀) | ဆု |

**၄။ (၅၇) ကြိမ်မြောက် ကျပ် ၁၀၀၀ တန် အောင်ဘာလေအွန်လိုင်းသိန်းဆုထီဖွင့်ပွဲကို ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ(၁) ရက်နေ့တွင် သီးခြားခွဲ၍ ဖွင့်လှစ်သွားမည်ဖြစ်ပါသည်။ ကျပ် ၁၀၀၀ တန် အောင်ဘာလေအွန်လိုင်းသိန်းဆုထီလက်မှတ်များကို (၂၉-၁၁-၂၀၂၃) ရက်နေ့ (၂၃း၅၉း၅၉) နာရီအချိန်အထိ ဆက်လက်ရောင်းချသွားမည်ဖြစ်ပြီး၊ အောင်ဘာလေအွန်လိုင်းသိန်းဆုထီလက်မှတ်များ၏ စုစုပေါင်းရောင်းရငွေအပေါ်မှ (၇၀) ရာခိုင်နှုန်းအား ဆုမဲအဖြစ် ပြန်လည်ခွဲဝေချီးမြှင့်သွားမည်ဖြစ်ပါသည်။**

၅။ (၅၇) ကြိမ်မြောက် ကျပ် ၁၀၀၀ တန် အောင်ဘာလေသိန်းဆုထီဖွင့်ပွဲကို (၁-၁၂-၂၀၂၃) ရက်နေ့ (သောကြာနေ့) ၊ နံနက်(၀၈:၀၀) နာရီအချိန်တွင်လည်းကောင်း၊ (၅၇) ကြိမ်မြောက် ကျပ် ၁၀၀၀ တန် အောင်ဘာလေအွန်လိုင်းသိန်းဆုထီဖွင့်ပွဲကို နံနက် (၁၀:၀၀) နာရီအချိန်တွင်လည်းကောင်း အမှတ်(၃၈၄)၊ မဟာဗန္ဓုလလမ်းနှင့် (၃၇)လမ်းထောင့်၊ ကျောက်တံတားမြို့နယ်ရှိ အောင်ဘာလေသိန်းဆုဌာနခွဲ၊ ထီဖွင့်ပွဲခန်းမ၌ ကျင်းပသွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**တရားဝင်ပိုင်ဆိုင်ကြောင်း ကြေညာခြင်း**

စမ်းချောင်းမြို့နယ်၊ (စမ်း/မြောက်)ရပ်ကွက်၊ စမ်းချောင်းလမ်း၊ အမှတ်(၇၀)ရှိ (၂)ခန်းတွဲ (၈)ထပ်တိုက်၏ (၅)လွှာ (ခြေရင်းခန်း)၊ (၁၆ပေx ၆၀ပေ)ခန့်ရှိ ရေမီး အစုံပါဝင်သည့် တိုက်ခန်းအား ဒေါ်ခင်နီနီအောင် [၁၀/မလမ(နိုင်)၀၇၇၂၇၀]၏ ခင်ပွန်းဖြစ်သူ ဦးကြည်ဦး [၁၂/စခန(နိုင်) ၀၀၅၇၄၄] မှ မြေရှင်အသိအမှတ်ပြု လက်မှတ်ရေးထိုးပြီး (၁၀-၆-၂၀၀၉)ရက်နေ့က တရားဝင် ဝယ်ယူပိုင်ဆိုင်ခဲ့ပါသည်။ ခင်ပွန်းဖြစ်သူ ဦးကြည်ဦးမှာ (၂၁-၇-၂၀၂၁)ရက်နေ့တွင် ကွယ်လွန်ခဲ့သဖြင့် မြန်မာ့ဗုဒ္ဓဘာသာ ဓလေ့ထုံးတမ်းဥပဒေအရ ကျွန်ုပ်၏မိတ်ဆွေ တစ်ဦးတည်းသာ တရားဝင် ပိုင်ဆိုင်ခွင့်ရရှိခဲ့ပြီးဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**ကမာရွတ်မြို့နယ်၊ (၃)ရပ်ကွက်၊ ဗဟို(ခိုင်ရွှေဝါ)လမ်း၊ အမှတ်(၃၀)ရှိ (၂)ခန်းတွဲ (၆)ထပ်တိုက်၏ (၄)လွှာ(ခေါင်းရင်းခန်း) (၁၂ ၁/၂ ပေx ၅၀ပေ) ခန့်ရှိ ရေ၊ မီး အစုံပါဝင်သည့်တိုက်ခန်းအား ဝယ်ယူရန် ကန့်ကွက်နိုင်ပါသည်**

အထက်ပါတိုက်ခန်းအား ပိုင်ဆိုင်မှုစာချုပ် အဆက်အစပ်များဖြင့် တရားဝင်ပိုင်ဆိုင်သူ ဒေါ်နန်းမြတ်ဝတ်ရည် [၁၃/တကန(နိုင်)၀၉၉၆၂၆] (ကစ) ဦးဇင်မင်းထွန်း [၉/မရမ(နိုင်)၀၈၂၂၀၁]ထံမှ ဦးစိုင်းအိုက်လှိုင်းပန် [၁၃/မဆတ(နိုင်)၀၅၂၃၃၆]က အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။ ပိုင်ရေးဆိုင်ခွင့်ရှိသူများအနေဖြင့် ကန့်ကွက်လိုပါက ခိုင်မာသောစာချုပ်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ယနေ့မှစ၍ (၇)ရက်အတွင်း လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**Japan- ဘုန်းမြင့် (ငါးသိုင်းချောင်း)(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၃၁၄၈/၃၁-၅-၁၉၈၅)အမှတ်(၂၂)၊ ဝါးခယ်မလမ်း၊ စမ်းချောင်းမြို့နယ်။**
**Ph:09-767772099,09-774597373,09-767779901**

မိဘမေတ္တာ
ဒဂုံမြို့သစ်ဆိပ်ကမ်း အငှားပိုင်း၊
တောင်ပိုင်း၊ မြောက်ပိုင်း
ရွှေပေါက်ကံမြို့နယ်ရှိ မြေကွက်များ
ဈေးကောင်းပေးဝယ်လိုသည်။
09 422 848 224

သွေးသည် အသက်

**ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း**

**ရန်ကုန်တိုင်းဒေသကြီး၊ အလုံမြို့နယ်၊ ဌာနာလမ်း၊ တိုက်အမှတ်- ၁၁ ဟုခေါ်တွင်သော ၃-ထပ်ခွဲတိုက်၏ မြေညီထပ် (ခေါင်းရင်းဘက်အခန်း)၊ အကျယ်အဝန်း (၁၂ပေခွဲx ၅၀ပေ)ရှိ** တိုက်ခန်းအဆောက်အဦနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့အား မြေပိုင်ရှင်အခန်းအဖြစ် တရားဝင်လက်ဝယ်ရှိ ပိုင်ဆိုင်ပြီး မည်သူ့ကိုမဆို လွတ်လပ်စွာဖြင့် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း တင်ပြဝန်ခံသူ ဒေါ်မြင့်မြင့်ဌေး [၁၂/စခန(နိုင်)၀၀၃၉၂၂]ထံမှ အဆိုပါတိုက်ခန်း၏ နေထိုင်ပိုင်ဆိုင်ခွင့်အရပ်ရပ်တို့ကို ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ အဆိုပါတိုက်ခန်းနှင့် နေထိုင်၊ ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား အရောင်းအဝယ်ပြုလုပ်သည့်ကိစ္စနှင့် စပ်လျဉ်း၍ ကန့်ကွက်ရန်အကြောင်းရှိပါက ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထားများနှင့်တကွ ကျွန်ုပ်ထံသို့ ဆက်သွယ်၍ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အဆိုပါအရောင်းအဝယ်ကိစ္စကို ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးဇော်ဝင်းထွန်း (LL.B, D.B.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၈၇၀၃)**
**ရုံးခန်း (၅)၊ ပထမထပ် Strand Condominium ၊ အမှတ် (၃၃/၄၉)၊**
**မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း- ၀၉-၄၅၀၀၃၉၂၁၀၊ ၀၉-၅၀၃၄၆၅၂**

**ကန့်ကွက်နိုင်ကြောင်းကြော်ငြာ**

ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၂၇)၊ မြေကွက်အမှတ် (၉၁)၊ ဧရိယာ(၀.၀၅၅)ဧက၊ မြေကွက်တည်နေရာအမှတ်(၁၀၅၀)၊ စံပယ်လမ်း၊ (၁၂)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်၊ ဦးဘသိန်း(AA -၀၀၁၂၆၈) အမည်ပေါက် ပါမစ်မြေအား ပါမစ်မြေ အမည်ပေါက် ဦးဘသိန်း(AA -၀၀၁၂၆၈)ထံမှ အရောင်းစာချုပ် အဆက်ဆက်ဖြင့် ဝယ်ယူထားသူ ဒေါ်အေးဝင်း(၁၀/ခဆန(နိုင်)၀၀၇၇၇၂)၊ ဒေါ်စန်းစန်းကြည် (၁၂/မရက(နိုင်) ၀၉၄၂၉၆)တို့မှ မြေနေရာချထားပေးခံရသူများ၏ မှီခိုသူများစာရင်း တင်ပြနိုင်ခြင်းမရှိဘဲ၊ မိသားစုဓာတ်ပုံ၊ ရွှေ့ပြောင်းမည့်သူများ၏ ရာဇဝင်အကျဉ်းချုပ်၊ အိမ်ရာဆောက်လုပ်နေထိုင်ခွင့်၊ နိုင်ငံသားစိစစ်ရေးကဒ်၊ မြေနေရာချထားပေးခံရသူများ၏ မှီခိုသူများစာရင်းမှာ မူလပိုင်ရှင်၏ လက်ဝယ်တွင်ပျောက်ဆုံးနေပါသဖြင့် မိမိတို့လက်ဝယ်မရရှိခဲ့သည်မှာ မှန်ကန်ပါကြောင်း၊ အထက်ပါမြေကွက်အား အခြားမည်သူတစ်ဦးတစ်ယောက်ကိုမျှ ပြန်လည်လွှဲပြောင်းရောင်းချထားခြင်း၊ ပေါင်နှံထားခြင်း၊ ပေးကမ်းထားခြင်း၊ စွန့်လွှတ်ထားခြင်း၊ လှူဒါန်းထားခြင်းမရှိကြောင်းနှင့် ပြဿနာတစ်စုံတစ်ရာပေါ်ပေါက်ပါက တာဝန်ယူမည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်၏ ကျမ်းကျိန်လွှာအမှတ်-၃၄၄၆/၂၀၂၃(၃၀-၆-၂၀၂၃)တို့ကိုတင်ပြ၍ ပါမစ်မူရင်းဖြင့် နှစ်(၆၀)မြေငှားစာချုပ်(ဂရန်) မြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)(ကိုယ်စား)
မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

**ကန့်ကွက်နိုင်ကြောင်းကြော်ငြာ**

ဒဂုံဆိပ်ကမ်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- ၅၈၊ မြေကွက်အမှတ်- ၉၄၇၊ ဧရိယာ(၀.၀၅၆)ဧက၊ မြေကွက်တည်နေ ရာအမှတ်(၉၄၇)၊ ဆရာဆောင်လမ်း၊ (၅၈)ရပ်ကွက်၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ ဦးလှကြူး [၁၂/သကတ(နိုင်)၀၀၅၅၃၄] အမည်ပေါက် နှစ်(၆၀) မြေငှားဂရန်မြေအား ဒဂုံမြို့သစ်ခရိုင်တရားရုံး၊ တရားမကြီးမှုအမှတ်-၄၉၅/၂၀၂၂ ဖြင့် (တရားလို) ဦးတင်မောင်မောင်ကျော်မှ တရားပြိုင် ဦးလှကြူး၊ ဒေါ်နှင်းနှင်းယုတို့အပေါ် ဧရိယာ (၄၁ပေx ၆၀ပေ)အနက်မှ တရားဝင်မခွဲစိတ်ရသေးသော (၂၁ပေx ၆၀ပေ)အား ပဋိညာဉ်အတိုင်း မြေနှင့်အိမ်မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုပေးစေလိုမှုဖြင့် တရားစွဲဆိုခဲ့ရာ (၁၀-၂-၂၀၂၃)ရက်နေ့တွင် ချမှတ်ခဲ့သည့် စီရင်ချက်နှင့်ဒီကရီ၊ တရားမဇာရီမှု အမှတ်- ၄၀/၂၀၂၃ ၏ (၂-၆-၂၀၂၃)ရက်နေ့စွဲပါ ထုံးပုံကျအပြီးသတ်အမိန့်၊ ဒဂုံမြို့သစ်ခရိုင်တရားရုံး၏ (၃-၇-၂၀၂၃)ရက်စွဲပါ စာအမှတ်- ၆၆၅/၅-၁/၂၀၂၃ ဖြင့် တရားရုံးကိုယ်စား မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုနိုင်ရန် ဘီလစ် ဒေါ်ခင်ရူပလှိုင် [၇/ရကန(နိုင်)၀၆၂၂၆၄]အား ခန့်အပ်ကြောင်း အကြောင်းကြားစာနှင့် နှစ်(၆၀) မြေငှားဂရန်တို့တင်ပြ၍ (တရားရှုံး) ဦးလှကြူး၊ ဒေါ်နှင်းနှင်းယုတို့ ကိုယ်စား ဘီလစ် ဒေါ်ခင်ရူပလှိုင် [၇/ရကန(နိုင်)၀၆၂၂၆၄]မှ တရားဝင် မခွဲစိတ်ရသေးသော ၂၁'x၆၀' အား အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

**ကန့်ကွက်နိုင်ကြောင်းကြော်ငြာ**

တာမွေမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- ၄ အေ (S-၉၂)၊ မြေကွက်အမှတ် (၃၃/၃၄)၊ (၀.၀၈၂)ဧက၊ မြေကွက်တည်နေရာ အမှတ် (၃၀)၊ ပုညဝတ္တနလမ်း၊ နတ်ချောင်းရပ်ကွက်၊ တာမွေမြို့နယ်၊ ဦးအောင်ဝင်း [၁၂/တမန(နိုင်)၀၂၀၀၅၈]၊ ဦးတင်ဦး [၁၂/တမန(နိုင်)၀၈၉၆၂၅]၊ ဒေါ်ဝင်းမာ [၁၂/တမန(နိုင်)၀၂၀၀၅၉]၊ ဦးဝမ်စိန် (ပိုင်အီး-၁၁၁၂၅၀)၊ ဒေါ်တင်အေးဆင့် [၁၂/တမန(နိုင်)၀၆၅၃၈၃] အမည်ပေါက် နှစ်(၆၀) ဂရန်မြေအား အမည်ပေါက် (၅)ဦးအနက် အမည်ပေါက် တစ်ဦးဖြစ်သူ ဦးဝမ်စိန် လူပျိုကြီးဘဝဖြင့် ကွယ်လွန်သဖြင့် ၎င်း၏အစုအား ကျန်မောင်နှမလည်းဖြစ်သူ အမည်ပေါက်လည်းဖြစ်သူ ဦးအောင်ဝင်း [၁၂/တမန (နိုင်)၀၂၀၀၅၈]၊ ဒေါ်ဝင်းမာ [၁၂/တမန(နိုင်)၀၂၀၀၅၉]၊ ဒေါ်တင်အေးဆင့် [၁၂/တမန(နိုင်)၀၆၅၃၈၃]တို့ ကိုယ်တိုင်နှင့် ဦးတင်ဦးထံမှ GP ၇၃၅၅/၂၀၂၁ (၁၂-၁၀-၂၁)ရသူ ဦးဖြိုးထွဋ်ဦး [၁၂/ရကန (နိုင်)၀၇၀၃၅၂]တို့မှ သေဆုံးမှုလက်မှတ်၊ ဂရန်မူရင်း၊ မိဘများတွင် မိမိတို့မောင်နှမ (၅)ဦးမှလွဲ၍ အခြားသော သားသမီး တစ်ဦးတစ်ယောက်မျှမရှိပါကြောင်း အမွေစားအမွေခံ ကိတ္တိမသားသမီးများလည်း မွေးစားထားခဲ့ခြင်း လုံးဝမရှိပါကြောင်း၊ ကွယ်လွန်သူ အမည်ပေါက် ဦးဝမ်စိန်၏ ပိုင်ဆိုင်ခွင့်အစုအား ညီမအရင်းများဖြစ်ကြသော ဒေါ်ဝင်းမာနှင့် ဒေါ်တင်အေးဆင့်တို့ (၂)ဦးတည်းကသာလျှင် တရားဝင်အမွေဆက်ခံပိုင်ဆိုင်ကြပါကြောင်းနှင့် ယင်းတို့ (၂)ဦးမှလွဲ၍ အခြားသောအမွေဆက်ခံခွင့်ရှိသူ တစ်ဦးတစ်ယောက်မျှ မရှိပါကြောင်း၊ ဦးမောင်ဝင်း၊ ဦးတင်ဦး၊ ဒေါ်ဝင်းမာ၊ ဒေါ်တင်အေးဆင့်တို့၏ ၆-၉-၂၀၂၃ ရက်စွဲပါ တရားရုံးကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ ၂ စောင်၊ အိမ်ထောင်စုလူဦးရေစာရင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ GP၊ ပါဝါပေးသူ သက်ရှိထင်ရှားရှိကြောင်းနှင့် ပါဝါမရုပ်သိမ်းသေးကြောင်း ၆-၉-၂၀၂၃ ရက်စွဲပါ တရားရုံးကျမ်းကျိန်လွှာတို့ကိုတင်ပြ၍ ပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ရန် လျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည် ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## "ကန့်ကွက်နိုင်ပါသည် "

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ နံ့သာကုန်းရပ်ကွက်၊ နံ့သာမြိုင်လမ်း၊ အမှတ်(၁၀၀၉)၊ အကျယ်အဝန်း (၃၈ x ၃၈) ပေ၊ အိမ်ခြံမြေကွက်အပါအဝင် ရေ၊ မီးအစုံနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား အမွေဆက်ခံပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသူများဖြစ်ကြသော ဦးစိန်ရွှေ [၇/ညလပ(နိုင်)၀၈၅၆၃၈]၊ ဦးဌေးဇင် [၁၂/အစန(နိုင်)၀၂၉၅၇၈]၊ ဦးအောင်သူရ [၁၂/အစန(နိုင်)၁၈၂၈၁၁]တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးရဲဝင်း [၁၄/အဂပ(နိုင်)၀၈၈၇၇၄] က ဝယ်ယူရန်အတွက် စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။ အထက်ပါ အိမ်ခြံမြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၅)ရက်အတွင်း ခိုင်လုံသည့် စာရွက်စာတမ်းမူရင်း၊ စာချုပ်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အိမ်ခြံ မြေကွက်အပြီးအပိုင်အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်စန်းစန်းအောင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၁၀၈၁၂)**
**ရုံးအမှတ် (၆၂)၊ ပထမထပ်၊ အခန်းအမှတ် (၁)၊ ပန်းဆိုးတန်းလမ်းနှင့်ကုန်သည်လမ်းထောင့်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**

## အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ (၇)ရပ်ကွက်၊ ဗိုလ်ရာညွှန့်လမ်း၊ အမှတ်(၁၆၃/ခ)၊ ဦးလှကြည် အမည်ပေါက်ဖြစ်သော မြေ (၂၀ပေ x ၆၀ပေ)မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို စာချုပ်အဆက်ဆက်ဖြင့် ပိုင်ဆိုင်ပြီး တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဒေါ်ဇင်မာဝင်း [၁၀/မဒန(နိုင်)၁၅၆၅၁၀]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူမှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်ရက်မှ (၁၄)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက် ကျော်လွန်ပြီးနောက် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန်အသိပေး ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်လှိုင်ဇာလင်း၊ အထက်တန်းရှေ့နေ (စဉ်–၅၃၅၃၉)**
**အမှတ်(၁၁၁/က)၊ မြစ်ကြီးနားလမ်း၊ (၆/၁၁)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း–09–250431413, 09–676085610**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၈)၊ မြေကွက်အမှတ်(၃၆)၊ ပေ၄၀x ပေ၆၀၊ ဧရိယာ(၀.၀၅၅ဧက) အကျယ်အဝန်းရှိသော ဦးစိုင်းခမ်းဆိုင် အမည်ပေါက် မြေကွက်ပေါ်ရှိ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၁၈)ရပ်ကွက်၊ ပုလဲကျွန်းလမ်း၊ မြေကွက်အမှတ် (၃၆)ဟုခေါ်တွင်သော ဂရန်မြေ အမျိုးအစား မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ရေ၊ မီးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို တရားဝင်မှတ်ပုံတင် အရောင်းအဝယ် စာချုပ်ကြီးဖြင့် တရားဝင်ဝယ်ယူလက်ရှိထားပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသူဟု အဆိုပြုသူ ဒေါ်သူသူအေး [၁၂/ တမန(နိုင်) ၀၉၇၁၉၄] ထံမှ အပြီးအပိုင်ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေမှ စရန်ငွေတချို့တစ်ဝက်ပေးချေပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း တရားဝင်ခိုင်လုံသော အထောက်အထား စာချုပ်စာတမ်း မူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို ပြီးမြောက်အောင်ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ချက်အရ**
**ဒေါ်တင်စုဝေ(စဉ်–၁၀၈၂၈) (LL.B,D.B.L,M.B.L,D.M.L) တရားလွှတ်တော်ရှေ့နေ**
**အမှတ်– ၄၅၇၊ ရာဇာဓိရာဇ်(၂၂)လမ်း၊ (၇)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း–၀၉–၄၃၀၈၂၀၀၃၊ ၀၉–၉၆၁၀၁၉၃၀၁**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်–၆၃/စက်မှုဇုန်၊ ချောင်းသာလမ်း၊ မြေကွက်အမှတ်–၁၀၁၅၊ ဧရိယာ(၀.၀၆၂)ဧကရှိ နှစ်(၆၀) မြေငှားဂရန်မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိအဆောက်အဦအပါအဝင် အကျိုးခံစားခွင်အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်ပိုင်ဆိုင်ပြီးရောင်းချခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးတင့်လွင် [၇/ပခန(နိုင်)၁၄၀၆၁၉]ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇) ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်း၊ စာချုပ်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက် ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်မျိုးမမခင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ် – ၁၄၀၂၄)**
**အမှတ်(၄၄)၊ အောင်သီရိလမ်း၊ (၁၄၀) ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်။**
**Ph:09–975643348, 09–443043490**

## "ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၉)ရပ်ကွက်၊ ရန်ကုန်အင်းစိန်လမ်းမကြီး၊ တိုက်အမှတ်(၁၅၈/စီ)၊ ဝဲဘက်၊ ပထမထပ်၊ အကျယ်အဝန်း အလျားပေ ၂၈ x အနံပေ ၄၀ ရှိ တိုက်ခန်းတစ်ခန်းနှင့် ၎င်းတိုက်ခန်းနှင့်သက်ဆိုင်သော အကျိုးခံစားခွင့်များအားလုံးကို တရားဝင်လက်ဝယ်ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူများဟု ဝန်ခံကတိပြုသူ ဦးစောဆွေ [၁၀/ဘလန(နိုင်)၀၅၇၂၂၇]နှင့် ဒေါ်ချောစုမိုး (ဦးစောဆွေ၏ဇနီး) [၁၀/ခဆန(နိုင်)၀၃၆၈၆၉]တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သော ဦးနီအွေး [၄/ထတလ(နိုင်)၀၀၃၂၄၀]က အပြီးအပြတ် ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ အဆိုပါအရောင်းအဝယ်ကိစ္စနှင့် ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာစာပါသည့်နေ့မှစ၍ (၇) ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်း (မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးအောင် ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်သည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးအုပ်လင်း (LL.B, LL.M,MRes PhD)**
**အထက်တန်းရှေ့နေ(စဉ် – ၄၃၄၂၃)**
**တိုက်အမှတ် (၄၅)၊ ၅–လွှာ(ဘီ)၊ (၅၁)လမ်း၊ (၆)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း–၀၉–၇၆၄၆၇၀၂၃၉**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

တာမွေမြို့နယ်၊ နတ်ချောင်းရပ်ကွက်၊ ကျိုက္ကဆံလမ်းနှင့်မြန်မာသီရိလက်ာရာမကျောင်းလမ်းထောင့်ရှိ မြေတိုင်းရပ်ကွက်အမှတ်(၃၄FG)၊ မြေကွက်အမှတ်–(၁)နှင့်(၂)ပေါ်တွင် လက်ရှိဆောက်လုပ်နေသည့် (၆)ခန်းတွဲ (8½)ထပ် ကွန်ဒိုတိုက် အဆောက်အအုံမှာမြေရှင်များနှင့် Yangon Lucky Construction Co.,Ltd တို့(၂၄.၅.၂၀၁၄)၊ (၂၅.၅.၂၀၁၇)ရက်နေ့များတွင် ချုပ်ဆိုခဲ့သောစာချုပ်များအရ မြေရှင်များကရရှိသည့် ကွန်ဒိုတိုက်ခန်းများထဲမှ စတုတ္ထထပ်ရှိ Unit-F၊ (၁၃၉၅)စတုရန်းပေကွန်ဒိုတိုက်ခန်းကို မြေရှင်များထဲမှတစ်ဦးဖြစ်သူ ဒေါ်စန္ဒာရွှေ(၁၂/ မရက(နိုင်)၁၀၆၂၇၅)က အကျိုးခံစားခွင့်ရှိပြီး၊ လွှဲပြောင်းရောင်းချခွင့်ရှိသည်ဟုဝန်ခံကတိပြုရောင်းချသဖြင့် ကျွန်ုပ်၏ မိတ်ဆွေများဖြစ်သော ဦးတင့်ဆွေ(၁၂/ သဃက(နိုင်)၂၁၈၄၆၃) နှင့် ဒေါ်ရီမာထွန်း (၉/ ခအဇ(နိုင်) ၀၁၀၁၁၈)တို့ကအပြီးအပိုင်ဝယ်ယူရန်အတွက်စရန်ငွေပေးချေထားပါသည်။

